ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွနေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၈၀ ပြည့်နှစ် ဒုတိယဝါဆိုလပြည့်၊ သောကြာနေ့။ Friday 27 July 2018 ၉၃၆၀

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## ကရင်ပြည်နယ်ရှိ ရေဘေးရှောင်ပြည်သူများအား စားနပ်ရိက္ခာ၊ ထောက်ပံ့ပစ္စည်းနှင့် အလှူငွေများ ပေးအပ်

နေပြည်တော် ဇူလိုင် ၂၆

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့ရှိ ရေဘေးကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ပြီး ရေဘေးရှောင်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားကာ စားနပ်ရိက္ခာ၊ ထောက်ပံ့ပစ္စည်းနှင့် အလှူငွေများ ပေးအပ်သည်။**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ ဦးကျော်လင်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြန်မာအမျိုးသား လေကြောင်းလိုင်းဖြင့် နေပြည်တော်မှထွက်ခွာရာ နံနက် ၈ နာရီခွဲတွင် မွန်ပြည်နယ် မော်လမြိုင်လေဆိပ်သို့ ရောက်ရှိကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ မော်တော်ယာဉ်များဖြင့် မော်လမြိုင်မြို့မှ ဆက်လက်ထွက်ခွာရာ ကရင်ပြည်နယ် ဘားအံမြို့သို့ ရောက်ရှိကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဖွဲ့ဝင်များနှင့်အတူ ရေဘေးကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားသည့် ဘားအံမြို့ ရွှေယဉ်မျှော်စေတီသို့ ရောက်ရှိကာ စေတီတော် ဂန္ဓကုဋီတိုက်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးတို့ကို ကပ်လှူပူဇော်ဖူးမြော်ကြည်ညိုပြီး ဂေါပကအဖွဲ့ထံ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကရင်ပြည်နယ် မိုးလုံလေလုံအားကစားရုံရှိ ရေဘေးကယ်ဆယ်ရေးစခန်းမှ ရေဘေးရှောင်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပ
စာမျက်နှာ - ၆

စက်မှုဝန်ကြီးဌာနက လူနာတင်ယာဉ် ၅၅ စီးကို ပထမဦးဆုံးအကြိမ် တပ်ဆင်ထုတ်လုပ်
စာမျက်နှာ - ၉

Yangon School Bus ပြေးဆွဲမှု Application စနစ်ဖြင့် စတင်စမ်းသပ်ပြေးဆွဲ
စာမျက်နှာ - ၁၁

အမေရိကန်-ရုရှားနှစ်နိုင်ငံ ထိပ်သီးအစည်းအဝေးပွဲကို ၂၀၁၉ ခုနှစ်သို့ ရွှေ့ဆိုင်း
စာမျက်နှာ - ၁၂

KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by World Finance
Awarded by Euromoney
Awarded by The FinanceAsia

# ကြေးမုံ

## ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ ကုသိုလ်ကောင်းမှု ပွားများရယူ

ယနေ့သည် ခရစ်နှစ် ၂၀၁၈ ခုနှစ် ဇူလိုင်လ ၂၇ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ် ဒုတိယဝါဆိုလပြည့်နေ့ဖြစ်သည်။ မြန်မာတို့၏ ဆယ့်နှစ်လရာသီတွင် စတုတ္ထမြောက်လဖြစ်ပြီး ဗုဒ္ဓဘာသာအစဉ်အလာ ထုံးစံအရ ဝါတွင်းကာလကျရောက်ပြီဟု ဆိုရမည်။ ထိုကာလမှစ၍ ဝါတွင်းသုံးလတွင် ရဟန်းတော်များအနေဖြင့် သီတင်းသုံးရာ ကျောင်းတိုက်၌ နေထိုင်ပါမည်ဟု အဆိုပြုသောလဖြစ်၍ ဝါဆိုလဟု ခေါ်ဆိုကြသည်။

ဝါဆိုလသည် မြန်မာနိုင်ငံ၏ နွေရာသီနှင့် မုတ်သုံရာသီကာလ အပိုင်းအခြားဖြစ်ပြီး ခရစ်နှစ်အားဖြင့် ဇွန်လနှင့် ဇူလိုင်လအတွင်း ကျရောက်သည်။ "ဝါ" ဟူသည် နေထိုင်ခြင်း၊ "ဆို"ဟူသည် ရွတ်ဆိုခြင်းဟု အနက်ဖွင့်ဆိုကြသည်။ ဝါဆိုလ၏ ယေဘုယျ နေထွက်ချိန်မှာ နံနက် ၄ နာရီ ၄၈ မိနစ်ဖြစ်ပြီး နေဝင်ချိန်မှာ ညနေ ၇ နာရီ ၁၂ မိနစ်ဖြစ်သောကြောင့် ၁၂ လရာသီတွင် ဝါဆိုလသည် နေ့တာအရှည်ဆုံးလဖြစ်သည်။

ဝါဆိုလသည် မြန်မာတို့အတွက် အထွတ်အမြတ်ထားသည့် လဖြစ်သလို ယနေ့ ဒုတိယဝါဆိုလပြည့်နေ့သည် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများအနေဖြင့် ပိုမို၍ ဂရုဓမ္မပြု အလေးအမြတ်ထားသော နေ့တစ်နေ့ဖြစ်သည်။ အဘယ်ကြောင့်ဟူမူ ဝါဆိုလပြည့်နေ့တွင် ဘုရားအလောင်းတော်သည် တုသိတာနတ်ပြည်မှ စုတေကာ လူ့ပြည်၌ ပဋိသန္ဓေတည်သည့်နေ့၊ သိဒ္ဓတ္ထမင်းသား နိမိတ်ကြီးလေးပါးကိုမြင်၍ တောထွက်တော်မူသောနေ့၊ ဘုရားဖြစ်တော်မူပြီး ဓမ္မစကြာတရားဦးကို ဟောကြားတော်မူသောနေ့၊ သာဝတ္ထိပြည် သရက်ဖြူပင်ခြေရင်း၌ တိတ္ထိတို့ကို နှိမ်နင်း၍ တန်ခိုးပြာဋိဟာ ပြတော်မူသောနေ့၊ ထိုသို့သော ထူးခြားသည့် ဂုဏ်အင်လေးပါးနှင့်ပြည့်စုံသောနေ့တစ်နေ့ဖြစ်သောကြောင့် နေ့တကာနေ့တွင် အမြတ်ဆုံးနေ့ဟု ဆိုထိုက်ပေသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာရဟန်းသံဃာများအနေဖြင့် ဝါဆိုလတွင် ဝါဆိုဝါကပ်တော်မူကြပြီး ဗုဒ္ဓဘာသာဝင် မြန်မာပြည်သူများအနေဖြင့် ဤဝါဆိုလပြည့်နေ့တွင် ကျောင်းကန်ဘုရားများသို့ သွားရောက်၍ ဝါဆိုပန်းများ ကပ်လှူခြင်း၊ သံဃာတော်များအား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းခြင်း၊ ဓမ္မစကြာတရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်းအားဖြင့် ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ကို ဆင်နွှဲပြုလုပ်သည့် ကောင်းမှုအစုစုတို့ကို ပြုလုပ်ကြသည်။

ဤဝါဆိုလပြည့်နေ့၏ ထူးခြားသည့်အမှတ်လက္ခဏာဖြစ်သည့် နိုင်ငံတစ်ဝန်းရှိ စေတီ၊ ဘုရား၊ ကျောင်းကန်များတွင် ဓမ္မစကြာအခါတော်နေ့ကို စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပကြသည်မှာ နိုင်ငံသူနိုင်ငံသားများ၏ ကောင်းသောအမှု၊ မြတ်သောမင်္ဂလာအမှုပြုလုပ်ခြင်းဖြစ်၍ မြန်မာပြည်တစ်ဝန်း ကျက်သရေမင်္ဂလာအပေါင်းနှင့် ခညောင်းပြည့်စုံသော နေ့တစ်နေ့ဟု ခေါ်ဆိုထိုက်ပေသည်။ ထိုသို့ ကောင်းခြင်းမင်္ဂလာအဖုံဖုံတို့ကြောင့် မြန်မာပြည်တစ်ဝန်းကိုလည်း လွှမ်းခြုံကာ အေးချမ်းသာယာမှု အပေါင်းနှင့်ပြည့်စုံအောင် ဆက်လက်ဆောင်ကြဉ်းပေးကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာပြည်တစ်ဝန်းအတွက် ဤနေ့ဤရက်သည် ကောင်းမှုအဖြာဖြာတို့ကို ဖြည့်ဆည်းအပ်သည့် "ဓမ္မစကြာအခါတော်နေ့" ဖြစ်သည်နှင့်အညီ "ဓမ္မ" ကောင်းမြတ်သောတရားများ "စကြာ" ဝန်းကျင်တစ်ခွင်တွင် မွတ်မွတ်လည်ပတ်သကဲ့သို့ မြန်မာနိုင်ငံအတွင်းမှ ပြည်သူပြည်သားအပေါင်းတို့အနေဖြင့် ဘေးဥပဒ်အန္တရာယ်များ ကင်းဝေးပြီး အေးချမ်းသာယာခြင်းတို့ ခြုံလွှမ်းစေရန်အတွက် ကောင်းမြတ်သည့် ကုသိုလ်အပေါင်းတို့အား ကိုယ်စီ ပွားများ အားထုတ်နိုင်ကြပါစေကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင်အစည်းအဝေး ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၆**

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင် အစည်းအဝေးကို ယမန်နေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်း အမှတ် (၂၂၈) ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ဗဟိုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး ဖောင်ဒေးရှင်း ရည်ရွယ်ချက်၊ အနာဂတ်ရည်မှန်းချက်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆောင်ရွက်ချက်များကို တင်ပြဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## ရက္ခပူရသာသနာလင်္ကာရအသင်း၏ သာမဏေကျော် နွေရာသီစာဝါသင်တန်းအောင်ပွဲ ကျင်းပ

**စစ်တွေ ဇူလိုင် ၂၆**

ရက္ခပူရသာသနာလင်္ကာရအသင်း၏ သာမဏေကျော် နွေရာသီစာဝါသင်တန်း အောင်ပွဲအခမ်းအနားကို ဇူလိုင် ၂၂ ရက် နံနက် ၈ နာရီခွဲတွင် စစ်တွေမြို့ရှိ ဓမ္မစရိယတက္ကသိုလ်၌ ကျင်းပသည်။

အခမ်းအနားတွင် မဟာဝိဟာရ ဓမ္မဝိနယတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် ဒေါက်တာနန္ဒသေနာလင်္ကာရထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ယင်းနောက် မဟာဝိဟာရဆရာတော် (မော်ဘီ) ဘဒ္ဒန္တဝိဇ္ဇာနန္ဒထံမှ နွေရာသီစာဝါသင်တန်းဆိုင်ရာ ဩဝါဒခံယူကြပြီး ရက္ခပူရသာသနာလင်္ကာရအသင်းဥက္ကဋ္ဌ ဦးမြင့်ဦးက နွေရာသီစာဝါ သင်တန်းဆိုင်ရာကိစ္စရပ်များကို လျှောက်ထားသည်။

ထို့နောက် စာအောင်ထူးချွန် သံဃာတော်များအား ဆုဆက်ကပ်လှူဒါန်းပြီး ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်ခဲ့ကြောင်း သိရသည်။

ယခုနှစ် သာမဏေကျော် နွေရာသီစာဝါသင်တန်းသို့ သာမဏေကျော် တတိယအဆင့် နှစ်ပါး၊ ဒုတိယအဆင့်ငါးပါး၊ ပထမအဆင့် ၂၁ ပါး၊ ဥပစာတန်း ၁၉ ပါး၊ မူလတန်း ၃၆ ပါး၊ မူလတန်းကြို အပါး ၃၀ရှိပြီး စုစုပေါင်း ၁၁၃ ပါး တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

**ကိုကြီးစော**



**မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် တောင်ဘကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲအား အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၆ ရက်က အဆိုပါကျောင်းဝင်းအတွင်း ကျင်းပစဉ်။**

ရဲဝင်းနိုင် (ညောင်ဦး)

## မင်းဘူး၌ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**မင်းဘူး ဇူလိုင် ၂၆**

မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကို ဇူလိုင် ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် ပိုက်သင်ကျေးရွာဓမ္မာရုံ၌ ကျင်းပခဲ့သည်။

### ပူးပေါင်းပါဝင်ဆွေးနွေး

စကားဝိုင်းတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်စွမ်းရည်က ကျေးလက်နေပြည်သူများက မိမိတို့ကျေးရွာ လိုအပ်ချက်များ၊ အခက်အခဲများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးသွားကြရန်နှင့် ရပ်ရွာပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ ကျေးရွာဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ စကားဝိုင်းတွင် ဆွေးနွေးသည့်အခါ အပြုသဘောဆောင်သည့် ဆွေးနွေးချက်များကို ပူးပေါင်းပါဝင်ဆွေးနွေးကြရန် ပြောကြားသည်။

### သိလိုသည်များမေးမြန်း

ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စွမ်းရည်၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဖုန်းလင်းနှင့် တာဝန်ရှိသူများက တောင်သူများကြုံတွေ့ရသည့် အခက်အခဲများအနက် ရာသီဥတုပြောင်းလဲမှုကြောင့် သီးနှံပျက်စီး ဆုံးရှုံးမှုများဖြစ်ပေါ်နေမှုပြဿနာများ၊ ကျေးရွာတွင်း လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ၊ ပညာရေးကဏ္ဍများ၊ ဆည်ငယ်၊ ကန်ငယ်ဖော်ဆောင်နိုင်ရေးလုပ်ငန်းများ၊ လယ်ယာမြေနှင့် ပတ်သက်သည့် အကြောင်းအရာများကို အသီးသီးဆွေးနွေးပြောကြားခဲ့ကြရာ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စွမ်းရည်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာ ၁၇ ရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ အသီးသီးတက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မျိုးမြတ်(မင်းဘူး)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇူလိုင် ၂၆**

ရန်ကုန်(ရွှေဈေး) ၉၄၈၅၀၀ - ၉၄၈၅၀၀ မန္တလေး(ရွှေဈေး) ၉၄၈၅၀၀ - ၉၄၈၅၀၀

**စက်သုံးဆီဈေးနှုန်း**

| | | | ရန်ကုန် | မန္တလေး |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၁၀/၉၃၀ ကျပ်၊ | ၉၄၅/၉၅၅ ကျပ် |
| (ခ) | အောက်တိန်း ၉၅ | တစ်လီတာ | ၉၂၀/၉၅၀ ကျပ်၊ | ၉၉၅/၁၀၀၅ ကျပ် |
| (ဂ) | အောက်တိန်း ၉၂ | တစ်လီတာ | ၈၇၅/၉၀၀ ကျပ်၊ | ၉၃၅/၉၅၀ ကျပ် |
| (ဃ) | အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၂၀/၉၄၀ ကျပ်၊ | ၉၅၅/၉၆၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၇၅/၈၈၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၈၅/၈၉၅ ကျပ်၊အောက်တိန်း ၉၂ တစ်လီတာ ၈၁၀/၈၁၈ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၂၇.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၇၅.၁ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၀.၇၉ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၃.၀၂၁ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၅၂.၃၉ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀.၇၆၂ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၈၇.၇ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၇.၅၉ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၆၄.၅ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၅၀.၅ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**ခေတ္တစာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957 ၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၀၃၀၊ ဖက်စ် ၀၆၇-၃၆၁၀၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၀၄၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရွှေယဥ်မျှော်စေတီတော်ရှိ ရေဘေးကယ်ဆယ်ရေးစခန်းမှ ရေဘေးရှောင်ပြည်သူများအတွက် စားနပ်ရိက္ခာများ ထောက်ပံ့ပေးအပ်စဥ်။

*** ရှေ့ဖုံးမှ**

ထို့နောက် ရွှေယဥ်မျှော်စေတီတော်၌ လာရောက်ခိုလှုံလျက်ရှိသည့် ရေဘေးရှောင်ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေး စကားပြောကြားပြီး ဆန်၊ ဆီ၊ ဆေးဝါး၊ စားသောက်ကုန်၊ အဝတ်အထည်နှင့် ထောက်ပံ့ငွေများကို ပေးအပ်သည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ရွှေယဥ်မျှော်စေတီတော်ရင်ပြင်ရှုရပ်မှနေ၍ သံလွင်မြစ်ရေ မြင့်တက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် မိုးကယ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ တေဇိန္ဒအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဘားအံမြို့ အမှတ်(၃) ရပ်ကွက်ရှိ Cyclone Shelter သို့ ရောက်ရှိပြီး ရေဘေးရှောင်ပြည်သူများနှင့် တွေ့ဆုံကာ အသက်မွေးဝမ်းကျောင်း လုပ်ကိုင်စားသောက်နေမှုအခြေအနေ၊ ဥပဒေလေးစားလိုက်နာရေး၊ ဥပဒေဘောင်အတွင်းမှ လုပ်ကိုင်နေထိုင်စားသောက်ရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးပြောကြားပြီး ရေဘေးရှောင်ပြည်သူများအတွက် စားနပ်ရိက္ခာ၊ ထောက်ပံ့ပစ္စည်းများနှင့် အလှူငွေများကို တာဝန်ရှိသူများထံ ပေးအပ်သည်။

**ထောက်ပံ့ငွေများပေးအပ်**

ယင်းနောက် ရေဘေးကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားသည့် ပြည်နယ်မိုးလုံလေလုံအားကစားရုံသို့ ရောက်ရှိကြပြီး ရေဘေးရှောင်ပြည်သူများ၏ နေထိုင်စားသောက်မှု၊ ကျန်းမာရေးနှင့် ကူညီကယ်ဆယ်ထောက်ပံ့ပေးနေမှု အခြေအနေတို့ကို မေးမြန်းပြီး ဆန်၊ ဆီ၊ ဆေးဝါး၊ စားသောက်ကုန်၊ အဝတ်အထည်နှင့် ထောက်ပံ့ငွေများကို ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် အပါအဝင် ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး ယခုကာလသည် ရာသီဥတုပြောင်းလဲမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိပါကြောင်း၊ ယခင်က ဖြစ်လေ့ဖြစ်ထမရှိခဲ့သော်လည်း ယခုအခါ ယခင်ကမဖြစ်ဖူးသည့် ပြောင်းလဲမှုများ ဖြစ်ပေါ်လျက်ရှိပါကြောင်း၊ ယင်းပြောင်းလဲမှုများမှာ ပုံမှန်သဘော ဖြစ်လာမည်ဖြစ်ပါကြောင်း၊ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ရခြင်း အကြောင်းအရင်းများကို ဖော်ထုတ်ဖြေရှင်းဆောင်ရွက်ရာတွင် ပြည်ထောင်စုနှင့်ပြည်နယ် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန် ဖြစ်ပါကြောင်း၊ မြစ်ကြောင်း တိမ်ကောမှုများကြောင့် ရေလျှံရသည်ဆိုလျှင်လည်း မြစ်ကြောင်းတူးဖော်ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ရေကြီးရေလျှံမှုကြောင့် တံတားများကျိုးပျက်ခြင်းများ ကြုံတွေ့ရသဖြင့် အများပြည်သူသွားလာရေး၊ သယ်ယူပို့ဆောင်ရေး အခက်အခဲမဖြစ်စေရေး အမြန်ဆုံးပြုပြင်တည်ဆောက်ရန် လိုအပ်ပါကြောင်း၊ ရေဘေးရှောင်ပြည်သူများကို မေးမြန်းသိရှိရသည့် အချက်များအရ ကယ်ဆယ်ရေးစခန်းများတွင်ရောက်ရှိနေချိန် ကျန်းမာရေးအသိပညာပေးရေး၊ အာဟာရပြည့်ဝစေရေး၊ အသက်မွေးဝမ်းကျောင်း လုပ်ကိုင်နိုင်မည့် စွမ်းရည်မြှင့်သင်တန်းများ သင်ကြားပေးရေး၊ မြို့တွင်း၌ ရေလျှံမှုများ မဖြစ်စေရေးအတွက် ရေမြောင်းများ ပိတ်ဆို့မှုမဖြစ်စေရန်နှင့် ပြည်သူများ စည်းကမ်းတကျ အမှိုက်စွန့်ပစ်စေရေး စည်းကမ်းချမှတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

**လမ်းညွှန်မှာကြား**

ထို့ပြင် ကရင်ပြည်နယ်၏ သဘာဝအားသာချက်များကို စီးပွားရေးအခွင့်အလမ်းများအဖြစ် ပြောင်းလဲနိုင်ရေး၊ စိုက်ပျိုးရေးထွက်ကုန် အခြေခံကုန်ထုတ်စက်မှုလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်ရေး၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ ပိုမိုသင်ကြားနိုင်ရေးအတွက် အခြေခံအဆောက်အအုံများ ဖြည့်တင်းတည်ဆောက်ရေးကိစ္စရပ်များတွင် ပြည်ထောင်စုအစိုးရနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန် လမ်းညွှန်မှာကြားသည်။

ယင်းနောက် ဘားအံမြို့မှ မော်တော်ယာဥ်များဖြင့် ပြန်လည်ထွက်ခွာလာရာ မွန်ပြည်နယ် မော်လမြိုင်လေဆိပ်သို့ ရောက်ရှိကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မော်လမြိုင်လေဆိပ် ခေတ္တနားနေဆောင်၌ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ရန်ပုံငွေမှ မွန်ပြည်နယ်

**စာမျက်နှာ ၄ သို့ ○**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဘားအံမြို့ အမှတ်(၃)ရပ်ကွက် Cyclone Shelter ရှိ ရေဘေးရှောင်ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစဥ်။**

# စိုက်ပျိုးရေးဦးစီးဌာနခွဲများ၏ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာများ ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၆**

မျိုးစေ့ဆိုင်ရာ ထောက်ခံချက်လက်မှတ်များထုတ်ပေးရာတွင် သတ်မှတ်ထားသော စည်းမျဥ်းစည်းကမ်း စံနှုန်းများနှင့် ညီညွတ်ပါက နှောင့်နှေးကြန့်ကြာမှုမရှိဘဲ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်ပေးရန်နှင့် ဓာတ်ခွဲခန်းအားလုံး တူညီသောနည်းစနစ်ကိုသာ အသုံးပြုစစ်ဆေးရန်လိုအပ်ကြောင်း ဇူလိုင် ၂၅ ရက်က နေပြည်တော် ရုံးအမှတ် ၄၃ တွင်ကျင်းပသော မျိုးစေ့ဌာနခွဲနှင့် ဥယျာဥ်ခြံ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝဌာနခွဲတို့ ပူးပေါင်း၍ ခြံများ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမသုံးလပတ်လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာများ ညှိနှိုင်းဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ဆွေးနွေးပြောကြားသည်။

ဆွေးနွေးပွဲသို့ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ စိုက်ပျိုးရေးဦးစီးဌာနခွဲများမှ ခြံတာဝန်ခံများ တက်ရောက်ဆွေးနွေးကြသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်က မျိုးစေ့ထုတ်လုပ်နေသော ဌာနခွဲများအနေဖြင့် စပါးတစ်မျိုးတည်းကို အဓိကမထားဘဲ အခြားသီးနှံ ပဲမျိုးစုံ၊ ဆီထွက်သီးနှံများကိုလည်း အရည်အသွေးကောင်းမျိုးစေ့ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

တိုးချဲ့ပညာပေးလုပ်ငန်းများဆောင်ရွက်ရာတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများအား ထိရောက်စွာအသုံးပြုပြီး ဌာန၊ ပုဂ္ဂလိကနှင့် လူမှုအဖွဲ့အစည်းအတွင်း သတင်းအချက်အလက်များ လျင်မြန်စွာ ဝေငှနိုင်ရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် ဆွေးနွေးပြောကြားကြောင်း သိရသည်။

**အောင်မိုး(စိုက်ပျိုးရေး)**






**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံးခန်းမ၌ ကရင်ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးစဉ်။**

**○ စာမျက်နှာ ၃ မှ**

သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေသို့ လွှဲပြောင်းထောက်ပံ့သည့် ငွေကျပ် သိန်း ၁၀၀၀ ကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံထံ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့် မော်လမြိုင်လေဆိပ်မှ ပြန်လည်ထွက်ခွာရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

**ရင်းရင်းနှီးနှီးတွေ့ဆုံ**

ထို့ပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်နှင့် တာဝန်ရှိသူတို့သည် ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားသည့် ဘားအံမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းတို့သို့ သွားရောက်ပြီး ရေဘေးရှောင်ပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားကာ စားနပ်ရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။

**သိန်း ၁၀၀၀ လွှဲပြောင်းထောက်ပံ့**

ဘားအံမြို့ပေါ်တွင် ရေဘေးကယ်ဆယ်ရေးစခန်း ၁၁ ခု ဖွင့်လှစ်ထားရှိပြီး အိမ်ထောင်စုပေါင်း ၁၁၈၂ စုမှ လူဦးရေ ၆၁၆၀ အား လက်ခံကူညီထောက်ပံ့ပေးထားကြောင်း၊ ကရင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဘားအံမြို့ပေါ်ရှိ ကယ်ဆယ်ရေးစခန်း တစ်ခုလျှင် ငွေကျပ်သိန်း ၂၀၊ ဆန် ၁၀ အိတ်၊ ဆီ ၁၀ ပိဿာပုံး ၁၀ ပုံး ထောက်ပံ့ပေးထားပြီး ရေဘေးရှောင်ပြည်သူများအား ပြည်နယ်အစိုးရအဖွဲ့အစီအစဉ်ဖြင့် နေ့လယ်စာနှင့် ညစာများ ကျွေးမွေးထားကြောင်းနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေမှ ကရင်ပြည်နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေသို့ ငွေကျပ် သိန်း ၁၀၀၀ လွှဲပြောင်းထောက်ပံ့ထားကြောင်း သိရသည်။

ထို့ပြင် နယ်စပ်ရေးရာဝန်ကြီးဌာနကလည်း ဘားအံမြို့ပေါ်ရှိ ရေဘေးရှောင်စခန်းများအတွက် ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၂၅၀ နှင့် ကယ်ဆယ်ရေးစခန်းများရှိ ရေဘေးရှောင်ပြည်သူများအတွက် ငွေကျပ် ၂၅၄ သိန်းကျော် ထောက်ပံ့ထားကြောင်း သိရသည်။

**သတင်းစဉ်**




**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကရင်ပြည်နယ် မိုးလုံလေလုံ အားကစားရုံ၌ ရေဘေးရှောင်ပြည်သူများအတွက် ထောက်ပံ့ငွေ ပေးအပ်စဉ်။**

# မအူပင်ခရိုင်အတွင်း ရေဘေးကာကွယ်ရေးအတွက် တာတမံများတောင့်တင်းခိုင်မာအောင် ဆောင်ရွက်ထား

**ညောင်တုန်း ဇူလိုင် ၂၆**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်အတွင်း ဓနုဖြူမြို့နယ်(ဆကာကြီး) ဒေသစိတ်တွင် တာမိုင်(၅၀/၁ မှ ၆၅/၀)ထိ ၁၄ မိုင် ၇ ဖာလုံခန့်နှင့် ညောင်တုန်းမြို့နယ် ရွာသစ်ဒေသစိတ်တွင် တာမိုင်(၆၅/၀ မှ ၈၂/၃)အထိ ၁၇ မိုင် ၃ ဖာလုံခန့်တို့နှင့် စုစုပေါင်းတာအလျား ၃၂ မိုင် ၂ ဖာလုံခန့်ဖြင့် ဧရာဝတီမြစ်၏ မြစ်ရေဝင်ရောက်မှု ဘေးအန္တရာယ်မှ ကာကွယ်လျက်ရှိရာ ၂၀၁၅-၂၀၁၆ ခုနှစ်၊ ၂၀၁၆-၂၀၁၇ ခုနှစ်နှင့် ၂၀၁၇-၂၀၁၈ ခုနှစ်တို့တွင် တာထိပ်မြှင့်ခြင်းနှင့် တာခြေဖို့ခြင်းလုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ထားခဲ့ပြီးဖြစ်ကြောင်း သိရသည်။

၂၀၁၈ ခုနှစ် မိုးရာသီကာလ ဧရာဝတီမြစ်ရေမြင့်တက်ချိန်အတွင်း ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဓနုဖြူမြို့နယ် ဆကာကြီးဒေသစိတ်အတွင်း ရေကင်းစခန်းလေးခုနှင့် ညောင်တုန်းမြို့နယ် ရွာသစ်ဒေသစိတ်အတွင်း ရေကင်းစခန်းလေးခုတို့တွင် ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးပစ္စည်းများကို ကြိုတင်စုဆောင်းထားပြီးဖြစ်သည်။ တာတမံအခြေအနေကို နေ့ညမပျက် ဝန်ထမ်းများဖြင့် ရေကင်းတာဝန်ချထားပြီး စဉ်ဆက်မပြတ် ရေကင်းလှည့်လည်စစ်ဆေးစောင့်ကြည့်ရန် စီစဉ်ထားကြောင်းနှင့် အရေးပေါ်အခြေအနေဖြစ်ပေါ်လာပါက အချိန်နှင့်တစ်ပြေးညီ ကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် စီမံထားရှိပြီးဖြစ်ကြောင်း သိရသည်။

၂၀၁၆ ခုနှစ် မိုးရာသီကာလအတွင်း ဧရာဝတီမြစ်ရေ ထူးကဲစွာမြင့်တက်ခဲ့မှုကြောင့် ဓနုဖြူမြို့နယ် ဧရာဝတီအရှေ့ဘက်ကမ်းတာတွင် ရေပေါက် ၆၉ ပေါက်နှင့် တာထိပ်နှင့်ရေ နီးကပ်သည့်နေရာ ခုနစ်ခု ဖြစ်ပွားခဲ့ပြီး ညောင်တုန်းမြို့နယ်အတွင်း ရေပေါက် ၆၇ ပေါက်နှင့် တာထိပ်နှင့်ရေ နီးကပ်သည့်နေရာ ၄၂ ခု ဖြစ်ပေါ်ခဲ့ကာ အချိန်နှင့်တစ်ပြေးညီ အရေးပေါ်ကာကွယ်မှုများ ဆောင်ရွက်ခဲ့ရခြင်းကြောင့် ၂၀၁၆-၂၀၁၇ ခုနှစ် နှစ်ကုန်တွင် ဧရာဝတီအရှေ့ဘက်ကမ်းတာမိုင် (၇၈/၀ မှ ၈၂/၃)အတွင်း တာမြှင့်၊ တာခြေထောက်ခြင်းလုပ်ငန်းနှင့် ၂၀၁၇-၂၀၁၈ ခုနှစ် နှစ်ဦးပိုင်းတွင် တာမိုင် (၆၅/၀ မှ ၆၇/၀)အတွင်းနှင့် (၆၇/၀ မှ ၇၅/၀)အတွင်း တာမြှင့်၊ တာခြေဖို့ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ သို့ပါ၍ ၂၀၁၇ ခုနှစ် မိုးရာသီတွင် တာတမံ တောင့်တင်းခိုင်မာမှုကြောင့် ရေပေါက်၊ တာအိနှင့် တာလျှောခြင်းများ လျော့နည်းသက်သာစေခဲ့သည်။ ယခု ၂၀၁၈-၂၀၁၉ ခုနှစ် နှစ်ဦးပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် နယ်စပ်ဖြစ်သည့် တာမိုင်(၅၀/၁ မှ ၅၃/၁)အတွင်းနေရာအား တာတမံပြုပြင်ခြင်းလုပ်ငန်းများကိုလည်း ဖြည့်စွက်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရသည်။ ယင်းကဲ့သို့ ကြိုတင်ဆောင်ရွက်ထားခဲ့ခြင်းဖြင့် ၂၀၁၈ ခုနှစ် မိုးရာသီကာလ မြစ်ရေကြီးချိန်တွင် ဧရာဝတီအရှေ့ဘက်ကမ်းတာ၏ ကာကွယ်ဧရိယာများဖြစ်သည့် ဓနုဖြူမြို့နယ်အတွင်း ဧက ၃၈၈၀၀ နှင့် ညောင်တုန်းမြို့နယ်အတွင်း ၁၅၉၃၅ ဧကတို့အား ရေဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဧရာဝတီအရှေ့ဘက်ကမ်းတာသည် ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးတို့နှင့် တစ်ဆက်တစ်စပ်တည်း တည်ရှိပြီး ပဲခူးတိုင်းဒေသကြီးအတွင်း အလျား ၂၇ မိုင် ၆ ဖာလုံ၊ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင်အတွင်း အလျား ၁၅ မိုင် ၁ ဖာလုံ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း အလျား ၇ မိုင် ၂ ဖာလုံနှင့် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်(ဓနုဖြူနှင့် ညောင်တုန်း)တို့တွင် အလျား ၃၂ မိုင် ၂ ဖာလုံ စုစုပေါင်း အလျား ၈၂ မိုင် ၃ ဖာလုံတို့ဖြင့် ပြည်သူလူထုတို့၏ ရေဘေးအန္တရာယ်အပြင် အသက်အိုးအိမ် စည်းစိမ်များကို ကာကွယ်ပေးလျက်ရှိကြောင်း သိရသည်။

**ဝင်းမြင့်ကျော်(ညောင်တုန်း)**

## စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၂၆**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သဖြင့် တောင်ငူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။ **ကြေးမုံ**

## ပြည်ထောင်စုလွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် ဇူလိုင် ၂၆**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယမြောက်နေ့သို့ မန္တလေးရတနာပုံတက္ကသိုလ် ဥပဒေပညာဌာနမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ဥပဒေပညာဌာနမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် လာရောက်လေ့လာကြသည့် ပြည်သူများ စုစုပေါင်း ၄၁၄ ဦး လာရောက်လေ့လာခဲ့ကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ စတင်ကျင်းပသည့်ရက်မှ ယနေ့အထိ လွှတ်တော်သို့ လာရောက်လေ့လာသူပေါင်း ၄၀၃၅၅ ဦး ရှိသည်။

လွှတ်တော်သို့ လာရောက်လေ့လာလိုပါက ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးတို့မှ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ထံ လိပ်မူ၍ သုံးရက်ကြိုတင်ပေးပို့နိုင်ပါကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း



ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်



ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း

**☆ ဒုတိယသမ္မတမှ**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ၊ စာရင်းအင်းပညာရှင်များနှင့် စာရင်းအင်းဆိုင်ရာဖွံ့ဖြိုးမှုအမျိုးသားအဆင့် မဟာဗျူဟာ (NSDS)ကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့် စာရင်းအင်းဆိုင်ရာလုပ်ငန်းအဖွဲ့မှ ခေါင်းဆောင်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက ယခင်က စာရင်းအင်းကော်မတီကို နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၆ ဖြင့် ဖွဲ့စည်းခဲ့ပြီး ကော်မတီအစည်းအဝေးခြောက်ကြိမ် ကျင်းပနိုင်ခဲ့ပါကြောင်း၊ ယခုအခါ ပြည်ထောင်စုအစိုးရအဖွဲ့ အမိန့်ကြော်ငြာစာအမှတ် ၇၄/၂၀၁၈ ဖြင့် စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးဗဟိုကော်မတီကို စာရင်းအင်းနှင့်သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးများအား ဗဟိုကော်မတီအဖွဲ့ဝင်များအဖြစ် ပြန်လည်အဆင့်မြှင့်တင်ဖွဲ့စည်းလိုက်ပြီဖြစ်သည့်အတွက် ဖွဲ့စည်းမှုပိုမိုအားကောင်းပြည့်စုံလာပြီဖြစ်ပါကြောင်း၊ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်တွင် ပြဋ္ဌာန်းခဲ့သည့် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁/၂၀၁၈ စာရင်းအင်းဥပဒေအရ ပြင်ဆင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါကြောင်း။

**အလွန်အရေးပါ**

စာရင်းအင်းအချက်အလက်မှန်ကန်ရေးသည် ဖွံ့ဖြိုးပြီးနိုင်ငံများအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အလွန်အရေးပါ ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ အမျိုးသားစာရင်းအင်းစနစ် အရည်အသွေးပြည့်ဝမှသာလျှင် မူဝါဒချမှတ်သူများ၊ စီမံကိန်းရေးဆွဲသူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ လူမှု-စီးပွားသုတေသနဆောင်ရွက်သူများ အားလုံးအတွက် ချမှတ်သည့် ဖွံ့ဖြိုးမှုမူဝါဒများ၊ စီမံကိန်းများ၊ စီးပွားရေးဝန်းကျင်ကောင်းများကို ဖန်တီးနိုင်မည့်မူဝါဒများအတွက် ထည့်သွင်းစဉ်းစားနိုင်မည့်အချက်များကို ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ သယံဇာတများကို အကျိုးရှိထိရောက်သည့်ခွဲဝေမှုများ ဆောင်ရွက်နိုင်မည်ဖြစ်သကဲ့သို့ စီမံကိန်းများစောင့်ကြည့်ကြီးကြပ်ခြင်းများကိုလည်း ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် မူဝါဒပြင်ဆင်ရန်ရှိသည်များကို ပိုမိုကောင်းမွန်စေရန် ပြန်လည်ပြင်ဆင်နိုင်မှုများလည်း ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း အချက်အလက်များအပေါ် အခြေခံ၍ ရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်မှသာ အရှုံးဖြစ်ပေါ်နိုင်မှုနှင့် စွန့်စားရမှု (Risk Management)တို့ကို စီမံခန့်ခွဲနိုင်မည်ဖြစ်ပါကြောင်း။

စိတ်ချယုံကြည်ကိုးစားရသည့် စာရင်းအင်းများ မရှိခြင်းသည် သယံဇာတခွဲဝေရာတွင်လွဲမှားစေနိုင်သည့်အပြင် မူဝါဒဆုံးဖြတ်ချက်များကိုလည်း မှားယွင်းစေနိုင်သည့်အတွက် ပြည်သူများ၏ လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများအပေါ် သက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်ပါကြောင်း၊ ထို့ကြောင့် စာရင်းအင်းအချက်အလက်များမှန်ကန်စေရေးအတွက် လိုအပ်သည့် လူသားရင်းမြစ်ပြုစုပျိုးထောင်ခြင်း၊ စာရင်းအင်းအချက်အလက်များမှန်ကန်ရေးအတွက် ကွန်ရက်တည်ဆောက်ခြင်း၊ ပူးပေါင်းဆောင်ရွက်ရေး ယန္တရားများနှင့် Statistics Literacy အား မူဝါဒအားဖြင့် အထူးအာရုံစိုက်ခြင်းနှင့် စာရင်းအင်းဥပဒေပြဋ္ဌာန်းသက်ရောက်မှုရှိစေရေး စသည့် အရင်းအနှီးများ စိုက်ထုတ်ဆောင်ရွက်ရန် မှာကြားလိုပါကြောင်း။

**ချမှတ်ပေးရမည်**

ဗဟိုကော်မတီအနေဖြင့် စာရင်းအင်းဆိုင်ရာမူဝါဒများနှင့် အခြေခံစည်းမျဉ်းများကို ချမှတ်ပေးရမည်ဖြစ်ပါကြောင်း၊ စာရင်းအင်းဆိုင်ရာဖွံ့ဖြိုးမှု အမျိုးသားအဆင့် မဟာဗျူဟာချမှတ်ခြင်း၊ အကောင်အထည်ဖော်စေခြင်းနှင့် လုပ်ငန်းလမ်းညွှန်မှုများပေးခြင်း လုပ်ငန်းစဉ်များကိုလည်း ဦးဆောင်၍ လုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း၊ လူမှု-စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် သန်းခေါင်စာရင်း၊ စစ်တမ်းနှင့် အခြားစာရင်းအင်းဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နေမှုများကို ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း စသည့် ကိစ္စရပ်များကိုလည်း လုပ်ဆောင်ပေးရမည်ဖြစ်ပါကြောင်း။

စာရင်းအင်းဥပဒေအရ စာရင်းအင်းမူဝါဒအနှစ်ချုပ် (Statistical Policy Brief) နှင့် စာရင်းအင်းဆိုင်ရာဖွံ့ဖြိုးမှု အမျိုးသားအဆင့်မဟာဗျူဟာ (National Strategy for Development of Statistics-NSDS)ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရန် အဓိက မဟာဗျူဟာမူဘောင် (NSDS Core Strategics)ကို၂၀၁၆ ခုနှစ်တွင် အတည်ပြုခဲ့ပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးသည် နိုင်ငံအတွက် အရေးကြီးကြောင်း၊ စာရင်းအင်းဆိုင်ရာဖွံ့ဖြိုးမှု အမျိုးသားအဆင့် မဟာဗျူဟာ အကောင်အထည်ဖော်ရေးကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်းတို့ကို လမ်းညွှန်ဆွေးနွေးခဲ့ပါကြောင်း၊ စာရင်းအင်းကဏ္ဍတိုးတက်ရေးကို ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနများအကြား အလျားလိုက်ပူးပေါင်းဆောင်ရွက်မှု (Horizontal Cooperation) များ ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ ဒေါင်လိုက် ပူးပေါင်းဆောင်ရွက်မှု (Vertical Cooperation) များကိုလည်း ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ NSDS ကို ပူးပေါင်းတွဲဖက် အကောင်အထည်ဖော်ဆောင်နိုင်ရန် အလျားလိုက် ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် စာရင်းအင်းကဏ္ဍများအလိုက် လုပ်ငန်းအဖွဲ့ ၁၀ ဖွဲ့ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ သက်ဆိုင်ရာလုပ်ငန်းအဖွဲ့များနှင့် NSDS Action Plan ကို Living Document အနေဖြင့် ထားရှိပြီး အသီးသီးအကောင်အထည်ဖော်ဆောင်လျက်ရှိပါကြောင်း။

**အားပေးလမ်းညွှန်ဆောင်ရွက်**

သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများအနေဖြင့်လည်း သက်ဆိုင်ရာစာရင်းအင်းလုပ်ငန်းအဖွဲ့များကို အားပေးလမ်းညွှန် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဗဟိုကော်မတီအောက်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးဝန်ကြီးများအနေဖြင့် အဖွဲ့ဝင်များအဖြစ် ပါဝင်၍ သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်များတွင်လည်း ကော်မတီများဖွဲ့စည်းပြီး စာရင်းအင်းမှန်ကန်စေရေးနှင့် အုပ်ချုပ်မှုမှတ်တမ်းများ ကောင်းမွန်စေရေးတို့အတွက် ဗဟိုနှင့် ပေါင်းစပ်ညှိနှိုင်းကာ ဒေါင်လိုက်ပူးပေါင်းမှု (Vertical Cooperation)ကို စတင်ဦးစီးဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတကြီး၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားတွင်လည်း ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို စနစ်တကျလုပ်ဆောင်ကြရန် တိုက်တွန်းထားပါကြောင်း၊ ထို့ကြောင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် စာရင်းအင်းကိန်းဂဏန်း မှန်ကန်ရေးသည် အရေးကြီးပါကြောင်း၊ စာရင်းအင်းဥပဒေကို ပြဋ္ဌာန်းထားပြီး စာရင်းအင်း မှန်ကန်ရေးကို ထိရောက်စွာလုပ်ဆောင်သွားကြရန် လိုအပ်ပါကြောင်း။

**ပေါ်ထွက်လာနိုင်မည်**

စာရင်းအင်းဥပဒေအရ ဗဟိုစာရင်းအင်းအဖွဲ့သည် စာရင်းအင်းအာဏာပိုင်အဖွဲ့အစည်းဖြစ်သကဲ့သို့ ကော်မတီ၏ ဆောင်ရွက်ရန်တာဝန်များကို အဓိကပံ့ပိုးမောင်းနှင်ပေးမည့် အတွင်းရေးမှူးရုံးလည်းဖြစ်ပါကြောင်း။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် အခြေခံဖြစ်သည့် စာရင်းအင်းများ ရှေ့နောက်ညီညွတ်မှုရှိရန်၊ အချိန်မီရရှိရန်နှင့် ယုံကြည်ကိုးစားနိုင်သော ခိုင်မာသည့်စာရင်းအင်းများဖြစ်စေရန် လိုအပ်ပါကြောင်း၊ သို့မှသာ လက်ရှိဖြစ်ပေါ်နေသည့် စီးပွားရေးနှင့် လူမှုရေးအခြေအနေများကို ထင်ဟပ်နိုင်သည့် စာရင်းအင်းအချက်အလက်ကောင်းများ ပေါ်ထွက်လာနိုင်မည် ဖြစ်ပါကြောင်း၊ ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် လက်တွေ့ကျသည့် မူဝါဒများ ခိုင်မာအောင်ဆောင်ရွက်ရာတွင်လည်း အရည်အသွေးရှိသည့်စာရင်းအင်းများသည် မရှိမဖြစ် အရေးပါသကဲ့သို့ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်နေသည့်ကဏ္ဍများ၊ နေရာဒေသများနှင့် ဦးစားပေးများအဖြစ် ရှာဖွေဖော်ထုတ်ရေးသည်လည်း အရေးကြီးပါကြောင်း။

လက်တွေ့ကျသည့် စီမံကိန်းများအတွက် မှန်ကန်သည့် စာရင်းအင်းများ အသုံးပြုနိုင်ရန် လိုအပ်သကဲ့သို့ အစိုးရဌာနအသီးသီးအနေဖြင့် နိုင်ငံ၏စာရင်းအင်းကဏ္ဍ ပိုမိုကောင်းမွန်လာရေး တွန်းအားပေးဆောင်ရွက်ရာတွင် ပုဂ္ဂလိကကဏ္ဍ၊ သုတေသနအဖွဲ့အစည်းများနှင့် ပညာရှင်များ၊ လူမှုအဖွဲ့အစည်းနှင့် သတင်းမီဒီယာများအားလုံး Stakeholder အဖြစ် ပူးပေါင်းပါဝင်ရန် လိုအပ်ပါကြောင်း။

စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးသည် အစိုးရနှင့် ပြည်သူများအကြား၊ နိုင်ငံတကာအသိုင်းအဝိုင်းများအကြား ယုံကြည်မှုတိုးမြင့်စေနိုင်ပါကြောင်း၊ နိုင်ငံအနေဖြင့် အခြားနိုင်ငံများနည်းတူ စာရင်းအင်းနယ်ပယ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စစ်တမ်း (Survey)များကောက်ခံရန် လိုအပ်သကဲ့သို့ ဌာနဆိုင်ရာများ၏ အုပ်ချုပ်မှုမှတ်တမ်းများ ပြည့်စုံမှန်ကန်စေရေးနှင့် အသေးစိတ်အချက်အလက်များ မှတ်တမ်းများတွင် ပါဝင်စေနိုင်ရေးသည်လည်း အရေးကြီးပါကြောင်း၊ စာရင်းအင်းများ စနစ်တကျ စုစည်းရေးသွင်းမှတ်သားခြင်း ကိစ္စရပ်ကို အပိုအလုပ်သဖွယ် ထင်မြင်နေတတ်သည့် အယူအဆ၊ အလေ့အကျင့်များကို ပယ်ဖျောက်၍ ဆန်းစစ်လေ့လာမှုများ ဆောင်ရွက်တတ်စေရန် စာရင်းအင်းဆိုင်ရာ အသိပညာ (Statistical Literacy)ကို ဌာနဆိုင်ရာများတွင် သာမက အများပြည်သူများနှင့် ပုဂ္ဂလိကစီးပွားရေး အဖွဲ့အစည်းများအကြား၌ပါ ပျံ့နှံ့အောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

**တက်ကြွစွာပါဝင်ဆောင်ရွက်**

မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့်အတွက် စာရင်းအင်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများကို ထိရောက်စွာ အသုံးချနိုင်ရေးသည် အရေးကြီးပါကြောင်း၊ အချက်အလက်များကို မူဝါဒအဖြစ်ပြောင်းလဲနိုင်ခြင်း "From Data to Policy" ဖြစ်သည့်အတွက် ကောင်းစွာ ဖော်ထုတ်အသုံးချလျှင် စာရင်းအင်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု၏ရလဒ်သည် လွန်စွာကြီးမားသည့်အတွက် ကော်မတီအဖွဲ့ဝင်များနှင့် လုပ်ငန်းအဖွဲ့များအနေဖြင့် တက်ကြွစွာပါဝင်ဆောင်ရွက်နိုင်ကြပါစေဟု တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးဗဟိုကော်မတီ အတွင်းရေးမှူး ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဝါဝါမောင်က စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီ၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝေလင်းမောင်က ၂၀၁၈ ခုနှစ် တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းခိုင်၊ ဒေါက်တာသန်းမြင့်နှင့် ဦးအုန်းဝင်း၊ ဒုတိယဝန်ကြီး ဦးသာဦး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်း၊ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးများ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များနှင့် တာဝန်ရှိသူများက စာရင်းအင်းအချက်အလက်မှန်ကန်ရေး၊ အရည်အသွေးပြည့်ဝရေးတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးသည်။

**သတင်းစဉ်**

**❖ ကျောဖုံးမှ**

ထို့နောက် သတင်းမီဒီယာအဖွဲ့သည် ပြန်လည်ဝင်ရောက်လာသူများအား စိစစ်လက်ခံရန် အသင့်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ NV ကတ်ထုတ်ပေးရန် ပြင်ဆင်ထားမှုများ၊ EID (Electronic Identification) ကတ် ပြုလုပ်ပေးရန်ပြင်ဆင်ထားမှုတို့ကို တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်း သတင်းရယူကြသည်။

"ကျွန်တော်တို့အနေနဲ့ တောင်ပြိုလက်ဝဲ ကြိုဆိုလက်ခံရေးစခန်းကို ဇန်နဝါရီ ၂၃ ရက်ကတည်းက ဖွင့်လှစ်ဆောင်ရွက်ထားတာဖြစ်ပါတယ်။ ပြန်လည်ဝင်ရောက်လာသူတွေကို NV ကတ်ထုတ်ပေးမယ့်အပြင် EID ကတ် ပြုလုပ်နိုင်အောင်လည်း ဆောင်ရွက်ပေးထားပါတယ်။ နေပြည်တော်၊ မန္တလေးနဲ့ ရန်ကုန်မြို့တွေမှာ ရွှေ့ပြေးစမ်းသပ်ဆောင်ရွက်မယ့် EID (Electronic Identification ) ကတ်ကို ပြန်လည်လက်ခံမယ့်သူတွေကို တစ်ပါတည်းထုတ်ပေးနိုင်အောင် ဆောင်ရွက်ခြင်းဖြစ်ပါတယ်"ဟု လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးကိုကိုသော်က ရှင်းပြသည်။

သတင်းမီဒီယာအဖွဲ့သည် တောင်ပြိုလက်ဝဲ ကြိုဆိုလက်ခံရေးစခန်းအတွင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပြန်လည်ဝင်ရောက်လာမည့်သူများအတွက် လိုအပ်သော ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးရန်ပြင်ဆင်ထားမှုကို လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ဆေးခန်းဖွင့်လှစ်ထားမှုကိုလည်းကောင်း ကြည့်ရှုသတင်းရယူကြသည်။

ယင်းနောက် သတင်းမီဒီယာအဖွဲ့သည် နှစ်နိုင်ငံနယ်နိမိတ်မျဉ်းတွင် နေထိုင်ကြသူများအား သွားရောက်တွေ့ဆုံသတင်းရယူကြပြီး ညနေပိုင်းတွင် စစ်တွေမြို့မှတစ်ဆင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

**မြင့်မောင်စိုး**



ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများ တောင်ပြိုလက်ဝဲပြန်လည်လက်ခံရေးစခန်း၌ သတင်းရယူနေစဉ်။

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပ



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့သို့ တက်ရောက်ကြသူများကို တွေ့ရစဉ်။

**နေပြည်တော် ဇူလိုင် ၂၆**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသည့် သက်တမ်းကုန်ဆုံး၍ လစ်လပ်လာမည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ရာထူးနေရာတွင် ဦးကျော်ကျော်မောင်အား ခန့်အပ်တာဝန်ပေးရန်** အမည်စာရင်း ပေးပို့ထားကြောင်း၊ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ကြေညာသည်။

ထို့နောက် **၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ ရငွေသုံးငွေများ**နှင့်စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဝင် ဦးဝင်းမော်၊ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်းတို့က ရှင်းလင်းတင်ပြကြသည်။

## အိုင်အယ်လ်အိုနှင့် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များအတွက် လိုအပ်သည့်အသုံးစရိတ်များကို လျာထားတောင်းခံ

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ**က ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းများအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် မူဝါဒ ၁၄ ချက်၊ ရည်မှန်းချက် ၂၁ ချက် ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လုပ်သားများ၏ လူနေမှုဘဝ လုံခြုံစိတ်ချပြီး လုပ်ငန်းခွင်ဆက်ဆံရေး ပိုမိုကောင်းမွန်စေရန်၊ အလုပ်သမားအခွင့်အရေးများ ပြည့်ဝစွာရရှိရန်နှင့် ခိုင်မာတိကျသော လူဦးရေစာရင်းဇယားများနှင့် ညွှန်းကိန်းများရရှိစေရန် မူဝါဒများချမှတ်၍ ကျွမ်းကျင်လုပ်သား အလုံအလောက် ရရှိစေရန်၊ လူမှုဖူလုံရေးဥပဒေပါ အာမခံစနစ်နှင့် အကျိုးခံစားခွင့်များကို ပြည့်ဝစွာရရှိစေရန်၊ အာမခံအလုပ်သမားများ၏ လူနေမှုဘဝ တိုးတက်ကောင်းမွန်စေရန် ရည်မှန်းချက်နှင့်အညီ အဓမ္မခိုင်းစေမှုပပျောက်ရေးနှင့် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင် အစီအစဉ်များကို အကောင်အထည်ဖော်နိုင်ရေး အိုင်အယ်လ်အိုနှင့် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များအတွက် လိုအပ်သည့် အသုံးစရိတ်များကို လျာထားတောင်းခံခြင်းဖြစ်ပါကြောင်း။

ဝန်ကြီးဌာန၏ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်အတွက် အရအသုံးခန့်မှန်းခြေ ငွေစာရင်းတွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၌ သာမန်ရငွေကျပ် ၆၀၃၉၃ ဒသမ ၀၄၀ သန်း ရရှိရန် လျာထားပြီး သာမန်အသုံးစရိတ်တွင် ငွေကျပ် ၃၆၈၄၁ ဒသမ ၄၂၀ သန်း၊ ငွေလုံးငွေရင်း အသုံးစရိတ်တွင် ငွေကျပ် ၆၀၂၄ ဒသမ ၈၈၁ သန်း လျာထားသဖြင့် စုစုပေါင်းငွေကျပ် ၄၂၈၆၆ ဒသမ ၃၀၁ သန်း လျာထားတင်ပြထားပါကြောင်း ရှင်းလင်းတင်ပြသည်။

## ရပ်ဆိုင်းထားသည့် စက်ရုံ ၂၄ ရုံနှင့်စပ်လျဉ်း၍ မူဝါဒ ချမှတ်ပြီးမှသာ မူဝါဒနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်

**စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို**က စက်မှုဝန်ကြီးဌာနတွင် စက်ရုံပေါင်း ၁၁၃ ရုံရှိပြီး ၎င်းစက်ရုံများအနက် ၅၇ ရုံမှာ ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျန်စက်ရုံများအနက် ၂၄ ရုံမှာ လတ်တလော ရပ်ဆိုင်းထားရသည့် စက်ရုံများဖြစ်ပါကြောင်း၊ ရပ်ဆိုင်းထားသည့် စက်ရုံ ၂၄ ရုံနှင့်စပ်လျဉ်း၍ မူဝါဒချမှတ်ပြီးမှသာ မူဝါဒနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ယခုအခါ စက်ရုံခြောက်ရုံကို ပုဂ္ဂလိကသို့ လွှဲပြောင်းရောင်းချနိုင်ရေးအတွက် ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်သို့ လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြထားပါကြောင်း၊ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်အတွက် ကဏ္ဍအလိုက် စုစုပေါင်း ထုတ်လုပ်မှုတန်ဖိုး(GDP)/ ပုံမှန်ဈေးနှုန်းအရ/ စက်မှုလက်မှုကဏ္ဍအနေဖြင့် ငွေကျပ် ၂၁၂၄၃ ဒသမ ၂၃၉ ဘီလီယံ ရည်မှန်းထားပြီး ၁၁ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းထားပါကြောင်း။

စက်မှုဝန်ကြီးဌာန၏ ဘဏ္ဍာရေးအရအသုံးဆိုင်ရာဥပဒေကြမ်းပါ ၂၀၁၈-၂၀၁၉ ရငွေအနေဖြင့် သာမန်ရငွေကျပ် ၈၇ ဒသမ ၇၃၇ ဘီလီယံ၊ ငွေလုံးငွေရင်းရငွေ (ပြည်ပအကူအညီ) ငွေကျပ် ၄ ဒသမ ၅၅၃ ဘီလီယံ၊ ကြွေးမြီရငွေကျပ် ၂ ဒသမ ၄၄၇ ဘီလီယံ စုစုပေါင်းရငွေကျပ် ၉၄ ဒသမ ၇၃၇ ဘီလီယံဖြစ်ပါကြောင်း၊ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်အတွက် အမျိုးသားစီမံကိန်းဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများအပေါ် အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန်အတွက် စုစုပေါင်း အသုံးစရိတ် ငွေကျပ် ၄၂၉ ဒသမ ၆၄၈ ဘီလီယံကို လျာထားပါကြောင်း၊ အဆိုပါ အသုံးစရိတ်များ၌ သာမန်အသုံးစရိတ်အတွက် ငွေကျပ် ၁၆၆ ဒသမ ၆၁၇ ဘီလီယံ၊ ငွေလုံးငွေရင်း အသုံးစရိတ်အတွက် ငွေကျပ် ၁၄၁ ဒသမ ၈၈၄ ဘီလီယံနှင့် ကြွေးမြီအသုံးစရိတ်အတွက် ငွေကျပ် ၁၂၁ ဒသမ ၁၂၇ ဘီလီယံတို့ဖြစ်ပါကြောင်း၊ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်အတွက် ငွေလုံးငွေရင်း အသုံးစရိတ်ငွေကျပ် ၁၄၁ ဒသမ ၈၈၄ ဘီလီယံ၌ လုပ်ငန်းစီမံကိန်းသစ်များနှင့် ဆောင်ရွက်ဆဲစီမံကိန်းများအတွက် ငွေကျပ် ၁၂၀ ဒသမ ၉၀၅ ဘီလီယံနှင့် ရုံးချုပ်/ စက်ရုံများအတွက် ငွေကျပ် ၂၀ ဒသမ ၉၇၉ ဘီလီယံကို လျာထားပါကြောင်း ရှင်းလင်းတင်ပြသည်။

## သဘာဝဘေးကြောင့် ပျက်စီးခဲ့သည့် ကျေးလက်လမ်းများ အဆင့်မြှင့်တင်ခြင်းတို့ ပါဝင်

**ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်**က ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သွားမည့် စီမံကိန်းလုပ်ငန်းများမှာ နိုင်ငံတော်သမ္မတ၏ နှစ်သစ်ကူး နှုတ်ခွန်းဆက်အမှာစကားတွင် ပါဝင်သော ဥဒေါင်း-ညောင်ချောင်း - မေယုတောင်ကျော်လမ်းနှင့် သက်ကိုင်ညာ-ပဒေါ်း-တောင်ကျော်လမ်း အသစ်ဖောက်လုပ်ခြင်း၊ ရောင်ဟီး - ပင်လည်ဘူးလမ်း၊ မတူပီ - ပလက်ဝလမ်း၊ တီးတိန် - တွန်းဇံ - ကျီခါးလမ်း၊ ဟားခါး - မတူပီလမ်း၊ ရွှေဘို-မြစ်ကြီးနားလမ်း၊ မြစ်ကြီးနား - ဆွမ်ပရာဘွမ် - ပူတာအိုလမ်းနှင့် ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်လမ်း အဆင့်မြှင့်တင်ခြင်း၊ လွှတ်တော်အစည်းအဝေးများတွင် ကတိကဝတ်ပြုထားခဲ့သည့် လမ်းများနှင့် လွှတ်တော်ကိုယ်စားလှယ်များ အဆိုပြုထားသည့် လမ်း ၁၀ လမ်း အဆင့်မြှင့်တင်ခြင်း၊ နိုင်ငံတကာနှင့်ဆက်သွယ်မည့် ပြည်ထောင်စုလမ်းမကြီး သုံးလမ်း၊ အဓိက ပြည်ထောင်စုလမ်း ခြောက်လမ်းနှင့် ကျန်ပြည်ထောင်စုလမ်း ၂၃ လမ်း အဆင့်မြှင့်တင်ခြင်း၊ လွှတ်တော်အစည်းအဝေးများတွင် ကတိကဝတ်ပြုထားသည့် တံတား ၂၇ စင်းနှင့် ကြိုးတံတားများ၊ အခြားတံတားကြီးများ တည်ဆောက်ခြင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆောင်ရွက်ဆဲလုပ်ငန်း စီမံကိန်းငါးခုနှင့် နိုင်ငံတော်ဧည့်ဂေဟာ အကြီးစားမွမ်းမံခြင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ရှိ အိမ်ရာစီမံကိန်းများ၏ ရေနှင့် ဆက်စပ်လုပ်ငန်း နှစ်ခု ဆောင်ရွက်ခြင်း၊ ခရိုင်ချင်းဆက်လမ်း မွမ်းမံခြင်း၊ စစ်ကိုင်း၊ ပဲခူး၊ ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့အတွင်း သဘာဝဘေးကြောင့် ပျက်စီးခဲ့သည့် ကျေးလက်လမ်းများ အဆင့်မြှင့်တင်ခြင်းတို့ ပါဝင်ပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် ရငွေလျာထားချက်မှာ သာမန်ရငွေကျပ် ၇၀ ဒသမ ၈၈၆ ဘီလီယံ၊ ငွေလုံးငွေရင်း ရငွေကျပ် ၃၅ ဒသမ ၆၁၀ ဘီလီယံ၊ ကြွေးမြီရငွေကျပ် ၄၀၀ ဒသမ ၈၁၉ ဘီလီယံ စုစုပေါင်းရငွေကျပ် ၅၀၇ ဒသမ ၃၁၅ ဘီလီယံဖြစ်ပြီး အသုံးစရိတ်လျာထားချက်မှာ သာမန်အသုံးစရိတ် ငွေကျပ် ၁၁၂ ဒသမ ၃၂၀ ဘီလီယံနှင့် ငွေလုံးငွေရင်းအသုံးစရိတ် ငွေကျပ် ၇၁၄ ဒသမ ၇၁၉ ဘီလီယံ စုစုပေါင်း အသုံးစရိတ် ငွေကျပ် ၈၄၇ ဒသမ ၀၅၉ ဘီလီယံဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ**က ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်အတွက် သာမန်ရငွေကျပ် ၅၈၀၇ ဒသမ ၀၇၂ သန်း၊ ငွေလုံးငွေရင်း ရငွေကျပ် ၁၁၀၉၀ ဒသမ ၀၀၀ သန်းဖြစ်ပြီး သာမန်အသုံးစရိတ်ငွေကျပ် ၈၀၇၀၅ ဒသမ ၃၀၅ သန်းနှင့် ငွေလုံးငွေရင်း အသုံးစရိတ်ငွေကျပ် ၂၃၃၉၇ ဒသမ ၂၃၇ သန်း စုစုပေါင်းငွေကျပ် ၁၀၄၁၀၂ ဒသမ ၅၄၂ သန်း တင်ပြထားပါကြောင်း၊ ငွေလုံးငွေရင်းရငွေ၌ ပြည်ပအကူအညီရငွေတွင် ရခိုင်ပြည်နယ်အတွက် အိန္ဒိယနိုင်ငံအစိုးရမှ ထောက်ပံ့ငွေကျပ် ၆၈၀၀ ဒသမ ၀၀၀ သန်းနှင့် ဂျပန်နိုင်ငံအစိုးရမှ ထောက်ပံ့ငွေကျပ် ၄၂၉၀ ဒသမ ၀၀၀ သန်း စုစုပေါင်းငွေကျပ် ၁၁၀၉၀ ဒသမ ၀၀၀ သန်းကို ထည့်သွင်းဖော်ပြထားပါကြောင်း၊ အသုံးစရိတ်တင်ပြတောင်းခံမှု၌ ဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထုတစ်ရပ်လုံးအတွက် ပဋိသန္ဓေတည်သည်မှ သက်ကြီးရွယ်အိုအထိ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများနှင့် မြန်မာနိုင်ငံတစ်ဝန်းဖြစ်ပွားသည့် ဘေးအန္တရာယ်အမျိုးမျိုးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများကို လျော့နည်းသက်သာစေရန် ဆောင်ရွက်ခြင်း၊ သဘာဝဘေးကို ရင်ဆိုင်တုံ့ပြန်နိုင်ရန် အဆင်သင့်ဖြစ်ရန် ပြင်ဆင်ခြင်းနှင့် ဘေးသင့်ပြည်သူများအား မူလလူနေမှုဘဝ အခြေအနေထက် ပိုမိုကောင်းမွန်သည့် အခြေအနေသို့ ရောက်ရှိအောင် ဆောင်ရွက်ခြင်းများတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

**ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်**က ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် သာမန်သုံးငွေအတွက် ငွေကျပ် ၅၉၆၉ ဒသမ ၅၉၈ သန်း ခွင့်ပြုခဲ့ပါကြောင်း၊ ပြည်ပအကူအညီရငွေကျပ် ၃၀၀၅ ဒသမ ၂၃၄ သန်း အပါအဝင် သာမန်သုံးငွေ စုစုပေါင်းငွေကျပ် ၈၉၇၄ ဒသမ ၈၃၂ သန်းလျာထားပါကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ သာမန်သုံးငွေတွင် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသုံးစရိတ်များအတွက် ခေါင်းစဉ်သစ်ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ခွင့်ပြုပေးခဲ့ပါကြောင်း၊ ၎င်းအသုံးစရိတ် ခေါင်းစဉ်အတွက် ငွေကျပ် ၁၂၄၈ ဒသမ ၄၀၀ သန်းကို ထည့်သွင်းလျာထားပါကြောင်း၊ ဝန်ကြီးဌာန၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် စုစုပေါင်းရငွေ ငွေကျပ် ၂၂၅၄၆ ဒသမ ၁၁၃ သန်း လျာထားပြီး စုစုပေါင်းသုံးငွေ ငွေကျပ် ၉၁၉၆ ဒသမ ၈၂၇ သန်း လျာထားသဖြင့် သုံးငွေထက်ပိုသော ရငွေမှာ ငွေကျပ် ၁၃၃၄၉ ဒသမ ၂၈၆ သန်း ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

## စိတ်ဝင်စားဖွယ်ရာ တိုင်းရင်းသားပုံပြင်ရုပ်ပြစာအုပ်များ ရိုက်နှိပ်ထုတ်ဝေခြင်း ဆောင်ရွက်နိုင်ရန် ပါဝင်

**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်**က ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်အတွက် သာမန်အသုံးစရိတ် တောင်းခံငွေကျပ် ၃၁၀၇ ဒသမ ၅၀၇ သန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် တောင်းခံငွေကျပ် ၁၇၅၈ ဒသမ ၄၇၀ သန်း စုစုပေါင်း တောင်းခံငွေကျပ် ၄၈၆၅ ဒသမ ၉၇၇ သန်း တောင်းခံထားပါကြောင်း၊ သာမန်အသုံးစရိတ် တောင်းခံငွေကျပ် ၃၁၀၇ ဒသမ ၅၀၇ သန်း၌ တိုင်းရင်းသားလူမျိုး ၆၆ မျိုး၏ မူကြိုနှင့် KG ကလေးများ သင်ကြားမှု၊ သင်ယူမှု လွယ်ကူစေရန်အတွက် စိတ်ဝင်စားဖွယ်ရာ တိုင်းရင်းသားပုံပြင်ရုပ်ပြစာအုပ်များ ရိုက်နှိပ်ထုတ်ဝေခြင်း စသည့်ကိစ္စရပ်များ ဆောင်ရွက်နိုင်ရန်အတွက် ထောက်ပံ့ငွေ အသုံးစရိတ်ငွေကျပ် ၉၁၅ ဒသမ ၇၃၁ သန်း ပါဝင်ပါကြောင်း၊ ထို့ပြင် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ဦးစီးဌာနရုံး အဆောက်အအုံများ တည်ဆောက်ခြင်း အပါအဝင် ဆောက်လုပ်ရေးလုပ်ငန်းအသုံးစရိတ် ငွေကျပ် ၁၅၀၄ ဒသမ ၉၇၀ သန်းကို စုစုပေါင်းငွေလုံးငွေရင်း အသုံးစရိတ်ငွေကျပ် ၁၇၅၈ ဒသမ ၄၇၀ သန်း၌ ထည့်သွင်းတွက်ချက်ထားပါကြောင်း ရှင်းလင်းတင်ပြသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်**က ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် ရသုံးမှန်းခြေငွေစာရင်း စုစုပေါင်းငွေကျပ် ၁၁၅၀ ဒသမ ၇၈၅ ဘီလီယံ လျာထားပါကြောင်း၊ ယင်းလျာထားမှု၌ နိုင်ငံတော်၏ လျာထားမှု ငွေကျပ် ၉၅၅ ဒသမ ၈၈၃ ဘီလီယံဖြစ်ပြီး ပြည်ပလျာထားမှု ငွေကျပ် ၁၉၄ ဒသမ ၉၀၂ ဘီလီယံ ဖြစ်ပါကြောင်း၊ ပြည်ပလျာထားမှုအနေဖြင့် အထောက်အပံ့ငွေကျပ် ၁၅၉ ဒသမ ၃၉၂ ဘီလီယံ၊ ချေးငွေကျပ် ၃၅ ဒသမ ၅၁၀ ဘီလီယံတို့ကို လျာထားပါကြောင်း။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ လျာထားတောင်းခံထားသော စုစုပေါင်းငွေကျပ် ၁၁၅၀ ဒသမ ၇၈၅ ဘီလီယံတွင် သာမန်အသုံးစရိတ်အတွက် ငွေကျပ် ၇၃၇ ဒသမ ၂၅၁ ဘီလီယံနှင့် ငွေလုံးငွေရင်း အသုံးစရိတ်အတွက် ငွေကျပ် ၄၁၃ ဒသမ ၅၃၄ ဘီလီယံဖြစ်ပါကြောင်း၊ သာမန်အသုံးစရိတ် ခွဲဝေထားမှုတွင် လစာအတွက် ၃၈ ဒသမ ၂၅ ရာခိုင်နှုန်း၊ ခရီးစရိတ်အတွက် သုည ဒသမ ၇၃ ရာခိုင်နှုန်း၊ ပစ္စည်းဝယ်ယူမှုအတွက် ၄၁ ဒသမ ၈၇ ရာခိုင်နှုန်း၊ ပြင်ထိန်းလုပ်ငန်းအတွက် ၇ ဒသမ ၁၁ ရာခိုင်နှုန်း၊ ပညာရေးနှင့် လူမှုရေးအသုံးစရိတ်အတွက် ၁၁ ဒသမ ၆ ရာခိုင်နှုန်း၊ ဧည့်ခံကျွေးမွေးစရိတ်အတွက် သုည ဒသမ ၀၂ ရာခိုင်နှုန်း၊ အတိုးအတွက် သုည ဒသမ ၁ ရာခိုင်နှုန်းနှင့် ထောက်ပံ့အတွက် သုည ဒသမ ၃၂ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ ပစ္စည်းဝယ်ယူမှု ၄၁ ဒသမ ၈၇ ရာခိုင်နှုန်း၌ ဆေးဝါးဝယ်ယူမှုအတွက် ၂၅ ဒသမ ၅၇ ရာခိုင်နှုန်း ပါဝင်ပါကြောင်း၊ ဆောက်လုပ်ရေးအတွက် လျာထားသည့် အသုံးစရိတ်ငွေကျပ် ၂၈၅ ဒသမ ၂၆၀ ဘီလီယံတွင် ဝန်ထမ်းအိမ်ရာအတွက် ၅၉ ရာခိုင်နှုန်းနှင့် ဆေးရုံ၊ အဆောက်အအုံ၊ အားကစားကွင်းရုံအတွက် ၄၁ ရာခိုင်နှုန်း ခွဲဝေလျာထားပါကြောင်း ရှင်းလင်းတင်ပြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ဇူလိုင် ၃၁ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**သူရဇော်၊ ဟန်လင်းနိုင်၊ ဓာတ်ပုံ-အေးသန်း(သတင်းစဉ်)**

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၂၆**
အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ပထမထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ဦးအေးသာအောင်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီမှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုမိန့် ခြောက်ခုနှင့် အတည်ပြုမိန့် နှစ်ခု ခွင့်ပြုရန် ဆုံးဖြတ်



**နေပြည်တော် ဇူလိုင် ၂၆**
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ တင်ပြလာသည့် အဆိုပြုချက်များအပေါ် ဆွေးနွေးစိစစ်မှုပြုရန်အတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၀/၂၀၁၈)ကြိမ်မြောက် အစည်းအဝေးကို ယနေ့တွင် ရန်ကုန်မြို့၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးသောင်းထွန်း**(ဝဲပုံ)**နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အဖွဲ့ဝင် ကိုးဦး တက်ရောက်ကြသည်။

အဆိုပါအစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံသူက တင်ပြလာသော ခွင့်ပြုမိန့်နှင့် အတည်ပြုမိန့် လျှောက်ထားလွှာများအား စိစစ်ခြင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုမိန့်ရရှိပြီးသော ကုမ္ပဏီများမှ တင်ပြလာသည့် အထွေထွေကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏(၁၀/၂၀၁၈)အစည်းအဝေးမှ အဆိုပြုလွှာတင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ခွင့်ပြုမိန့် ခြောက်ခုနှင့် အတည်ပြုမိန့် နှစ်ခုကို ခွင့်ပြုရန် ဆုံးဖြတ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သစ္စာအားမာန်အသင်း ဂိုးပြတ်အနိုင်ရ

**ရန်ကုန် ဇူလိုင် ၂၆**
၂၀၁၇-၂၀၁၈ ရာသီ KBZ Bank Women's League ပြိုင်ပွဲ ပွဲစဉ်(၁၁) တတိယနေ့ကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ကျင်းပရာ သစ္စာအားမာန်အသင်းက အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းကို သုံးဂိုးပြတ် အနိုင်ရခဲ့သည်။

သစ္စာအားမာန်အသင်းသည် ယခုပွဲ အနိုင်ရခဲ့သောကြောင့် လက်ရှိချန်ပီယံ မြဝတီအသင်းကို ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။ သစ္စာအားမာန်အသင်းသည် ပထမဆုံး ချန်ပီယံဆုအတွက် အမှားအယွင်း မရှိအောင် ကစားနိုင်ခဲ့ပြီး အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းသည် ရလဒ်ကောင်းရရန် ကြိုးပမ်းခဲ့သော်လည်း ရှုံးပွဲဖြင့် ရင်ဆိုင်ခဲ့ရသည်။ သစ္စာအားမာန်အသင်းသည် ပြိုင်ပွဲတစ်လျှောက် ရှုံးပွဲမရှိမှတ်တမ်းကို ဆက်ထိန်းနိုင်ခဲ့ပြီး အနိုင်ဂိုးများကို ၃၄ မိနစ်တွင် နီလာဝင်း၊ ၄၇ မိနစ်တွင် ခင်မိုးဝေ၊ ၈၂ မိနစ်တွင် ဂျူလိုင်ကျော်တို့က သွင်းယူခဲ့သည်။

**ရဲရင့်ရှိုင်း**

# ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ၂၀၁၈ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၆**
ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ၂၀၁၈ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး စီလမ်းဆုံ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့် ဇနီး ဒေါ်သွင်သွင်အေးမှိတို့က ပိတောက်ပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် ဒုတိယဝန်ကြီး၏ဇနီး ဒေါ်နီနီအောင်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းတင့်၊ အဆောက်အဦဦးစီးဌာန၊ လမ်းဦးစီးဌာန၊ တံတားဦးစီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အင်ဂျင်နီယာချုပ်များ၊ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက သတ်မှတ်နေရာများတွင် ကံ့ကော်၊ မဟော်ဂနီ၊ ကျွန်းနှင့် အခြားအရိပ်ရပင်နှင့် နှစ်ရှည်ပင်များကို စုပေါင်းစိုက်ပျိုးပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝန်ထမ်းများစုပေါင်း သစ်ပင်စိုက်ပျိုးပေးနေမှုကို ကြည့်ရှုအားပေးသည်။ ယနေ့ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်းအပါအဝင် အရိပ်ရပင်၊ နှစ်ရှည်ပင် စုစုပေါင်း ၄၂၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းသားသမီးများအား ထောက်ပံ့ငွေပေးအပ်

**နေပြည်တော် ဇူလိုင် ၂၆**
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် အခြေခံပညာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းတို့တွင် ပညာသင်ကြားလျက်ရှိသော ဝန်ထမ်းသားသမီးများအား ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၂၉)၌ ကျင်းပသည်။



အခမ်းအနားတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က အမှာစကားပြောကြားပြီး ၂၀၁၈-၂၀၁၉ ပညာသင်နှစ် အခြေခံပညာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းတို့တွင် ပညာသင်ကြားလျက်ရှိသော ဝန်ထမ်းသားသမီးများအတွက် ထောက်ပံ့ငွေများနှင့် ခြောက်ဘာသာဂုဏ်ထူးရရှိသူ ကျောင်းသား ကျောင်းသူ ငါးဦးတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးနှင့် ဦးသာဦးတို့က ငါးဘာသာဂုဏ်ထူးရရှိသူ ကျောင်းသား ကျောင်းသူ ၄၂ ဦးအား လည်းကောင်း၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်နှင့် ဦးချစ်ဝေတို့က လေးဘာသာဂုဏ်ထူးရရှိသူ ကျောင်းသား ကျောင်းသူ ၅၄ ဦးအား လည်းကောင်း ဆုများချီးမြှင့်ပေးအပ်ကြသည်။

ထို့နောက် ဆုရကျောင်းသား ကျောင်းသူများကိုယ်စား ခြောက်ဘာသာဂုဏ်ထူးရှင် မနှင်းလဲ့ဖြူမိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့သည် ဆုရကျောင်းသား ကျောင်းသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

၂၀၁၇-၂၀၁၈ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ခြောက်ဘာသာဂုဏ်ထူးရရှိသူ ငါးဦး၊ ငါးဘာသာဂုဏ်ထူးရရှိသူ ၄၂ ဦး၊ လေးဘာသာဂုဏ်ထူးရရှိသူ ၅၄ ဦး၊ သုံးဘာသာဂုဏ်ထူးရရှိသူ ၄၉ ဦး၊ နှစ်ဘာသာဂုဏ်ထူးရရှိသူ ၈၃ ဦး၊ တစ်ဘာသာဂုဏ်ထူးရရှိသူ ၁၉၄ ဦး၊ ရိုးရိုးအောင်မြင်သူ ၈၆၅ ဦး စုစုပေါင်း ၁၂၉၂ ဦး အောင်မြင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ အဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၆**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ အဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၌ ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်ဇနီးဒေါ်ငွေးရည်၊ ခုံရုံးအဖွဲ့ဝင်များဖြစ်ကြသော ဦးတင်မောင်မြင့်၊ ဦးမြင့်ဝင်း၊ ဦးမျိုးမြင့်၊ ဦးခင်မောင်ချို၊ ဒေါ်ခင်ငွေးကြွယ်၊ ဒေါ်လှမျိုးနွယ်နှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားသို့ နေပြည်တော် မြင့်ထူးသာကျောင်းတိုက်မှ ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

အခမ်းအနားတွင် ဒေ့ဲပရိသတ်များက ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ **(ယာပုံ)**


ယင်းနောက် ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် အန္တရာယ်ကင်း ပရိတ်တရားတော်များကို နာယူကြပြီး နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။





ထို့နောက် ဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုတို့ကို ရေစက်သွန်းချ အမျှပေးဝေကြပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ရုရှားနိုင်ငံအောက်လွှတ်တော် နိုင်ငံတကာရေးရာကော်မတီဒုတိယဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၆**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အောက်လွှတ်တော် နိုင်ငံတကာရေးရာ ကော်မတီဒုတိယဥက္ကဋ္ဌ Mr. Aleksei Chepa နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ဝဲပုံ)**

**ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရေး ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ရုရှား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စရပ်များနှင့် နှစ်နိုင်ငံလွှတ်တော်များအကြား ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန်လည်ပတ်မှု မြှင့်တင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ကရင်ပြည်နယ်အတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်နေသည့် ဒေသများသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဆက်လက်ထောက်ပံ့

**မြဝတီ ဇူလိုင် ၂၆**

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးထောက်ပံ့နိုင်ရန် ရောက်ရှိနေသည့် အမျိုးသားသဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့်အဖွဲ့သည် ယမန်နေ့ညနေပိုင်းက ကရင်ပြည်နယ် ကျုံဒိုးမြို့သို့ သွားရောက်ပြီး ဓမ္မသုခ ဘုန်းတော်ကြီးကျောင်း၌ ရေဘေးသင့် အိမ်ထောင်စု ၂၀ မှ ပြည်သူ ၁၀၁ ဦးအား တွေ့ဆုံအားပေးကာ မိသားစုအလိုက် ဆန်ရိက္ခာ ဖိုးငွေ၊ ဆီ၊ ငါးသေတ္တာ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်ထုပ်နှင့် မုန့်များ ထောက်ပံ့ပေးခဲ့ပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ထို့နောက် မြဝတီမြို့သို့ သွားရောက်ပြီး မြို့နယ်သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပြီး မြဝတီခရိုင်အတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့မှုနှင့် ဝန်ကြီးဌာနက ပံ့ပိုးဆောင်ရွက်ခဲ့မှု၊ သဘာဝဘေးအန္တရာယ်များအား အကောင်းဆုံး ရင်ဆိုင်တုံ့ပြန်နိုင်ရေးအတွက် ပြည်သူလူထုအပါအဝင် ဆက်နွှယ်ပတ်သက်သူအားလုံးက ဟန်ချက်ညီညီနည်းစနစ်တကျ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မှုတို့အားဆွေးနွေးပြီး ရေကြီးချိန်တွင် အသုံးပြုရန် အရေးပေါ်စက်တပ်လှေ၊ မြစ်ကူးချောင်းကူး ပညာသင်ကြားရသည့် ကျောင်းသားကျောင်းသူများအတွက် အသက်ကယ်အင်္ကျီ၊ ရုတ်တရက် ရေကြီးချိန်တွင် ယာယီခိုလှုံရန်အတွက် လိုအပ်သည့် ရွက်ဖျင်တဲများအား ပံ့ပိုးထောက်ပံ့နိုင်ရေးတို့ကို ဆွေးနွေးညှိနှိုင်းပေးခဲ့သည်။

ယင်းနောက် မြဝတီမြို့တွင် ဖွင့်လှစ်ခဲ့သည့် ရေဘေးရှောင်စခန်း ၁၂ ခုအနက် ရေတင်ကျန်မှုအခြေအနေအရ ဖွင့်လှစ်ထားရသည့် ကျွန်းတောဈေး ရေဘေးရှောင်စခန်းရှိ အိမ်ထောင်စု ၂၇ စုမှ လူဦးရေ ၁၄၀ အား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးပြီး စားနပ်ရိက္ခာနှင့် ကလေးများအတွက် မုန့်များထောက်ပံ့ပေးခဲ့ကာ အနိမ့်ပိုင်းချိုင့်ဝှမ်းရှိ ရေထွက်ပေါက်မရှိသည့် နေရာများတွင် ရေစုပ်ထုတ်နိုင်ရေးအတွက် ရေစုပ်စက်များ အကူအညီပေးရေးတို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတစ်ဝန်း ဆည်/တမံ ၃၆ ခု ရေပြည့်၍ ရေပိုလွှဲမှ ရေကျော်လျှက်ရှိ


**နေပြည်တော် ဇူလိုင် ၂၆**

ယခုနှစ်မိုးရာသီတွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရေကြီးရေလျှံမှုများ ရှိခဲ့သော်လည်း နိုင်ငံတစ်ဝန်းရှိ ဆည်/ရေလှောင်တမံများအနေဖြင့် စိုးရိမ်စရာမရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ယခုအခါ နိုင်ငံတစ်ဝန်းရှိ ဆည်/ရေလှောင်တမံများအနက် ၃၆ ခုမှာ ယနေ့အထိ သတ်မှတ်ကန် ရေမှတ်ပြည့်ခဲ့၍ ရေပိုလွှဲများမှ ရေကျော်လျှက်ရှိကြောင်းသိရသည်။ ရေပိုလွှဲမှ ရေကျော်လျှက်ရှိသော ဆည်/ရေလှောင်တမံများမှာ ကရင်ပြည်နယ်တွင် ရေဘုတ်ရေလှောင်တမံ၊ ချင်းပြည်နယ်တွင် လိုင်ဗားရေလှောင်တမံနှင့် သီကိရ်ရေလှောင်တမံ၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် မဟာနန္ဒကန်၊ မြောက်ယမားရေလှောင်တမံနှင့် ရာဇဗြိုဟ်ရေလှောင်တမံ၊ ပဲခူးတိုင်းဒေသကြီး(အရှေ့)တွင် မင်းရဲရေလှောင်တမံနှင့်ငမြွေရေလှောင်တမံ၊ ပဲခူးတိုင်းဒေသကြီး(အနောက်)တွင် တောင်နဝင်းရေထိန်းတမံ၊ ဝဲကြီးရေလှောင်တမံ၊ ခဝါရေလှောင်တမံ၊ တောင်ညိုရေလှောင်တမံ၊ သဲကောရေလှောင်တမံနှင့် ညောင်ကိုင်းရေလှောင်တမံ၊ မကွေးတိုင်းဒေသကြီးတွင် မုန်းချောင်းရေလှောင်တမံ၊ မန်းချောင်းရေလှောင်တမံ၊ မဒေးရေလှောင်တမံနှင့် ကြီးအုံကြီးဝရေလှောင်တမံ၊ မွန်ပြည်နယ်တွင် ဝါးပါးရေလှောင်တမံ၊ ရခိုင်ပြည်နယ်တွင် ပြိုင်းချောင်းရေလှောင်တမံ၊ ကြိုးကြာကွင်းရေလှောင်တမံ၊ ရဟိုင်းကွင်းရေလှောင်တမံ၊ ဇီးဖြူကုန်းရေလှောင်တမံ၊ ငပလီရေလှောင်တမံ၊ မင်းသားချောင်းရေလှောင်တမံ၊ ဂရင်ဂျိုင်ရေလှောင်တမံ၊ ကြက်တက်ရေလှောင်တမံ၊ ရှောက်ချောင်းရေလှောင်တမံ၊ တမန်းဒူးရေလှောင်တမံနှင့်ခမီကြိမ်ချောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဘန့်ဘွေးကုန်းရေလှောင်တမံနှင့် ဇာမဏီအင်းရေလှောင်တမံ၊ ဧရာဝတီတိုင်းဒေသကြီးတွင် ကွန်ချောင်းရေလှောင်တမံ၊ မမြရေလှောင်တမံ၊ နန်ကသူရေလှောင်တမံနှင့် ကညင်ရေလှောင်တမံတို့ဖြစ်ကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အောက်လွှတ်တော် နိုင်ငံတကာရေးရာကော်မတီ၏ ဒုတိယဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၂၆**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အောက်လွှတ်တော် နိုင်ငံတကာရေးရာကော်မတီ၏ ဒုတိယဥက္ကဋ္ဌ Mr. Aleksei Chepa အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေး ရရှိအောင် ဆောင်ရွက်နေမှုအခြေအနေ၊ မြန်မာနိုင်ငံ၏ လွှတ်တော်တွင် ဥပဒေပြုရေးကဏ္ဍများကို အထောက်အကူဖြစ်စေရန်အတွက် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ ရုရှားနိုင်ငံလွှတ်တော်သို့ သွားရောက်လေ့လာ၍ အတွေ့အကြုံများဖလှယ်ရေး၊ ဆီးရီးယားနိုင်ငံ ငြိမ်းချမ်းရေး ရရှိရေးအတွက် ရုရှားနိုင်ငံမှဆောင်ရွက်နေမှု၊ နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စက်မှုဝန်ကြီးဌာနက လူနာတင်ယာဉ် ၅၅ စီးကို ပထမဆုံးအကြိမ်တပ်ဆင်ထုတ်လုပ်

**ရန်ကုန် ဇူလိုင် ၂၆**

ပြည်တွင်းရှိ ကျန်းမာရေးစောင့်ရှောက်မှုခံယူသူများအဆင်ပြေစေရန် စက်မှုဝန်ကြီးဌာန အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအတွက် တိုယိုတာအမျိုးအစား လူနာတင်ယာဉ် ၅၅ စီးကို ပထမဆုံးအကြိမ်အဖြစ် တပ်ဆင်ထုတ်လုပ်လိုက်ပြီဖြစ်သည်။



၂၀၁၇ ခုနှစ်က စက်မှုဝန်ကြီးဌာနက တင်ဒါအောင်မြင်ခဲ့သောကြောင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအတွက် လူနာတင်ယာဉ် ၅၅ စီးကို ရေတာရှည်မြို့နယ် သာဂရနယ်မြေရှိ မြေသယ်ယာဉ်များ၊ စက်ယန္တရားယာဉ်ကြီးများ ထုတ်လုပ်သော အမှတ်(၁၅)အကြီးစားစက်ရုံ၌ တပ်ဆင်ထုတ်လုပ်ခြင်းဖြစ်ပြီး လူနာတင်ယာဉ်တစ်စီး၏ တန်ဖိုးမှာ ငွေကျပ်သိန်း ၇၄၀ ရှိကြောင်းနှင့် ယာဉ်အာမခံမှုအတွက် တစ်နှစ်အာမခံပေးထားကြောင်း၊ သာမန်အားဖြင့် ရောင်းချဈေးနှုန်းမြင့်မားနေသည်ဟု ထင်ရသော်လည်း အဆိုပါ လူနာတင်ယာဉ်မှာ ၂၀၁၇ ခုနှစ် Hiace Komputer မော်ဒယ်အသစ်အမျိုးအစားဖြစ်ပြီး ဒီဇယ်အင်ဂျင် အမျိုးအစားဖြစ်ကာ ယာဉ်မောင်းနှင်ရာတွင် ဘယ်မောင်းဖြစ်ကြောင်း၊ (Trimming Parts) ဖြစ်သော ယာဉ်ဘေးတစ်ချက်ရှိ ဆိုက်ကာဘာများ၊ အမိုးများ၊ မျက်နှာကြက်များ၊ ဗီရိုများနှင့် သူနာပြုထိုင်သည့်ခုံများအား လူနာတင်ယာဉ်နှင့်ကိုက်ညီစေရန် စက်မှုဝန်ကြီးဌာနမှ ကျွမ်းကျင်သူများနှင့် တူရကီနိုင်ငံမှ ပညာရှင်များပူးပေါင်း၍ ဒီဇိုင်းပုံစံအသစ်ပြန်လည်ရေးဆွဲပြီး Trimming Parts အားလုံးကို စံချိန်မီအရည်အသွေးဖြစ်စေရန်အတွက် တူရကီနိုင်ငံသို့ ပေးပို့ထုတ်လုပ်ကာ ပြည်တွင်း၌ ပြန်လည်တပ်ဆင်ထားခြင်းဖြစ်ကြောင်း၊ ယာဉ်မတော်တဆမှု ဖြစ်ပွားပါက လူနာဘေးအန္တရာယ် ကင်းဝေးစေရန်အတွက် တီထွင်ထုတ်လုပ်ထားကြောင်း စက်မှုဝန်ကြီးဌာနမှ သိရသည်။

စက်မှုဝန်ကြီးဌာန မြန်မာ့စီးပွားရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးကိုကိုအောင်က "လူနာတင်ယာဉ်ကို စက်မှုဝန်ကြီးဌာနက ထုတ်လုပ်ထားတယ်ဆိုပေမယ့်အကောင်းဆုံးဖြစ်တယ်လို့တော့ မဆိုလိုပါဘူး။ ဒါပေမယ့် ကျွန်တော်တို့ စက်ရုံကြီးမှာ စက်ပစ္စည်းတွေရှိပြီး ကျွမ်းကျင်နည်းပညာရှင်တွေလည်း ရှိနေတာဆိုတော့ သာမန်အားဖြင့် ပုဂ္ဂလိကတစ်ဦးတစ်ယောက်က ထုတ်လုပ်ထားတာထက်စာရင် ပိုမိုကောင်းမွန်ပါတယ်။ ကျွန်တော်တို့ဌာနအနေနဲ့ တိုယိုတာယာဉ်ကို လူနာတင်ယာဉ်အဖြစ် ထုတ်လုပ်ဖို့ ဘာကြောင့်ရွေးချယ်ဖြစ်သလဲဆိုတော့ တိုယိုတာယာဉ်တွေမှာ တပ်ဆင်ထားတဲ့ စက်ပစ္စည်းတွေဟာ ဝယ်ယူရလွယ်ပြီး စက်ပြင်ဆရာတွေအတွက်လည်း စက်ပြင်ဆောင်ရွက်ရာမှာ လွယ်ကူစေလို့ရွေးချယ်ဖြစ်တာဖြစ်ပါတယ်။ ပြည်သူတွေကလည်း တိုယိုတာပစ္စည်းဆို ကြိုက်နှစ်သက်ကြပါတယ်" ဟု လမ်းမတော် မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI ၌ ဇူလိုင် ၂၆ ရက်တွင် ပြုလုပ်ခဲ့သော လူနာတင်ယာဉ်မိတ်ဆက်ခြင်း အခမ်းအနားတွင် ပြောကြားသည်။

အဆိုပါ လူနာတင်ယာဉ်အတွင်းလူနာတင်ဆောင်သည့်အခါ၌ သွေးထွက်လွန်သူများ၊ အညစ်အကြေးပေနေသူများ၊ ရောဂါအမျိုးမျိုးနှင့် ကူးစက်ရောဂါများ ပါဝင်နိုင်သောကြောင့် နိုင်ငံတကာအဖွဲ့အစည်းဖြစ်သည့် CAS အဖွဲ့အစည်းက သတ်မှတ်ထားသည့်အတိုင်း အညစ်အကြေးများ ဆေးကြောမှုလွယ်ကူစေရန်နှင့် ရောဂါပိုးမွှားများခိုအောင်းမှုမဖြစ်စေရေးအတွက် စနစ်တကျဖြစ်စေရန် စံနှုန်းအတိုင်း ဆောင်ရွက်ထားကြောင်း၊ လူနာတင်ယာဉ်အတွင်း အထူးသဖြင့် လူနာများအတွက် နှလုံးနှိုးဆွစက်၊ အချွဲစုပ်စက်၊ သွေးကြောသွင်းဆေးရည်များ ထိုးသွင်းနိုင်သည့် ပစ္စည်းကိရိယာအပါအဝင် စုစုပေါင်း တပ်ဆင်ထားသည့် ဆက်စပ်ပစ္စည်းကိရိယာ ၄၁ မျိုးပါဝင်ပြီး အဆင့်မြင့် ပစ္စည်းကိရိယာများ ထပ်မံတပ်ဆင်နိုင်သေးကြောင်း၊ ဈေးနှုန်းကိုသုံးစွဲသူလိုအပ်ချက်နှင့်အညီ အသင့်လျော်ဆုံး ညှိနှိုင်းထုတ်လုပ်ပေးနိုင်ကြောင်း၊ ဈေးနှုန်းသက်သာသည့် အခြားနိုင်ငံထုတ်ယာဉ်မှာယူလိုပါက ဌာနအနေဖြင့် တပ်ဆင်ထုတ်လုပ်ပေးမည်ဖြစ်ကြောင်း၊ ပစ္စည်းကိရိယာများအတွက်လည်း ဈေးနှုန်းသက်သာသောမည်သည့် နိုင်ငံထုတ် ပစ္စည်းကိရိယာမဆိုမှာယူတပ်ဆင်ခိုင်းပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ပရဟိတအဖွဲ့အစည်းများအပါအဝင် စိတ်ဝင်စားသည့်မည်သည့်အဖွဲ့အစည်းမဆို မှာယူပါက တပ်ဆင်ထုတ်လုပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအနေအထားအရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအတွက် တပ်ဆင်ထုတ်လုပ်ပေးသော်လည်း မှာယူသူများရှိပါက ထပ်မံတပ်ဆင်ထုတ်လုပ်ပေးမည်ဖြစ်ကြောင်း၊ ပြည်ပမှတိုက်ရိုက်တင်သွင်းသည့် လူနာတင်ယာဉ်များရှိနေသော်လည်း များသောအားဖြင့် မော်တော်ယာဉ်ထုတ်လုပ်သည့်ကုမ္ပဏီများမှာ လူနာတင်ယာဉ်အနေဖြင့် မထုတ်လုပ်ဘဲ တိုယိုတာယာဉ်အမျိုးအစားကိုသာ လူနာတင်ယာဉ်အဖြစ် Version ပြောင်းလိုက်ခြင်းရှိကြောင်းနှင့် CAS အဖွဲ့အစည်းက သတ်မှတ်ထားသည့် စံချိန်၊ စံနှုန်းအတိုင်းပြည့်စုံပါက အဆိုပါ လူနာတင်ယာဉ်ကို နိုင်ငံတကာကဲ့သို့ အသုံးပြုနိုင်ကြောင်းနှင့် အဓိကအနေဖြင့် ပြည်တွင်းမှ ဝယ်ယူသုံးစွဲသူများအတွက်သာ လူနာတင်ယာဉ်ကိုတပ်ဆင်ထုတ်လုပ်ထားခြင်းဖြစ်ကြောင်း စက်မှုဝန်ကြီးဌာနမှ သိရသည်။

**သတင်း-ပွင့်သစ္စာ**
**ဓာတ်ပုံ-အေးမင်းသူ**

**○ မြစ်ရေကြီးမှုမှ**

အလားတူ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့်ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့်ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သဖြင့် ဘားအံမြို့နယ်၊ ပဲခူးမြို့နယ်၊ ရွှေကျင်မြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။ **ကြေးမုံ**

# အထက်ချင်းတွင်းမြစ်ဝှမ်းဒေသတွင် ကျားနှင့် အခြားသတ္တဝါများ ထိန်းသိမ်းရေးနှင့် သုတေသနလုပ်ငန်းကို ကင်မရာအလုံး ၁၀၀ ဖြင့် ၂၂၅ နေရာတွင် ပြုလုပ်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၆**

မြန်မာနိုင်ငံ၏ အထက်ချင်းတွင်းမြစ်ဝှမ်းဒေသတွင် ကျားနှင့် ယင်းအစားခံသတ္တဝါများ သုတေသနလုပ်ငန်းကို နှစ်စဉ် ထောင်ချောက်ကင်မရာအလုံး ၁၀၀ ဖြင့် ၂၂၅ နေရာတွင် သုတေသနများပြုလုပ်နေပြီး မြန်မာကျားထိန်းသိမ်းရေး အောင်မြင်ရန် မျှော်လင့်ချက်များစွာရှိနေကြောင်း သိရသည်။

၂၀၁၅ ခုနှစ်မှစ၍ အထက်ချင်းတွင်း မြစ်ဝှမ်းဒေသတွင် ကျက်စားသောကျား (Panthera tigris tigris) မျိုးစိတ်ကို IUCN၊ KFW တို့၏ ထောက်ပံ့မှုဖြင့် သစ်တောဦးစီးဌာန၊ သဘာဝပတ်ဝန်းကျင်နှင့် တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)တို့ ပူးပေါင်း၍ ထိန်းသိမ်းရေးနှင့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

"တင်စားပြောရရင် ကျားမရှိတဲ့သစ်တောဟာ ဇကရာဇ်မရှိတဲ့ နိုင်ငံလိုပဲ။ ကျားတွေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းဟာ မြန်မာ့တောတောင်ရေမြေ၊ ဇီဝမျိုးစုံမျိုးကွဲနဲ့ မြန်မာ့သဘာဝပတ်ဝန်းကျင်ကို မပျက်စီးအောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းဖြစ်ပါတယ်။ ကျားနဲ့ အခြားတောရိုင်းတိရစ္ဆာန်တွေနေထိုင်ရာ ဘေးမဲ့တောတွေ၊ အမျိုးသားဥယျာဉ်တွေဟာ မြန်မာ့သဘာဝပတ်ဝန်းကျင်အတွက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမယ့် နောက်ဆုံးခံတပ်တွေပါ"ဟု သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)မှ မြောက်ပိုင်းသစ်တောများ ဆက်စပ်နယ်မြေတာဝန်ခံ ဦးလှနိုင်က ပြောသည်။

လက်ရှိထိန်းသိမ်းရေးသုတေသနလုပ်ငန်းများအရ မြန်မာ့ကျားထိန်းသိမ်းရေး အောင်မြင်ရန် မျှော်လင့်ချက်များစွာရှိနေပြီး နိုင်ငံ၏မြောက်ပိုင်းနှင့် တောင်ပိုင်းတို့တွင် ကျားသားပေါက်များ ပြန်လည်မွေးဖွားလာနေပြီဖြစ်ကြောင်း ၎င်းကပြောသည်။


မြန်မာနိုင်ငံတွင် ကျားများကို နိုင်ငံ၏ မြောက်ပိုင်း၊ အထက်ချင်းတွင်းမြစ်ဝှမ်းဒေသနှင့် နိုင်ငံ၏တောင်ပိုင်း တနင်္သာရီ-ဒေါနတောင်တန်းတို့တွင် ကျားမျိုးစိတ်နှစ်မျိုး ကျက်စားပြီး ယင်းမှာ အိန္ဒိယဘက်နှင့်နွယ်သောကျား (Panthera tigris tigris) နှင့် အင်ဒိုချိုင်းနားကျွန်းဆွယ်နွယ်သောကျား (Penthera tigris corbetti) ဖြစ်ကာ အတိအကျပြောနိုင်ရန် မျိုးရိုးဗီဇဆိုင်ရာ သုတေသနပြုလုပ်ရေး လိုအပ်လျက်ရှိသည်။ **ညီတူး**



# ကျန်းမာသက်ရှည်ခြင်း၏ လျှို့ဝှက်ချက်များ(၄)

**ဒေါက်တာဇော်ထွန်းလင်း**
ဆေးပညာမဟာသိပ္ပံ

**ကျောက်ကပ်ကျန်းမာရေး**






သင့်၏လက်သီးဆုပ်ခန့်သာရှိသော ဤအင်္ဂါလေးသည် ခန္ဓာကိုယ်၏ ကြီးလေးသောတာဝန်များကို ထမ်းဆောင်ခြင်းဖြင့် သင့်ကိုကျန်းမာစေသည်။ ရေနှင့် သတ္တုဓာတ်များ၊ အခြားပစ္စည်းများ၏ ပမာဏကိုထိန်းသိမ်းခြင်းသည် သူ၏အဓိကတာဝန်ဖြစ်သည်။ ကံမကောင်းစွာဖြင့် ကျောက်ကပ်လုပ်ငန်းချို့ယွင်းလျှင် သင်စောစီးစွာ မသိနိုင်တာများပါသည်။ သိပြီဆိုလျှင်လည်း ပြင်းထန်ပြီး မကုနိုင်တာများပါသည်။

ကျောက်ကပ်ကျန်းမာရေးကို နားလည်ချင်လျှင် ကျောက်ကပ်အကြောင်း အကြမ်းဖျင်းတော့ သိမှဖြစ်မည်။ ကျောက်ကပ်မှာ သွေးစစ်ဆန်ကာ တစ်သန်းခန့်ရှိပြီး တစ်နေ့ကို ဂါလန် ၄၀ ခန့်စစ်ထုတ်၍ သွေးကို သန့်စင်စေပြီး ဆီးကိုထုတ်လုပ်သည်။ ခန္ဓာကိုယ်အတွက်လိုအပ်သော ရေပမာဏ၊ အာဟာရများ၊ ဓာတ်ပစ္စည်းများကို ချန်ထားပြီး ပိုလျှံနေသောရေ၊ ကျန်းမာရေးအတွက် အန္တရာယ်ရှိသောပစ္စည်းများ၊ ပိုလျှံနေသော အာဟာရများကို ဆီးအဖြစ် စွန့်ထုတ်ပါသည်။

ထို့အပြင်သွေးပေါင်ချိန် ထိန်းသိမ်းခြင်း၊ သွေးနီဥထုတ်လုပ်ခြင်း၊ ဗီတာမင်ဒီကို လှုံ့ဆော်ခြင်းတို့အတွက် လိုအပ်သော ဟော်မုန်းများကိုလည်း ထုတ်လုပ်ပါသည်။ ဗီတာမင်ဒီကို လှုံ့ဆော်ခြင်းဖြင့် အရိုးများကို သန်မာစေ၏။ ကျောက်ကပ်လုပ်ငန်း လေးပုံသုံးပုံ ပျက်စီးနေသော်လည်း လက္ခဏာမပြဘဲရှိတတ်သည်မှာ ကြောက်စရာပါ။ ကျောက်ကပ်ကို ပျက်စီးစေသည်မှာ သွေးတိုးနှင့် ဆီးချိုသွေးချိုအဓိက ဖြစ်သည်။ အခြား ကျောက်ကပ်ထိခိုက်စေသောရောဂါများမှာ နှလုံးရောဂါနှင့် မျိုးရိုးလိုက်သော ကျောက်ကပ်လုပ်ငန်း ချို့ယွင်းမှုရောဂါများ ဖြစ်ပါသည်။

ကျောက်ကပ်ကျန်းမာရေး ကောင်း၊ မကောင်း နှစ်စဉ်မှန်မှန် စစ်ဆေးသင့်ပါသည်။ ဆီးထဲမှာ အသားဓာတ်(အယ်ဗျူမင်)ပါလျှင် ကျောက်ကပ်မကောင်းသည်ကို ဖော်ပြ၏။ ဆီးကို ဖန်ပြွန်ထဲထည့်၍ အပူပေးလျှင် အဖြူရောင်ပြောင်းသွားပါက ဆီးထဲတွင် အယ်ဗျူမင်ပါကြောင်း သိနိုင်သည်။ သွေးစစ်မှုအနေဖြင့် ကျောက်ကပ်စစ်ထုတ်နှုန်းကို စစ်ရပါသည်။ GFR 60 အောက်ဆိုလျှင် နာတာရှည် ကျောက်ကပ်ရောဂါရှိသည်။ GFR 15 အောက်ဆိုလျှင် ကျောက်ကပ်အလုပ်မလုပ်နိုင်တော့သည့် သဘောဖြစ်၏။ ထို့ကြောင့် သည်အဆင့် မရောက်အောင် ဆိုဒီယမ်နှင့် အသားဓာတ်ကို လျှော့စားခြင်း၊ သွေးပေါင်ချိန်ထိန်းခြင်း၊ အဝမလွန်အောင် ကိုယ်ခန္ဓာအလေးချိန်ထိန်းခြင်း၊ ကိုယ်လက်လှုပ်ရှား အားကစားလုပ်ခြင်းတို့ဖြင့် ကျောက်ကပ် ကျန်းမာရေးကောင်းအောင် လုပ်ရမည်ဖြစ်ပါသည်။

> ❝ ကျောက်ကပ်ကျန်းမာရေး ကောင်း၊ မကောင်း နှစ်စဉ်မှန်မှန်စစ်ဆေးသင့်ပါသည်။ ဆီးထဲမှာ အသားဓာတ်ပါလျှင် ကျောက်ကပ်မကောင်းသည်ကို ဖော်ပြ၏။ ဆီးကို ဖန်ပြွန်ထဲထည့်၍. . . ❞

## အစားအစာနှင့် ကျန်းမာရေး

'သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ'ဆိုသည့် အတိုင်း ခပ်သိမ်းသော သတ္တဝါတို့သည် အစားအစာပေါ်တွင် တည်မှီနေ၏။ အသက်ရှင်ရပ်တည်နေရ၏။ ကျန်းမာစွာနေရ၏။ အသက်ရှည်နေရ၏။ ကျန်းမာသက်ရှည်ခြင်းအတွက် အစာအာဟာရသည် အဓိကကျ၏။

ခန္ဓာကိုယ်အင်္ဂါအသီးသီးကို ဆဲလ်များဖြင့် တည်ဆောက်ထားသည်။ ဆဲလ်သည် သက်ဆိုင်ရာလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် အောက်ဆီဂျင်နှင့် ဂလူးကို့စ်လိုအပ်သည်။ ဂလူးကို့စ်အပါအဝင် လိုအပ်သောဆဲလ်၏ အာဟာရများကို အစားအစာမှရသည်။ အစားအစာဆိုသည်မှာ ဗိုက်ဆာလျှင် ဗိုက်ဝရုံစားရသောအရာမျှသာ မဟုတ်။ ခန္ဓာကိုယ်အတွက် လုံလောက် ပြည့်စုံမျှတသော အစားအစာဖြစ်ဖို့လိုသည်။

သွေးထဲတွင် ဂလူးကို့စ်ပမာဏကျသွားခြင်းဖြစ်သောအခါ ဦးနှောက်ရှိ ဆာလောင်ခြင်းဗဟိုဌာနချုပ်ကို လှုံ့ဆော်၏။ ထိုအခါ ဗိုက်ဆာခြင်းကိုဖြစ်စေသည်။ ဗိုက်ဆာ၍ အစာစားသည်။ ဗိုက်ပြည့်လျှင် ဦးနှောက်ရှိ ဗိုက်ပြည့်သော ဗဟိုဌာနချုပ်ကို သတင်းပို့သောကြောင့် ဆက်လက်စားချင်စိတ်ကို ပျောက်စေသည်။

စားလိုက်သောအစားအစာများကို ပါးစပ်မှစ၍ အစာအိမ်အူလမ်းကြောင်းတစ်လျှောက် တံတွေး၊ အစာခြေရည်များဖြင့် ခြေသည်။ ပန်ကရိယ အင်ဇိုင်းများ၊ သည်းခြေရည်များက ပါဝင်ကူညီသည်။ အစားအစာတွင် ပါဝင်သော ကစီဓာတ်၊ အသားဓာတ်၊ အဆီဓာတ်၊ ဓာတ်သတ္တု၊ ဗီတာမင်နှင့် ဆေးများကို အူသိမ်နံရံအတွင်း စုပ်ယူသည်။ သွေးထဲမှတစ်ဆင့် အသည်းသို့ရောက်ရှိသည်။ အသည်းတွင် လိုအပ်သည်များကို စီမံခန့်ခွဲ၍ ခန္ဓာကိုယ်အသီးသီးသို့ အာဟာရများကို ပို့ဆောင်ပေးသည်။

အာဟာရ လုံလောက်စွာမရလျှင် အာဟာရချို့တဲ့ခြင်းဖြစ်၍ အာဟာရလွန်ကဲလျှင် အဝလွန်ခြင်းဖြစ်သည်။ အာဟာရချို့တဲ့လျှင် ကိုယ်ခန္ဓာဖွံ့ဖြိုးမှု နှောင့်နှေးခြင်း၊ ကိုယ်ခံအားနည်း၍ ကူးစက်ရောဂါများဖြစ်ပွားလွယ်ခြင်း၊ ဗီတာမင်ချို့တဲ့သောရောဂါ စသည်တို့ဖြစ်လာသည်။ အဝလွန်လျှင် သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ဆီးချိုသွေးချိုရောဂါနှင့် လေဖြတ်ရောဂါများ ဖြစ်လေ့ရှိသည်။ ထို့ကြောင့် အာဟာရပြည့်ဝစေရန်လည်းကောင်း၊ ကိုယ်အလေးချိန်ထိန်းနိုင်ရန်လည်းကောင်း၊ မျှတသော အစားအစာစားရန်လိုသည်။

မျှတသောအစားအစာဆိုသည်မှာ လတ်ဆတ်သည့် သစ်သီးများ၊ လတ်ဆတ်သော ဟင်းသီးဟင်းရွက်များ၊ ကောက်ပဲသီးနှံများ၊ ပဲတောင့်ရှည်များ၊ အခွံမာအသီးများ၊ အဆီနည်းသော အသားများ ပါဝင်ရပေမည်။ သာမန်လူတစ်ယောက်အဖို့ တစ်နေ့ ကယ်လိုရီ ၂၀၀၀ ခန့်ရှိသော အစားအစာကိုစားလျှင် လုံလောက်သည်။ သို့သော် အသက်အရွယ်၊ ကိုယ်လက်လှုပ်ရှားမှုနှင့် အလုပ်အကိုင်ပေါ်မူတည်၍ ပြောင်းလဲနိုင်သည်။ အလုပ်ကြမ်းသမားတွင် ကယ်လိုရီများပိုမိုလိုအပ်၍ အထိုင်များသောသူတွင် ကယ်လိုရီ အနည်းငယ်သာလိုသည်။

ကျန်းမာရေးအတွက် အရေးကြီးဆုံးမှာ ဗလာကယ်လိုရီများပင် ဖြစ်သည်။ ဗလာ ကယ်လိုရီဆိုသည်မှာ အာဟာရဓာတ်တန်ဖိုး လုံးဝမရှိဘဲ ကယ်လိုရီသက်သက်သာပေးသော ကယ်လိုရီများဖြစ်သည်။ ယင်းတို့မှာ သကြားနှင့် ပြည့်ဝဆီများပင်ဖြစ်သည်။ သကြားနှင့် ပြည့်ဝဆီများကိုရှောင်ခြင်းဖြင့် အဝလွန်ခြင်း၊ သွေးတိုးရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ လေဖြတ်ရောဂါတို့မှ ကင်းဝေးစေနိုင်ကြမည် ဖြစ်ပါသည်။ ဝက်ပေါင်ခြောက်၊ ကြက်/ဝက်အူချောင်းများ၊ ကိတ်မုန့်များ၊ ဒိန်ခဲ၊ ကွတ်ကီး၊ ဒိုးနတ်၊ အားဖြည့်အချိုရည်များ၊ သစ်သီးဖျော်ရည်များ၊ ရေခဲမုန့်၊ ပီဇာ၊ အချိုရည်နှင့် ဆိုဒါများ သောက်သုံးခြင်းမှလည်း ဗလာကယ်လိုရီများရနိုင်သည်။

ဆီးချိုသွေးချိုသမားကလွဲ၍ ကျန်လူများ သစ်သီးချိုချို ဘယ်လောက်စားစား အန္တရာယ်မရှိပါ။ ဆီးချိုသမားများအနေဖြင့်သာ အချိုပေါ့သော သစ်သီးများ (ဥပမာ- ပန်းသီး၊ သစ်တော်သီး၊ ငှက်ပျောသီး)ကို စားသင့်သည်။ ဟင်းသီးဟင်းရွက်များတွင် အမျှင်ဓာတ်၊ ဗီတာမင်ဓာတ်နှင့် သတ္တုဓာတ်တို့အပြင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများပါဝင်သဖြင့် မှန်မှန်စားသုံးသင့်သည်။

လုံးတီးဆန်၊ နှံစားပြောင်း၊ လုံးတီးဂျုံတို့သည် ဖြူအောင်ဖွပ်ထားသော သီးနှံများထက် ကျန်းမာရေးအတွက် ပိုကောင်းသည်။ အခွံမာသီးများတွင် မိုနိုမပြည့်ဝဆီနှင့် ပေါ်လီမပြည့်ဝဆီများ ပါဝင်သဖြင့် ကိုလက်စထရောကို ကျစေသည်။ ထို့ပြင် အမျှင်ဓာတ် ဗီတာမင်ဘီ အမျိုးမျိုး၊ ဖော်လိတ်၊ ဗီတာမင် 'အီး'၊ ဓာတ်သတ္တုများ (ဥပမာ ထုံးဓာတ်၊ သံဓာတ်၊ သွပ်ဓာတ်၊ ပိုတက်ဆီယမ်၊ မဂ္ဂနီဆီယမ်)၊ ဓာတ်တိုးဆန့်ကျင် ဓာတ်သတ္တုများ (ဥပမာ စနယ်လီယမ်၊ မဂ္ဂနိစ်နှင့် ကြေးနီဓာတ်)၊ ဓာတ်တိုးဆန့်ကျင်ဓာတ်ပေါင်းများ (ဥပမာ- ဖလေဗီနွိုက်နှင့် ရီဗာရာထရော)နှင့် အပင်စတီရော(Plant Sterols)တို့ ပါဝင်သဖြင့် ကျန်းမာသက်ရှည်ရေးအတွက် များစွာ အထောက်အကူပြုသည်။

ထို့ပြင် အခွံမာအသီးများတွင် အသားဓာတ်ကြွယ်ဝခြင်း၊ ဆိုဒီယမ်နည်း၍ ပိုတက်ဆီယမ်များခြင်းတို့ကြောင့် ကျန်းမာရေးကို ကောင်းစေသည်။ အခွံမာသီးကို တစ်နေ့ ဂရမ် ၃၀ စားသုံးလျှင် နှလုံးရောဂါကို ၃၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်သည်။ နှလုံးရောဂါကြောင့် သေဆုံးမှုကို ၂၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်သည်။ အမျှင်ဓာတ်နှင့် အပင်စတီရောတို့သည် ကိုလက်စထရောကို အူမှ ပြန်လည်မစုပ်ယူအောင် တားဆီးပေးသည်။ အာဂျီနင်း(Arginine) ခေါ် အမိုင်နိုအက်စစ်တစ်မျိုးသည် သွေးကြောများကို ပျော့ပျောင်းစေခြင်းဖြင့် သွေးကြောမာခြင်း၊ ကျဉ်းခြင်းကို လျှော့ပါးစေသည်။ ပါဝင်သော ဓာတ်တိုးဆန့်ကျင်ပစ္စည်းများသည် ဓာတ်တိုးခြင်းနှင့် ရောင်ရမ်းခြင်းကို တားဆီးပေးသည်။ သွေးပေါင်ချိန်ထိန်းရာတွင် အထောက်အကူပြုသဖြင့် သွေးတိုးရောဂါကာကွယ်ခြင်း၊ ကုသခြင်းတို့တွင် အသုံးဝင်သည်။

အခွံမာသီးစားသုံးသူများသည် အမျိုးအစား (၂) ဆီးချိုသွေးချိုရောဂါဖြစ်ပွားနှုန်းကို ၃၀ ရာခိုင်နှုန်းအထိ လျှော့ကျစေနိုင်သည်။ အမျိုးအစား (၂)ဆီးချိုသွေးချိုရှိသူများတွင် ကစီဓာတ်နှင့် အခွံမာသီးကိုတွဲဖက်စားပါက ကစီဓာတ်ကို အစာအိမ်အူလမ်းကြောင်းတစ်လျှောက် ရွေ့လျားရာတွင် နှေးကွေးစေခြင်း၊ ကစီဓာတ် ချေဖျက်မှုကို လျှော့စေခြင်း၊ အင်ဆူလင်အာနိသင်ကို တိုးစေခြင်းဖြင့် သွေးချိုထိန်းသိမ်းမှုကို ကူညီသည်။

ပဏာမသုတေသနပြုချက်များအရ အခွံမာသီးများသည် သည်းခြေကျောက်တည်ခြင်း၊ မြင်လွှာဗဟိုဌာနချုပ်ရောဂါ(Macular Degeneration)၊ အရိုးအားနည်းခြင်း၊ ဦးနှောက်မှတ်ဉာဏ်အားနည်းခြင်း၊ ကင်ဆာရောဂါဖြစ်ခြင်းတို့ကို လျှော့ပါးစေကြောင်း တွေ့ရှိရသည်။

အထက်ပါအတိုင်း မျှတသောအစားအစာဖြစ်အောင်ရွေးချယ်စားသုံးရန် လိုအပ်သကဲ့သို့ ကျန်းမာရေးနှင့်ညီညွတ်သော စားသုံးဆီကိုလည်း ရွေးချယ် ချက်ပြုတ်သင့်ပါသည်။

### စားသုံးဆီ

မိုနိုမပြည့်ဝဆီ ၂၀ ရာခိုင်နှုန်းနှင့် ပြည့်ဝဆီ ၁၁ ရာခိုင်နှုန်းသည် ကျန်းမာရေးအတွက် ကောင်းသောအချိုးအစားဖြစ်သည်။ နေကြာဆီ၊ ပဲပုပ်စေ့ဆီ၊ ဆူး



ပန်းဆီ၊ ပြောင်းဖူးဆီတို့သည် ယင်းအချိုးအစားနှင့် ကိုက်ညီသဖြင့် ကျန်းမာရေးအတွက် ကောင်းသည်။ ငါးများ၊ သစ်ကြားသီး၊ ဂုန်လျှော်စေ့၊ ထောပတ်သီး၊ သံလွင်ဆီ၊ ကင်နိုလာဆီ၊ မြေပဲဆီစသည့် အဆီများသည်လည်း ကျန်းမာရေးအတွက် ကောင်းသည်။

ပြည့်ဝဆီအစား ပေါ်လီမပြည့်ဝဆီများကို စားသုံးခြင်းသည် နှလုံးရောဂါကို ၂၉ ရာခိုင်နှုန်းအထိ လျှော့ချနိုင်သည်။ ပေါ်လီမပြည့်ဝဆီနှင့် မိုနိုမပြည့်ဝဆီများကို ရွေးချယ်စားသုံးခြင်းဖြင့် ကိုယ်ခန္ဓာကျန်းမာရေးကို ထိခိုက်သော အဆီဆိုးများ သုံးမျိုးဖြစ်သည့် အယ်ဒီအယ်၊ ကိုလက်စထရောနှင့် ထရိုင်ဂလစ်စရိုက်များကို သွေးထဲတွင် လျှော့နည်းစေခြင်းဖြင့် နှလုံးရောဂါ၊ သွေးတိုးနှင့် လေဖြတ်ရောဂါများကို ကာကွယ်နိုင်သည်။

စားသုံးဆီတိုင်းတွင် အဆီအက်စစ်သုံးမျိုး ပါဝင်သည်။ ပါဝင်သည့် အချိုးအစားသာကွာသည်။ ယင်းသုံးမျိုးမှာ ပေါ်လီမပြည့်ဝဆီ၊ မိုနိုမပြည့်ဝဆီနှင့် ပြည့်ဝဆီတို့ဖြစ်သည်။ သံလွင်ဆီနှင့် ကင်နိုလာဆီတို့တွင် မိုနိုမပြည့်ဝဆီ အများဆုံးပါဝင်၍ ပဲပုပ်စေ့နှင့် ပြောင်းဖူးဆီတွင် ပေါ်လီမပြည့်ဝဆီ အများဆုံးပါဝင်သည်။ စားအုန်းဆီတွင် ပြည့်ဝဆီ အများဆုံးပါဝင်၍ ရှောင်သင့်သည်။

ထောပတ်သီးတွင် မိုနိုမပြည့်ဝဆီ ၇၀ ရာခိုင်နှုန်းပါဝင်၍ မိုနိုမပြည့်ဝဆီပါသော အဆီများတွင် ပထမဖြစ်သည်။ ဒုတိယမှာ သံလွင်ဆီဖြစ်သည်။ သို့သော် ထောပတ်သီးတွင် ပေါ်လီမပြည့်ဝဆီ ၁၀ ရာခိုင်နှုန်းသာပါ၍ ပြည့်ဝဆီ ၂၀ ရာခိုင်နှုန်းပါသဖြင့် အကောင်းဆုံးဟု ပြောရန်ခက်သည်။ ပြည့်ဝဆီများသော ထောပတ်၊အုန်းဆီနှင့် စားအုန်းဆီတို့က အဆိုးဆုံးဖြစ်သည်။

စပျစ်သီးစေ့အဆီတွင် ပေါ်လီမပြည့်ဝဆီ ၇၁ ရာခိုင်နှုန်း၊ မိုနိုမပြည့်ဝဆီ ၁၇ ရာခိုင်နှုန်းနှင့် ပြည့်ဝဆီ ၁၂ ရာခိုင်နှုန်း ပါဝင်သည်။ ကင်နိုလာဆီတွင် မိုနိုမပြည့်ဝဆီ ၆၂ ရာခိုင်နှုန်း၊ ပေါ်လီမပြည့်ဝဆီ ၃၂ ရာခိုင်နှုန်းနှင့် ပြည့်ဝဆီ ခုနစ်ရာခိုင်နှုန်း ပါဝင်သည်။ အိုမီဂါ-၃ အဆီ ပါဝင်သည့်အပြင် ကင်နိုလာဆီသည် စွယ်စုံသုံးဆီဖြစ်ပြီး ဈေးသက်သာသည်။ ။

# Yangon School Bus ပြေးဆွဲမှု Application စနစ်ဖြင့် စတင်စမ်းသပ်ပြေးဆွဲ




**ရန်ကုန် ဇူလိုင် ၂၆**

၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ရန်ကုန်တိုင်း ဒေသကြီးအတွင်း အခြေခံပညာကျောင်းများ၌ ကျောင်းကားစနစ်သစ်ကို ကျောင်းနှစ်ကျောင်းတွင် စံပြအနေဖြင့် စတင်ကျင့်သုံးခဲ့ပြီး ယခုအခါတွင် Application စနစ်ကို အသုံးပြုကာ စမ်းသပ်ပြေးဆွဲနေပြီ ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA) မှ သိရသည်။

**စမ်းသပ်ဆောင်ရွက်**

Yangon School Bus (YSB) တာဝန်ခံ ဦးနန်းအောင်က "ဒီနှစ်မှာတော့ Yangon School Bus တွေကို စမ်းသပ်ပြီး ပြေးဆွဲခဲ့ပါတယ်။ ကျောင်းအနေနဲ့ဆိုရင်တော့ TTC ကမာရွတ်နဲ့ TTC ရန်ကင်းကျောင်းတွေကို ပြေးဆွဲပေးနေတာပါ။ မိဘတွေအနေနဲ့ ကျောင်းကြို၊ ကျောင်းပို့အတွက် စိတ်ချရနိုင်တဲ့အနေအထား တစ်ခုဖြစ်အောင် ဆောင်ရွက်ပေးနေပါတယ်။ အခုဆိုရင် Application စနစ်ကို စမ်းသပ်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ အခုလိုဆောင်ရွက်ခြင်းအားဖြင့် မိဘတွေအနေနဲ့ သူတို့ရဲ့သားသမီးတွေ ကျောင်းကားပေါ် အတက်အဆင်းပုံရိပ်တွေကို အချိန်နဲ့ တစ်ပြေးညီ သိရှိနိုင်မှာဖြစ်သလို ကလေးတွေ ဘယ်နေရာကိုရောက်နေပြီလဲ၊ ကျောင်းကား ဘယ်ကိုရောက်နေပြီလဲ ဆိုတာကိုလည်း ဖုန်းထဲကနေတစ်ဆင့် သိရှိနိုင်မှာ ဖြစ်ပါတယ်"ဟု ပြောသည်။

Yangon School Bus (YSB) စနစ်ကို ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA)၏ ကြီးကြပ်မှုဖြင့် Royal Golden Hand Co., Ltd. က တာဝန်ယူပြေးဆွဲပေးခြင်းဖြစ်ပြီး ပထမဆုံးအဆင့် (စံပြ) အနေဖြင့် ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေး အထက်တန်းကျောင်း (TTC) ကမာရွတ်နှင့် (TTC) ရန်ကင်း စသည့် ကျောင်းနှစ်ကျောင်းတို့တွင် ဇွန် ၁ ရက် နံနက်ပိုင်းမှ စတင်ကာ ပြေးဆွဲပေးလျက်ရှိပြီး ယခုအခါ Application စနစ်ကို အသုံးပြုကာ စမ်းသပ်ပြေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် YRTA ၏ လမ်းညွှန်မှုအရ Asia Starmar Transport Intelligent Co.,Ltd. က နည်းပညာပိုင်းနှင့်ပတ်သက်၍ တာဝန်ယူဆောင်ရွက်ခြင်းဖြစ်သည်။ စမ်းသပ်ပြေးဆွဲမှု ကာလအဖြစ် ဇူလိုင် ၂၃ ရက်မှ ၃၁ ရက်အထိ ပြေးဆွဲလျက်ရှိပြီး ဩဂုတ် ၁ ရက်မှ စတင်ကာ တရားဝင်ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

**အချိန်နှင့်တစ်ပြေးညီသိနိုင်**

Asia Starmar Transport Intelligent Co.,Ltd. မှ Chief Information Officer ဦးသန်းထိုက်စိုးက "ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ နည်းပညာပိုင်းနဲ့ပတ်သက်ပြီး ပံ့ပိုးမှု လုပ်ပေးတာပါ။ Yangon School Bus Software ရဲ့ အဓိကလုပ်ဆောင်ချက်ကတော့ Application ဝင်လိုက်တာနဲ့ ကျောင်းသားမိဘတွေအနေနဲ့ သူတို့ရဲ့သားသမီးတွေကို ကားပေါ်တက်တဲ့အချိန်နဲ့ ဆင်းတဲ့အချိန်တွေကို ပုံရိပ်တွေနဲ့တကွ အချိန်နဲ့တစ်ပြေးညီ ဖုန်းထဲကနေ သိရှိနိုင်မှာဖြစ်ပါတယ်။ ကျောင်းသားတွေအနေနဲ့ ယာဉ်အတက်၊ အဆင်း ကတ်ပြားကို ကျောင်းကားအပေါက်ဝမှာရှိတဲ့ စက်နဲ့ ကပ်လိုက်တာနဲ့ ယာဉ်ပေါ်မှာပါရှိတဲ့ ကင်မရာကနေတစ်ဆင့် ကျောင်းသားတွေရဲ့ ပုံရိပ်ကို Application ကနေ အချိန်နဲ့တစ်ပြေးညီ သိရှိနိုင်မှာဖြစ်ပါတယ်။ နောက် တစ်ခုကတော့ ဒီ Application ထဲမှာပဲ ကျောင်းကားရောက်နေတဲ့ နေရာကို အချိန်နဲ့တစ်ပြေးညီ GPS ကနေ တစ်ဆင့် သိရှိနိုင်မှာဖြစ်ပါတယ်။ ကျောင်းကားပေါ်မှာလည်း CCTV တွေ တပ်ထားတဲ့အတွက်ကြောင့် ထိန်းချုပ်ရေး စင်တာကနေလည်း ကြည့်ရှုနိုင်မှာဖြစ်ပါတယ်"ဟု ပြောသည်။

TTC ကမာရွတ်မှ ကျောင်းသားမိခင်ဖြစ်သူ ဒေါ်ခင်လေးသန့်က "ကျွန်မရဲ့ သားနဲ့သမီး နှစ်ယောက်လုံး School Bus နဲ့ကျောင်းတက်ကြတာပါ။ တော်တော် အဆင်ပြေပါတယ်။ အချိန်မှန်တယ်။ ကလေးတွေလည်း သက်သောင့်သက်သာရှိတယ်။ အခုဆိုရင် Application စနစ်ကို စမ်းသပ်အသုံးပြုနေပြီ ဖြစ်တာကြောင့် ကိုယ့်ရဲ့ကလေး ကျောင်းကားပေါ်တက်တဲ့အချိန်မှာ သူရဲ့ ကတ်ပြားလေးကို စက်မှာထိလိုက်တာနဲ့ ဖုန်းထဲကနေ ပုံရိပ်ကို အချိန်နဲ့တစ်ပြေးညီ တွေ့မြင်ရမှာပါ။ ယာဉ်လမ်းကြောင်းကို ကြည့်လိုက်ရင်လည်း ဘယ်နားရောက်နေပြီဆိုတာကို သိရှိနိုင်မှာဖြစ်တဲ့အတွက် ကျောင်းကြို၊ ကျောင်းပို့အတွက် မိဘတွေအနေနဲ့ အချိန်ကုန်နေရတာမျိုး မရှိတော့ပါဘူး။ ကလေးတွေအတွက်လည်း လုံခြုံစိတ်ချမှုပိုရှိသွားပါတယ်"ဟု ပြောသည်။

ယင်းသို့ပြေးဆွဲသည့် ကျောင်းကားများတွင် ကျောင်းသား ကျောင်းသူများကို ကူညီဆောင်ရွက်ပေးနိုင်ရန် YRTA မှ သင်တန်းပို့ချထားသည့် ကြီးကြပ်သူ(ယာဉ်မယ်) တစ်ဦးစီပါရှိခြင်း၊ အရေးပေါ်ဆေးသေတ္တာများပါရှိခြင်းနှင့် မော်တော်ယာဉ်၏ လုံခြုံရေးစနစ်များနှင့် ကျောင်းသား ကျောင်းသူများ အဆင်း၊ အတက်ပြုလုပ်ရာတွင် လွယ်ကူစေသော စနစ်များပါရှိသည့်အပြင် ကျောင်းသား ကျောင်းသူများအတွက် လုံခြုံ စိတ်ချမှုရှိစေရန်နှင့် ၎င်းတို့၏ လှုပ်ရှားမှုပုံရိပ်များကို ကြည့်ရှုနိုင်ရန် ယာဉ်၏ အတွင်းပိုင်း၌ CCTV ကင်မရာ လေးလုံးစီတပ်ဆင်ထားကြောင်း သိရသည်။

ယခု ပညာသင်နှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျောင်းကားစနစ်သစ်ကို ပြေးဆွဲရာတွင် ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ် မြို့နယ်များရှိ အဓိကလမ်းမကြီးများနှင့် ယာဉ်ကြောကျပ်တည်းမှု အများဆုံးဖြစ်ပေါ်လေ့ရှိသည့် နေရာများတွင် တည်ရှိသော အခြေခံပညာကျောင်း ၂၂ ကျောင်းတို့ကို ကျောင်းကားစနစ်အသစ်ဖြင့် ပြေးဆွဲသွားရန် တိုင်းဒေသကြီးအစိုးရအဖွဲ့က စီစဉ်ဆောင်ရွက်ခဲ့ရာ ယခုအခါ ပထမဆင့်အနေဖြင့် TTC ကမာရွတ်နှင့် TTC ရန်ကင်းတို့တွင် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည်။

**သတင်း-ဇော်ကြီး**

**ဓာတ်ပုံ-ဖေဇော်**

# ကန်ကြမ်းရှားပါးခြင်းနှင့် အရှုံးပေါ်နေခြင်းကြောင့် ရွှေပြည်သာစက်မှုဇုန်ရှိ စက်ရုံနှစ်ရုံ ပိတ်သိမ်းထား

**ရန်ကုန် ဇူလိုင် ၂၆**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်တွင် ၂၀၁၈ ခုနှစ်အတွင်း ပိတ်သိမ်းထားသည့် စက်ရုံနှစ်ရုံရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာစက်မှုဇုန်၌ ဇုန်(၁-၂)၊ သာဓုကန်စက်မှုဇုန်၊ ဝါးတရာစက်မှုဇုန်ဟူ၍ ဇုန်လေးဇုန်တွင် သစ်လုပ်ငန်းနှင့် ပတ်သက်သော အစိုးရဖက်စပ်စက်ရုံမပါ ပုဂ္ဂလိကစက်ရုံများဖြစ်သည့် MRT၊ ထူးမက်(စ်)ကွိုင်နှင့် Global Woodcraft ဟူ၍ စက်ရုံလေးရုံအနက် တစ်ရုံမှာ ကုန်ကြမ်းရှားပါးပြီး ဝယ်ယူရသည့် နှုန်းထားများ ကြီးမြင့်နေခြင်းနှင့် အခြားတစ်ရုံဖြစ်သော သာဓုကန်စက်မှုဇုန်ရှိ မြန်မာအလူမီနီယံစက်ရုံသည်လည်း အရှုံးပေါ်နေ၍ မတ် ၃၁ ရက်တွင် ပိတ်သိမ်းထားကြောင်း ရွှေပြည်သာမြို့နယ် အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာနမှ သိရသည်။

"ရွှေပြည်သာမြို့နယ်မှာ Global Woodcraft သစ်ပါးလွှာစက်ရုံဟာ ဇူလိုင် ၂၄ ရက်က အလုပ်သမား ၂၃၆ ဦးအတွက် အလုပ်ထုတ်နစ်နာကြေးငွေကျပ် ၇၂၆၈၇၂၀၀၊ လစာ ၄၂၄၇၁၀၃၈ ကျပ်၊ လုပ်သက်ခွင့်ကြေး ၉၈၄၃၄၀၅ ကျပ် စုစုပေါင်း ၁၂၅၀၀၁၆၄၃ ကျပ်ကို ပေးခဲ့ပါတယ်။ ဒီနေ့က စပြီး စက်ရုံကိုပိတ်သိမ်းခဲ့တာ ဖြစ်ပါတယ်" ဟု ရွှေပြည်သာမြို့နယ် အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးဇော်ဇော်လတ်က ပြောကြားသည်။

"အလုပ်သမားတွေကလည်း သဘောတူလက်ခံခဲ့ကြပါတယ်။ ဇွန် ၂၁ ရက်နေ့စွဲနဲ့ စက်ရုံဘက်က စက်ရုံကို ယာယီပိတ်သိမ်းမယ်ဆိုပြီး နို့တစ်ချထားတယ်။ မနေ့ကအလုပ်ထုတ်နစ်နာကြေး နှစ်အလိုက်တွက်ချက်ပြီး ပေးတယ်။ ရက်မပျက်အလုပ်ဆင်းပြီး လုပ်သက်ခွင့်မယူထားတဲ့သူတွေအတွက် လုပ်သက်ခွင့် ခံစားခွင့်ကို ၁၀ ရက်စာငွေတွက်ပြီးပေးတယ်။ တစ်ရက်ကို နာရီဝက်နှုန်းနဲ့ ခြောက်လစာ အချိန်ပိုကြေးတွေလည်း တွက်ပေးပါတယ်။ အလုပ်ပျက်တုန်းက ခွင့်တင်ပေမယ့် ငွေဖြတ်ထားခဲ့တာတွေကိုလည်း အခုပြန်တွက်ပြီး ပေါင်းပေးတယ်။ အားလုံးကျေနပ်မှုရှိကြပါတယ်။ ကျွန်တော်ကတော့ ငွေကျပ် ၇၂၈၅၀ ရပါတယ်"ဟု လုပ်သက်သုံးနှစ်ရှိသူ နေ့စားအလုပ်သမား ကိုအောင်ကျော်မြင့်က ပြောသည်။

Global Woodcraft Industrial Co., Ltd. သစ်ပါးလွှာ အထပ်သားသစ်ခွဲသားထုတ်လုပ်သည့်စက်ရုံသည် ရွှေပြည်သာစက်မှုဇုန်အပိုင်း(၁)ရှိ (၁)လမ်းတွင် တည်ရှိပြီး လက်ရှိအချိန်တွင် အိန္ဒိယနိုင်ငံသားနှစ်ဦးနှင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်နှစ်ဦးတို့ ပေါင်းစပ်ပြီး အစုရှယ်ယာထည့်ဝင်လည်ပတ်နေသည်မှာ လေးနှစ်ခန့်သက်တမ်းရှိနေပြီဖြစ်သည်။

"ဥပဒေနဲ့အညီ နို့တစ်တစ်လကြိုတင်ပြောထားပြီးမှ ပိတ်သိမ်းတာ ဖြစ်ပါတယ်။ အခုပိတ်သိမ်းတဲ့စက်ရုံမှာ ပုသိမ်ဘက်ကလူတွေများတယ်။ သူတို့က ပြန်ဖို့လုပ်နေကြပြီ။ ကျန်တဲ့လူတွေက အလုပ်ခေါ်စာတွေကြည့်ပြီးတော့ နီးစပ်ရာ စက်ရုံတွေမှာ အလုပ်လျှောက်လို့ရပါတယ်။ နောက်ဒီမြို့နယ်မှာ ပိတ်သိမ်းမယ်ဆိုတဲ့စက်ရုံ တင်ပြထားတာတော့မရှိသေးပါဘူး" ဟု ရွှေပြည်သာမြို့နယ် အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ ဦးစီးမှူး ဦးညီမောင်ရွှေက ပြောသည်။

ယင်းစက်ရုံဝင်းအတွင်း လိုင်းခန်းများ၌နေထိုင်သော မိသားစု ၇၀ ခန့်ရှိကြောင်း၊ ယင်းမိသားစုများကို စက်ရုံဘက်မှ ဇူလိုင် ၂၆ ရက်နေ့အပြီး ပြောင်းရွှေ့ပေးရန် လက်မှတ်များထိုးခိုင်းထားကြောင်း အလုပ်သမားများထံမှ သိရသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**



## ကနီမြို့နယ်၌ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပေးအပ်

**ကနီ ဇူလိုင် ၂၆ ။** စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်အတွင်းရှိ တောင်သူများအား လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များ ပေးအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီက ကနီမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပကြောင်း သိရသည်။

အဆိုပါ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ ၇ များပေးအပ်ပွဲတွင် ကနီမြို့နယ်ရှိ ကျေးရွာအုပ်စု ၂၄ အုပ်စု၊ ကွင်းပေါင်း ၈၆ ကွင်းအတွင်းရှိ လယ်ယာမြေဧရိယာ ၈၃၇ ဒသမ ၇၉ဧကမှ တောင်သူပေါင်း ၃၅၀ အတွက် လုပ်ကွက်ဦးပိုင်ပေါင်း ၄၂၈ ခုကို ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**

# ပင်လည်ဘူးမြို့နယ်အတွင်းမှ ဘိန်းဖြူများ သိမ်းဆည်းရမိ

**ပင်လည်ဘူး ဇူလိုင် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့ မိုးကောင်းရပ်ကွက်အတွင်းမှ ဇူလိုင် ၂၆ ရက်တွင် ငွေကျပ်သိန်း ၈၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၆ ရက် နံနက်ပိုင်းတွင် ပင်လည်ဘူးမြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူး အောင်မင်းစိန် ကြီးကြပ်၍ မြို့မရဲစခန်းမှူး ဒုရဲမှူးသောင်းဌေး ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ပင်လည်ဘူး-ကောလင်းသွားကားလမ်း မိုးကောင်းရပ်ကွက်နေ ဒေါ်ကြည်အေး(ခ)မတွတ်(ခ)အနှောင်း၏ နေအိမ်အတွင်း သတင်းအရ ဝင်ရောက်ရှာဖွေရာ ၎င်းနေအိမ်တွင် ဒေါ်ကြည်အေး(ခ)မတွတ်(ခ)အနှောင်းဆိုသူကို မတွေ့ရှိရဘဲ သန်းထွန်း၊ ကိုဇင်နှင့် ခိုင်စိုးဦးတို့ သုံးဦးကိုတွေ့ရှိရသဖြင့် ခြံဝင်းအတွင်း ဆက်လက်ရှာဖွေရာ ဆောက်လုပ်ရေးပစ္စည်းများထားသော စတိုခန်းအတွင်း ဘိလပ်မြေအိတ်များပေါ်မှ ဘိန်းဖြူ အလေးချိန် ၈၂၅ ဂရမ်၊ (ကာလတန်ဖိုးငွေကျပ် သိန်း ၈၂၅) အား ရှာဖွေတွေ့ရှိရသဖြင့် ဘိန်းဖြူလက်ဝယ်ထားရှိသူ သန်းထွန်း၊ (မူးလဲကျေးရွာ ဗန်းမောက်မြို့နယ်နေသူ) ကိုဇင် (မံယူးကြီးကျေးရွာ ဗန်းမောက်မြို့နယ်နေသူ)နှင့် ခိုင်စိုးဦး၊ (အမရပူရ မန္တလေးမြို့နေသူ)တို့သုံးဦးအား ပင်လည်ဘူးမြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လှအောင်(ကသာ)**

# မကွေးတိုင်းဒေသကြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင် သားသမီးများအား ထောက်ပံ့

**မကွေး ဇူလိုင် ၂၆**

မကွေးတိုင်းဒေသကြီး တိုင်းစစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့မှ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်သားသမီးများအား ထောက်ပံ့သည့် အခမ်းအနားကို ဇူလိုင် ၂၅ ရက်က တိုင်းစစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ရုံးခန်းတွင် ကျင်းပသည်။

ရှေးဦးစွာ တိုင်းစစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးမျိုးအောင်(ငြိမ်း)က အဖွင့်အမှာစကားပြောကြားပြီး တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သော မကွေးတိုင်းဒေသကြီး ၂၅ မြို့နယ်မှ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီး ၂၄ ဦးအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

## ကြာအင်းဆိပ်ကြီးရဲတပ်ဖွဲ့ ခရီးသွားများအား ကူညီပေး

**ကြာအင်းဆိပ်ကြီး ဇူလိုင် ၂၆**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ဇူလိုင်၂၄ ရက် ည ၈ နာရီချိန်ခန့်မှ စတင်၍ ဇမိမြစ်ရေတက်မှုကြောင့် ကျခတ်ချောင်းတံတား၊ အထက်သက်န်းချောင်တံတား၊ မရိကလကျေးရွာ ကားလမ်းမများအပေါ် ရေကျော်နေမှုများကြောင့် လူ၊ ဆိုင်ကယ်၊ ကားများ သွားလာရလွယ်ကူစေရေးအတွက် မြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူးဝင်းနိုင်ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**နန္ဒကျော်စွာ**

# ပေကျင်းရှိ အမေရိကန်သံရုံးအဆောက်အအုံအပြင်ဘက်တွင် ပေါက်ကွဲမှုဖြစ်ပွား

**ပေကျင်း ဇူလိုင် ၂၆**

တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ အမေရိကန်သံရုံးအဆောက်အအုံပြင်ပ၌ ဇူလိုင် ၂၆ ရက်က ကျယ်လောင်သော ပေါက်ကွဲသံကြီး ပေါ်ထွက်ခဲ့သည်ဟု မျက်မြင်တွေ့ရှိသူများက လူမှုကွန်ရက်မီဒီယာတွင် ဗီဒီယိုဖိုင်များနှင့်အတူ လွှင့်တင်ခဲ့ကြကြောင်း၊ အသက် ၂၆ နှစ်ရှိ တရုတ်လူမျိုး အမျိုးသားတစ်ဦးသည် အမေရိကန်သံရုံးအပြင်ဘက်တွင် အသေးစားပေါက်ကွဲစေနိုင်သော ဗုံးတစ်လုံးကို ဖောက်ခွဲခဲ့ကြောင်း အေအက်ဖ်ပီသတင်းဌာနက သတင်းထုတ်ပြန်သည်။

ပေါက်ကွဲမှုဖြစ်ပွားရာတွင် လေထုအတွင်းသို့ မီးခိုးလုံးကြီးပေါ်ထွက်ခဲ့ကြောင်း၊ ရဲတပ်ဖွဲ့ဝင်များက အခင်းဖြစ်ပွားရာနေရာသို့ ချက်ချင်းသွားရောက်ခဲ့ကြပြီး ဗုံးဖောက်ခွဲသူကို လက်ရဖမ်းဆီးခဲ့ကြကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပေါက်ကွဲမှုကြောင့် ဗုံးခွဲသူကိုယ်တိုင်လက်တွင် ဒဏ်ရာရရှိခဲ့သည်။ သို့ရာတွင် အခြားမည်သူတစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရခြင်း မရှိပေ။

အမေရိကန်သံရုံး၏ ပြည်ဝင်ဗီဇာထုတ်ပေးရာ နေရာအပြင်ဘက်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဗုံးဖောက်ခွဲသူမှာ အတွင်းမွန်ဂိုလီးယားဒေသမှ အမျိုးသားတစ်ဦးဖြစ်ပြီး ကျန်းဟု ခေါ်ဝေါ်သူဖြစ်ကြောင်း၊ ၎င်းမှာ ဒဏ်ရာရရှိခဲ့သော်လည်း အသက်ဘေးအန္တရာယ်အတွက် စိုးရိမ်စရာမရှိကြောင်း၊ မည်သည့်ရည်ရွယ်ချက်ဖြင့် တိုက်ခိုက်မှုပြုလုပ်သည်ကို မသိရသေးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပေါက်ကွဲမှုဖြစ်ပွားရာနေရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင် အများအပြားရောက်ရှိနေသည်ကို အေအက်ဖ်ပီသတင်းထောက်များက တွေ့မြင်ခဲ့ကြရသည်ဆို၏။




မွန်းလွဲ ၁ နာရီခန့်တွင် ကျယ်လောင်သော ပေါက်ကွဲသံတစ်ခု ပေါ်ထွက်ခဲ့ပြီး ရဲတပ်ဖွဲ့ဝင်များက အခင်းဖြစ်ပွားရာနေရာ၌ လုံခြုံရေးကို ဆောင်ရွက်ခဲ့ကြကြောင်း မျက်မြင်တွေ့ရှိသူတစ်ဦးက ပြောကြားသည်။

ပေါက်ကွဲမှုဖြစ်ပွားရာနေရာမှာ ပေကျင်းမြို့၏ ဆင်ခြေဖုံးအရပ်တွင် တည်ရှိပြီး အမေရိကန်သံရုံးအပါအဝင် သံရုံးအများအပြား အခြေစိုက်ကြောင်း သတင်းတွင် ဖော်ပြသည်။ **အေအက်ဖ်ပီ**

# မြောက်ကိုရီးယားက အဏုမြူဒြပ်ပစ္စည်းကို ထုတ်လုပ်နေဆဲဟု အမေရိကန်ဝန်ကြီး ပွန်ပေယိုပြောဆို

**ဝါရှင်တန် ဇူလိုင် ၂၆**

မြောက်ကိုရီးယားနိုင်ငံသည် ယခုထက်တိုင်အောင် အဏုမြူဒြပ်ပစ္စည်းထုတ်လုပ်နေဆဲဖြစ်သည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပေယိုက အမတ်များကို ဇူလိုင် ၂၆ ရက်တွင် ပြောကြားလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

မြောက်ကိုရီးယား၏အဏုမြူလက်နက် ခြိမ်းခြောက်မှုမရှိတော့ပြီဟု သမ္မတဒေါ်နယ်ထရန့်က ပြောဆိုခဲ့ပြီးနောက် ရက်သတ္တခြောက်ပတ်အကြာတွင် ဝန်ကြီးပွန်ပေယိုက အထက်ပါအတိုင်းပြောကြားခြင်းဖြစ်သည်။

မြောက်ကိုရီးယားသည် Fissile material (ခေါ်) ကွဲပွားခြင်းဖြင့် အဏုမြူစွမ်းအင်ထုတ်လုပ်နိုင်စွမ်းရှိသော ဒြပ်ပစ္စည်းကို ထုတ်လုပ်နေဆဲဖြစ်ကြောင်း ဝန်ကြီး ပွန်ပေယိုက အထက်လွှတ်တော်နိုင်ငံခြားဆက်ဆံရေး ကော်မတီ၏ရှေ့မှောက်တွင် ပြောကြားသည်။

သမ္မတထရန့်သည် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့် စင်ကာပူနိုင်ငံ၌ ဇွန် ၁၂ ရက်က တွေ့ဆုံခဲ့ရာတွင် အဏုမြူလက်နက်များအား အပြီးတိုင် သုတ်သင်ရှင်းလင်းပါမည်ဟု ကင်၏ကတိပြုချက်ကို ရရှိခဲ့သည်။

သို့ရာတွင် ကိုရီးယားကျွန်းဆွယ်၌ အဏုမြူလက်နက်ကင်းရှင်းရေးဖုန်ထူထောင်ရေးလုပ်ငန်းစဉ် ရည်မှန်းချက်မှာ သိသာသော တိုးတက်မှုမရှိဟု ဝေဖန်မှုများပေါ်ထွက်ခဲ့သည်။

မိမိတို့သည် စိတ်ရှည်သည်းခံသော သံတမန်ရေးနည်းလမ်းကို ကျင့်သုံးလျက်ရှိသော်လည်း တိကျရေရာသော ဆောင်ရွက်ချက်များကို မတွေ့မြင်ရသေးကြောင်း ဝန်ကြီးပွန်ပေယိုက ပြောကြားသည်။

ခေါင်းဆောင်ကင်သည် စင်ကာပူထိပ်သီးဆွေးနွေးပွဲတွင် ၎င်းကတိကဝတ်ပြုခဲ့သည့်အတိုင်း အကောင်အထည်ဖော်ရန် လိုအပ်မည်ဖြစ်ကြောင်း ပွန်ပေယိုက ဆက်လက်ပြောကြားသည်။

**အေအက်ဖ်ပီ**



# အမေရိကန်-ရုရှား နှစ်နိုင်ငံထိပ်သီးအစည်းအဝေးပွဲကို ၂၀၁၉ ခုနှစ်သို့ ရွှေ့ဆိုင်း

**ဝါရှင်တန် ဇူလိုင် ၂၆**

ယခုနှစ်အတွင်း ကျင်းပရန် စီစဉ်ထားသည့် အမေရိကန်-ရုရှား နှစ်နိုင်ငံထိပ်သီးအစည်းအဝေးကို ၂၀၁၉ ခုနှစ်မှသာ ကျင်းပနိုင်ဖွယ်ရှိကြောင်း အမေရိကန် အမျိုးသားလုံခြုံရေးအကြံပေး ဂျွန်ဘော်လ်တန်က ယနေ့ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် ရုရှားသမ္မတဗလာဒီမာပူတင်နှင့် တွေ့ဆုံဆွေးနွေးပွဲကို ၂၀၁၉ ခုနှစ်သို့ ရွှေ့ဆိုင်းရန် ဇူလိုင် ၂၅ ရက်တွင် ဆုံးဖြတ်ချက် ချမှတ်ခဲ့ကြောင်း ဂျွန်ဘော်လ်တန်က ဆိုသည်။

ယခုလအစောပိုင်းတွင် ဟယ်ဆင်ကီမြို့၌ ခေါင်းဆောင်နှစ်ဦးတို့ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ထို့နောက် အမေရိကန်သမ္မတထရန့်က ရုရှားသမ္မတပူတင်အား ဝါရှင်တန်မြို့သို့ အလည်အပတ် လာရောက်ရန် အမေရိကန် အမျိုးသားလုံခြုံရေးအကြံပေး ဂျွန်ဘော်လ်တန်အား ညွှန်ကြားခဲ့ကြောင်း သိရသည်။



အမေရိကန် ရွေးကောက်ပွဲတွင် ရုရှားနိုင်ငံက ဝင်ရောက်စွက်ဖက်မှုရှိသည်ဟု အမေရိကန်က စွပ်စွဲပြောဆို သက်ာမကင်းဖြစ်မှုများ ပြေလည်ခြင်းမရှိသေးပေ။ အဆိုပါနှစ်နိုင်ငံအကြား သဘောထားကွဲလွဲမှုကို ပြေလည်အောင်ဖြေရှင်းပြီးမှသာ နှစ်နိုင်ငံခေါင်းဆောင် ထိပ်သီးအစည်းအဝေးပွဲကို အောင်မြင်စွာ ကျင်းပနိုင်မည်ဖြစ်ကြောင်း အမေရိကန် အမျိုးသား လုံခြုံရေးအကြံပေး ဂျွန်ဘော်လ်တန်က ပြောကြားခဲ့သည်။

ယခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင်လည်း ရုရှားနိုင်ငံအနေဖြင့် ဝင်ရောက်စွက်ဖက်မည်ကို အမေရိကန်ပြည်သူအများက စိုးရိမ်ပူပန်မှုများ မြင့်တက်လျက်ရှိသည်။ ယင်းသို့ စိုးရိမ်ပူပန်ခြင်းသည် ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးကို အနှောင့်အယှက် ဖြစ်စေနိုင်ကြောင်း နိုင်ငံရေးစောင့်ကြည့်သူများက ဆိုသည်။ **အင်န်အိတ်ချ်ကေ**

# ဆီးရီးယားဓာတုလက်နက်အစီအစဉ်အတွက် ထောက်ပံ့သူများအား အမေရိကန်နှင့်ပြင်သစ်တို့က အရေးယူမှုများပြုလုပ်

**ဝါရှင်တန် ဇူလိုင် ၂၆**

ဆီးရီးယားနိုင်ငံ၏ ဓာတုလက်နက် အစီအစဉ်အတွက် ရောင်းဝယ်ရေးကွန်ရက်တွင် အဓိကကျသောနေရာမှ ထောက်ပံ့ကူညီနေသည့် လူရှစ်ဦးနှင့်အဖွဲ့အစည်းငါးခုတို့ကို အရေးယူမှုများချမှတ်ခဲ့ကြောင်း အမေရိကန်တာဝန်ရှိသူတစ်ဦးက ယနေ့ပြောကြားသည်။

ယင်းအရေးယူမှုချမှတ်သည့် အစီအစဉ်မှာ ပြင်သစ်နိုင်ငံ၏ ညှိနှိုင်းဆောင်ရွက်မှု၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ထွက်ပေါ်လာခြင်းဖြစ်သည်။ ဆီးရီးယားနိုင်ငံ၏ သိပ္ပံပညာရပ်ဆိုင်ရာ လေ့လာမှုနှင့် သုတေသနဌာန (အက်စ်အက်စ်အာရ်စီ)အတွက် ရောင်းဝယ်ရေးဆိုင်ရာ ကွန်ရက်ကို ပစ်မှတ်ထားဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ ယင်းလုပ်ရပ်အတွက် အဆိုပါ သုတေသနအဖွဲ့အစည်းတွင် ဓာတုလက်နက်များ တိုးတက်ရေး လုပ်ဆောင်မှုအတွက် တာဝန်ရှိကြောင်း အမေရိကန်ငွေရေးကြေးရေးဆိုင်ရာ ဌာနက ပြောကြားသည်။

ဆီးရီးယားအစိုးရက ၎င်းအားဆန့်ကျင်သူများအား ကြောက်မက်ဖွယ်ကောင်းသည့် ဓာတုလက်နက်ဖြင့် တိုက်ခိုက်ခဲ့ရာတွင် အမျိုးသမီးများနှင့် ကလေးငယ်များလည်း ပါဝင်ဖြစ်ကြောင်း၊ မိမိတို့အသိစိတ်တွင် မှတ်မှတ်ထင်ထင်ရှိကြောင်း ငွေရေးကြေးရေးဌာန လက်အောက်ခံခရီးသွားလုပ်ငန်းနှင့် ဘဏ္ဍာရေးဆိုင်ရာ အတွင်းဝန် ဆီဂယ်ပန်ဒယ်လ်ကာက ပြောကြားသည်။

ဆီးရီးယားနိုင်ငံ၏ ဓာတုလက်နက်ရရှိရေးအတွက် ထောက်ပံ့ပေးနေသည့် ကွန်ရက်အပေါ် မိမိတို့၏ စဉ်ဆက်မပြတ်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ခြင်းအတွက် သမ္မတအာဆတ်၏ အကြင်နာမဲ့ ဓာတုလက်နက်ဖြင့် တိုက်ခိုက်နေမှုများ ရပ်တန့်သွားအောင် မိမိတို့လုပ်ဆောင်နိုင်ခဲ့ကြောင်း၊ ပြင်သစ်နိုင်ငံက ဇူလိုင် ၂၂ ရက်တွင် အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်လေးဦးတို့၏ ပိုင်ဆိုင်မှုများကို အသစ်တစ်ဖန်ကန့်သတ်မှုများ ပြုလုပ်ခဲ့ကြောင်း၊ ၎င်းတို့သည် ဆီးရီးယားသိပ္ပံဆိုင်ရာ လေ့လာရေးနှင့် သုတေသနဌာန (အက်စ်အက်စ်အာရ်စီ)အား ထောက်ပံ့မှုပေးခဲ့သည့် အလားတူ ကွန်ရက်တစ်ခုဖြစ်ကြောင်း အမေရိကန်တာဝန်ရှိသူက ပြောကြားသည်။ **အေအက်ဖ်ပီ**

# အခုရာသီမှာ ပရီမီယာလိဂ်ဖလားရဖို့ မန်စီးတီးကို ဘယ်အသင်းတွေ ခြိမ်းခြောက်လာနိုင်မလဲ

**ပရီမီယာလိဂ်ဘောလုံးရာသီကို ဩဂုတ် ၁၂ ရက်မှာ စတင်တော့မှာဖြစ်ပါတယ်။ မန်စီးတီးအသင်းက လက်ရှိချန်ပီယံဆိုတဲ့ ဂုဏ်ဒြပ်ကို ပိုင်ဆိုင်ထားတာဖြစ်ပြီး မန်စီးတီးအသင်းအနေနဲ့ နှစ်နှစ်ဆက်တိုက်ပရီမီယာလိဂ်ဖလားဆွတ်ခူးဖို့ဆိုတာတော့ ခက်ခဲပါလိမ့်မယ်။ ဒါပေမယ့် အခုလာမယ့် ဘောလုံးရာသီမှာ မန်စီးတီးအသင်းရဲ့ အနေအထားကိုလည်း ပြန်ကြည့်ရမှာဖြစ်ပါတယ်။**

မန်စီးတီးအသင်းမှာဆိုရင် တစ်ဦးချင်းစွမ်းဆောင်ရည်ကောင်းတဲ့ကစားသမားတွေရှိနေတာကိုတော့ မေ့ထားလို့မရပါဘူး။ နည်းပြဂွါဒီယိုလာရဲ့မန်စီးတီးအသင်းမှာ ကီဗင်ဒီဘရိုင်း၊ ဒေးဗစ်ဆေးလ်ဗား၊ ဆာဂျီယိုအဂူရို၊ လီရွိုင်းဆာနေးတို့ရှိနေသလို အခုနှစ်မှာ ခေါ်ယူထားတဲ့ မာရက်ဇ်ရဲ့ ခြေစွမ်းကိုလည်း အီတီဟက်ဒ်အတွက် အလုပ်ဖြစ်မလားစောင့်ကြည့်ရဦးမှာပါ။

မန်စီးတီးအသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက ပရီမီယာလိဂ်ဖလားရရှိခဲ့တဲ့အချိန်မှာ ဒုတိယနေရာနဲ့သာ ကျေနပ်ခဲ့ရတဲ့ မန်ယူအသင်းကို ၁၉ မှတ်ဖြတ်ကာ စုစုပေါင်းရမှတ် ၁၀၀ နဲ့ ပရီမီယာလိဂ်ဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ တာဖြစ်ပါတယ်။ အခုဘောလုံးရာသီမှာလည်း ဆုဖလားရဖို့အလားအလာရှိနေပေမယ့် လက်ရှိချန်ပီယံမန်စီးတီး အသင်းကို ကျော်ဖြတ်ပြီး ဘယ်အသင်းက ရာသီကုန်မှာ ဆုဖလားသိမ်းပိုက်သွားမလဲဆိုတာက လက်ရှိမှာ မန်စီးတီးအသင်းနဲ့အပြိုင် အသင်းငါးသင်းကို ရွေးထုတ်ထားခဲ့တာလည်းဖြစ်ပါတယ်။

အဲဒီအသင်းငါးသင်းကတော့ မန်ယူအသင်း၊ စပါးအသင်း၊ ချယ်လ်ဆီးအသင်း၊ လီဗာပူးအသင်းနဲ့ အာဆင်နယ် အသင်းတို့ထဲက ဖြစ်လာဖို့ရာခိုင်နှုန်းများနေပါတယ်။ တခြားအသင်းတွေထဲကလည်း ဖြစ်လာနိုင်ခြေရာခိုင်နှုန်းနည်းနေသေးသလို ပရီမီယာလိဂ်ပြိုင်ပွဲကနေ




သင်ယူနေဆဲအသင်းတွေ အတော်များများရှိနေတာကိုလည်း သတိမူရမှာပါ။

လီဗာပူးအသင်းကတော့ ဖာဘင်ဟိုကို ကွင်းလယ်အဖျက်နေရာအတွက် ခေါ်ယူထားပြီး ညာနောက်ခံလူနေရာမှာလည်း အသုံးပြုလို့ရတာနဲ့ ကီတာဟာ လီဗာပူးအသင်းရဲ့ ကွင်းလယ်ပိုင်းမှာ ခြေစွမ်းပြလာနိုင်တာကြောင့် အခုအပြောင်းအရွှေ့ကာလအတွင်းမှာ ခေါ်ယူထားခဲ့ပြီးဖြစ်ပါတယ်။ ဒါ့အပြင် ရှာကီရီနဲ့ ဂိုးသမားအဲလစ်ဆင်တို့ကိုပါ ခေါ်ယူနိုင်ခဲ့တာကြောင့် လက်ရှိမှာ အင်အားတောင့်တင်းနေပါတယ်။ ဘာလို့လည်းဆိုရင် မာနေး၊ ဆာလာနဲ့ ဖာမီနိုတို့ဟာ တိုက်စစ်ပိုင်းမှာ စိတ်ချရ




တာကြောင့် တိုက်စစ်ကိုအားထပ်မဖြည့်ခဲ့ပေမယ့် ဆာလာအနေနဲ့ ပြီးခဲ့တဲ့နှစ်ကလို ခြေစွမ်းမျိုးကို ဆက်လက်ထိန်းထားနိုင်ဦးမယ်ဆိုရင်တော့ ပရီမီယာလိဂ်ဖလားကို မန်စီးတီးအသင်းဆီကနေ ရယူနိုင်ဖို့များပါတယ်။

ချယ်လ်ဆီးအသင်းရဲ့အနေအထားကို ကြည့်မယ်ဆိုရင်တော့ ပြီးခဲ့တဲ့လေးနှစ်အတွင်း ၂၀၁၄-၂၀၁၅ မှာ ပရီမီယာလိဂ်ဖလားကို ရယူနိုင်ခဲ့သလို ၂၀၁၆-၂၀၁၇ မှာလည်း ပရီမီယာလိဂ်ချန်ပီယံဖြစ်ခဲ့ပါတယ်။ ၂၀၁၅-၂၀၁၆ ဘောလုံးရာသီမှာတော့ ပရီမီယာလိဂ်အမှတ်ပေးဇယားရဲ့အဆင့်(၁၀)နေရာမှာပဲ ရပ်တည်နိုင်ခဲ့တာဖြစ်လို့ ပြီးခဲ့တဲ့ ၂၀၁၇-၂၀၁၈ ဘောလုံးရာသီမှာတော့ အဆင့်(၅)နေရာနဲ့ အဆုံးသတ်ခဲ့တာပါ။ ဘယ်လိုပဲဖြစ်ဖြစ် လေးနှစ်အတွင်းမှာ ပရီမီယာလိဂ်ဖလား နှစ်ကြိမ်ဆွတ်ခူးနိုင်ခဲ့တာက တစ်နှစ်ခြားတစ်ကြိမ်ဖလားရရှိလာမလားဆိုတာက ချယ်လ်ဆီးအသင်းအတွက် မျှော်လင့်ချက်တစ်ခုပါ။

အေဒင်ဟာဇက်ကို အသင်းမှာ ဆက်ထိန်းထားနိုင်မယ်ဆိုရင်တော့ မျှော်လင့်လို့ရတဲ့အနေအထားပါ။ ကွင်းလယ်ပိုင်းမှာ ကန်တီ၊ ဂျော်ဂျင်ဟိုနဲ့ ဖာဘရီဂတ်စ်တို့ရှိနေသလို ဘာကလေ၊ လော့တက်စ်ချိခ်တို့ရှိနေခြင်းက မန်စီးတီးအသင်းရဲ့ ကွင်းလယ်ပိုင်းထက် သာလွန်နေတာဖြစ်ပါတယ်။ ထို့ပြင် နာပိုလီအသင်းမှာ ရလဒ်ပိုင်းကောင်းအောင် စွမ်းဆောင်နိုင်ခဲ့တဲ့ နည်းပြဆာရီ




ရောက်လာခြင်းက ချယ်လ်ဆီးအသင်းအတွက် အားကိုးအားထားပြုစရာဖြစ်ပါတယ်။ နောက်တန်းခံစစ်ပိုင်းကို ကြည့်မယ်ဆိုရင်လည်း အက်ပီလီကူတာ၊ ရူဒီဂျာ၊ ခရစ်တန်ဆန်နဲ့ အလွန်ဆိုတို့ ရှိနေပါတယ်။ အေဒင်ဟာဇက်သာ ချယ်လ်ဆီးမှာ ဆက်ရှိနေမယ်ဆိုရင်တော့ နည်းပြဆာရီရဲ့ ကစားသမားကိုင်တွယ်မှုနဲ့အတူ ချယ်လ်ဆီးအသင်းဟာ အခုရာသီမှာ မန်စီးတီးအသင်းဆီကနေ ပရီမီယာလိဂ်ဖလားကို ယှဉ်ပြိုင်လုယူဖို့ အခြေအနေကောင်းတစ်ခုကို ပိုင်ဆိုင်သွားမှာပါ။

မန်ယူအသင်းကတော့ တိုက်စစ်ပိုင်းမှာ ရက်ရှ်ဖို့ဒ်၊ လင်ဂတ်၊ လူကာကူတို့ရှိနေပေမယ့် မန်စီးတီးအသင်းက ဒီဘရိုင်း၊ ချယ်လ်ဆီးအသင်းက ဟာဇက်တို့ရဲ့ တစ်ကိုယ်တော်ခြေစွမ်းပိုင်းကို မမီသေးပါဘူး။ အဲဒီမှာ စိတ်ဝင်စားစရာကောင်းတာက ဆန်းချက်ဇ်ပါ။ ပြီးခဲ့တဲ့ရာသီက ဆန်းချက်ဇ်အနေနဲ့ ယုံကြည်မှုလွန်ကဲခဲ့တာတွေကြောင့် ထင်တိုင်းမပေါက်ခဲ့ပေမယ့် အာဆင်နယ်ရောက်စမှာ ကစားခဲ့သလို အခုရာသီမှာ ဆန်းချက်ဇ်ရဲ့ ခြေစွမ်းပိုင်းတည်ငြိမ်လာမယ်ဆိုရင်တော့ ဖလားရဖို့မျှော်လင့်လို့ရမှာပါ။ အခုအပြောင်းအရွှေ့မှာလည်း ဖရက်ဒ်၊ ဒါလော့နဲ့ ဂရန့်တို့ကို ခေါ်ယူထားပါတယ်။ မော်ရင်ဟိုက အပြောင်းအရွှေ့မပိတ်မီ ကစားသမားနှစ်ဦးမကခေါ်ယူဖို့ ဆန္ဒရှိနေတာဖြစ်ပြီး




အဲဒီလို ထပ်မံခေါ်ယူနိုင်ခဲ့မယ်ဆိုရင်တော့ တောင့်တင်းတဲ့အသင်းတစ်သင်းဖြစ်လာပြီး ဖလားရဖို့စိန်ခေါ်နိုင်မှာပါ။

အခုအပြောင်းအရွှေ့ကာလမှာ ကစားသမားခေါ်ယူမှု တစ်စုံတစ်ရာမပြုလုပ်ရသေးတဲ့ စပါးကလည်း ကစားသမားအပြောင်းအလဲမရှိတာမို့ အထိုင်ကျပြီးသားလို့ ဆိုရမှာပါ။ လူကက်မိုရာ၊ ဆွတ်ဟောင်မင်၊ ဒမ်ဘီလီ၊ ဗာတွန်ဂန်စတဲ့ ကစားသမားတွေဟာ ကစားသမားကောင်းတွေဖြစ်ပြီး ပြီးခဲ့တဲ့ရာသီကလည်း ရမှတ် ၇၇ မှတ်စုဆောင်းနိုင်ခဲ့ကာ အမှတ်ပေးဇယားရဲ့အဆင့်(၃)နေရာမှာ ရပ်တည်နိုင်ခဲ့တာပါ။

ထို့အပြင် အဲရစ်ဆင်ရဲ့ခြေစွမ်းက ပြီးခဲ့တဲ့ဘောလုံးရာသီမှာ အကောင်းဆုံးကစားသမားတွေထဲက တစ်ဦးအဖြစ်တင်စားခံခဲ့ရတာဖြစ်ပါတယ်။ ဒီလီအလီဟာ ကမ္ဘာ့ဖလားမှာ ခြေစွမ်းမပြနိုင်ခဲ့ပေမယ့် စပါးမှာတော့ ဟယ်ရီကိန်းနဲ့တွဲဖက်ကစားရင် တိုက်စစ်ပိုင်းမှာ အားရစရာခြေစွမ်းတွေ ပြသလေ့ရှိတာမို့ ပရီမီယာလိဂ်ဖလားကို ရဖို့ ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့အသင်းတစ်သင်းဖြစ်လာမှာပါ။

အာဆင်နယ်အသင်းကတော့ နည်းပြအာစင်ဝင်းဂါး ထွက်သွားလို့ မန်ယူအသင်းကနေ ဖာဂူဆန်ထွက်သွားတုန်းကလို ကစဉ့်ကလျားဖြစ်သွားလိမ့်မယ်လို့ တော်တော်များများက မျှော်လင့်ထားခဲ့ပေမယ့် နည်းပြအီမာရီ လက်အောက်မှာ အောင်မြင်တဲ့အသင်းတစ်သင်းဖြစ်လာဖို့ရှိနေပါတယ်။

မာတီဆက်ကာအနားယူသွားသလို ဝီရှိုင်းယားနဲ့ ကာဇိုလာတို့လည်း အသင်းကနေ ထွက်ခွာသွားပါတယ်။ ဒါပေမယ့် တော်ရီရာ၊ ဘန်လီနို၊ ဆိုကရေးတစ်၊ လစ်စတိန်းနားတို့ကို ခေါ်ယူထားခဲ့ပြီဖြစ်တာမို့ ကစားသမားသစ်တွေနဲ့ နည်းပြသစ်တို့ရဲ့ လက်တွဲမှုနဲ့အတူ ပရီမီယာလိဂ်ဖလားရဖို့ ဘယ်လောက်အထိ စွမ်းဆောင်နိုင်မလဲဆိုတာ စောင့်ကြည့်ရမယ့်အသင်းပါ။

ငွေကြယ် - ရေးသားသည်

## ဘောလုံးလောက သတင်းတိုများ

- မန်ယူအသင်းသည် အင်္ဂလန်နောက်တန်းကစားသမား မာကွီယာအား ပြောင်းရွှေ့ကြေးပေါင် ၆၅ သန်းဖြင့် ခေါ်ယူရန် ဆန္ဒရှိနေကြောင်း လက်စတာစီးတီးအသင်းအား ပြောကြားခဲ့ကြောင်း သိရသည်။
- **ရီးယဲလ်မက်ဒရစ်အသင်းသည် ချယ်လ်ဆီးအသင်းမှ ဘယ်လ်ဂျီယံဂိုးသမား ကော်တိုရစ်အား ခေါ်ယူရန် သဘောတူညီမှုရရှိထားကြောင်းသိရသည်။**
- ပရီမီယာလိဂ် တန်းတက်အသင်းဖြစ်သည့် ဝုလ်ဗက်စ်အသင်းသည် ဘာစီလိုနာအသင်းမှ မီနာအား စာချုပ်ချုပ်ဆိုခေါ်ယူရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။
- **လီဗာပူးအသင်းသည် ခရိုအေးရှားနောက်တန်းကစားသမား ဗီဒါအား နှစ်နှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုခေါ်ယူရန် သဘောတူညီမှုရရှိထားပြီး လက်ရှိကလပ် ဘီဆစ်တက်အသင်းကမူ ပေါင် ၂၂ သန်းတောင်းဆိုထားကြောင်း သိရသည်။**
- ဘာစီလိုနာအသင်းသည် ဘော်ဒိုးအသင်းမှ ဘရာဇီးတောင်ပံကစားသမား မယ်ကွန်အား ပေါင် ၄၅ ဒသမ ၅ သန်းဖြင့် စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ပြီဖြစ်ကြောင်း သိရသည်။

# အင်္ဂလန်ဂိုးသမားဟောင်း ရော့ဘ်ဂရင်းကို ချယ်လ်ဆီးအသင်း စာချုပ်ခေါ်ယူ

ချယ်လ်ဆီးအသင်းသည် အသက် ၃၈ နှစ်အရွယ်ရှိ အင်္ဂလန်ဂိုးသမားဟောင်းတစ်ဦးဖြစ်သည့် ရော့ဘ်ဂရင်းကို တစ်နှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုကာ ခေါ်ယူလိုက်ပြီဖြစ်ကြောင်း သိရသည်။

ဂိုးသမား ရော့ဘ်ဂရင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက ပထမအသင်းတွင် မကစားခဲ့ရခြင်းကြောင့် ဟက်ဒါဖီးလ်အသင်းမှ ထွက်ခွာကာ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်သည်။

ရော့ဘ်ဂရင်းသည် အင်္ဂလန်လက်ရွေးစင်အသင်းနှင့်အတူ ကစားခဲ့သည့် ၁၂ ပွဲအပါအဝင် နော့ဝှစ်ချ်အသင်း၊ ဝက်စ်ဟမ်းအသင်း၊ ကျူပီအာအသင်းနှင့် လိဒ်စ်အသင်းတို့တွင် စုစုပေါင်း ပွဲပေါင်း ၆၅၀ အထိပါဝင်ကစားပေးခဲ့သူဖြစ်သည်။

ချယ်လ်ဆီးအသင်းအနေဖြင့် ရော့ဘ်ဂရင်းကို ခေါ်ယူခဲ့ခြင်းမှာ လက်ရှိဂိုးသမား ကော်တိုရစ်အား အထောက်အကူဖြစ်စေရန် ခေါ်ယူခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ဂိုးသမား ရော့ဘ်ဂရင်းသည် ချယ်လ်ဆီးအသင်း၏ အခုအပြောင်းအရွှေ့ကာလအတွင်း ခေါ်ယူခဲ့သည့် ဒုတိယမြောက်ကစားသမားဖြစ်ပြီး ချယ်လ်ဆီးအသင်းမှာ ယခင်က အီတလီကွင်းလယ်ကစားသမား ဂျော်ဂျင်ဟိုကိုလည်း ခေါ်ယူထားခဲ့ပြီးဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ချယ်လ်ဆီးအသင်း၌ ဂိုးသမားသုံးဦးရှိနေပြီဖြစ်ပြီး ကော်တိုရစ်၊ ရော့ဘ်ဂရင်း၊ ကာဘယ်လီရိုတို့ရှိနေပြီး ကော်တိုရစ်မှာ ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့မည်ဟု သတင်းများထွက်ပေါ်လျက်ရှိသည်။




ထိုသို့ ဂိုးသမားကော်တိုရစ် အသင်းမှ ထွက်ခွာသွားမည်ဆိုပါက ချယ်လ်ဆီးအသင်း၏ နံပါတ်တစ်ဦးစားပေးကစားသမားနေရာအတွက် ထပ်မံရွေးချယ်ရဦးမည်ဖြစ်ကြောင်းသိရသည်။

# ကြည်လင်းနှင့် ပါဝင်ပတ်သက်သူများကို ရုံးထုတ်

**ရန်ကုန် ဇူလိုင် ၂၆**
ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တရားလွှတ်တော်ရှေ့နေ ဦးကိုနီအား သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံမှုတွင် သေနတ်သမား ကြည်လင်း(ခ) ဖိုးထူးနှင့်ပတ်သက်သူ အောင်ဝင်းဇော်နှင့် ဇေယျာဖြိုး၊ အချုပ်လွတ်အာမခံရရှိထားသူ အောင်ဝင်းထွန်းတို့အား ရန်ကုန်မြောက်ပိုင်းခရိုင် အထူးတရားခုံရုံးသို့ ယနေ့ နံနက် ၁၀ နာရီခွဲခန့်က ၆၃ ကြိမ်မြောက် ရုံးထုတ်ခဲ့ပြီး အမှု၌ ပါဝင်ပတ်သက်သူ အမှတ်စဉ် ၂ ပြစ်မှုကျူးလွန်သူ အောင်ဝင်းဇော်အား သုံးကြိမ်မြောက် စစ်ဆေးမှုပြုလုပ်ခဲ့ကြောင်း ဒုတိယ ခရိုင်တရားသူကြီးထံမှ သိရသည်။

ယင်းအမှုနှင့် ပတ်သက်၍ မြောက်ပိုင်းခရိုင်တရားရုံး သတင်းနှင့် ပြန်ကြားရေးတာဝန်ခံအရာရှိ ဒုတိယ ခရိုင်တရားသူကြီး ဦးရဲလွင်က "ဒီကနေ့ မြောက်ပိုင်းခရိုင် တရားရုံး ရာဇဝတ်ကြီးအမှုအမှတ် ၄၅/၂၀၁၇ လူသတ်မှုနဲ့ စွဲဆိုထားရာက အမှတ်စဉ် ၂ ပြစ်မှုကျူးလွန်သူ အောင်ဝင်းဇော်ကို တရားလိုဘက် အမှုလိုက်ရှေ့နေများက သက်သေခံတင်သွင်းထားတဲ့ တယ်လီဖုန်းမှတ်တမ်း၊ CCTV မှတ်တမ်းတွေနဲ့ တိုက်ဆိုင်ပြီး နှစ်ဖက်ရှေ့နေများ အပြန်အလှန်စစ်မေးကြတာ ပြုလုပ်ခဲ့ကြပါတယ်။ အောင်ဝင်းဇော်ကို အဓိက အပြန်အလှန် စစ်မေးမယ့် မေးခွန်းတွေ ကျန်ရှိနေသေးတဲ့အတွက် ဩဂုတ် ၂ ရက် (ကြာသပတေးနေ့) နဲ့ ဩဂုတ် ၃ ရက်(သောကြာနေ့) နှစ်ရက်လုံး စစ်ဆေးသွားမယ်လို့ ချိန်းဆိုထားပါတယ်" ဟု ပြောသည်။

မီဒီယာများမေးမြန်းသည်ကို ထပ်မံရှင်းလင်းပြောကြားရာတွင် "ဒီကနေ့ ဇေယျာဖြိုးက ရန်ကုန်တိုင်း တရားလွှတ်တော်က ချမှတ်တဲ့အမိန့်ကို ကျေနပ်မှုမရှိလို့ ပြည်ထောင်စုတရားလွှတ်တော်ကို အယူခံတင်သွင်းဖို့ ကျမ်းသစ္စာကျိန်ဆိုတယ်။ သူက အယူခံ ပြင်ဆင်မှုတင်သွင်းရမယ့် ကာလစည်းကမ်းချက် ကျော်လွန်သွားတဲ့အတွက် အထူးခုံရုံးက လိုအပ်နေတဲ့ ဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းသတ်မှတ်ချက်နဲ့အညီ ကျမ်းကျိန်လွှာကို ခွင့်ပြုပေးခဲ့တာ ဖြစ်ပါတယ်" ဟု ပြောသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# လုယက်သူများကို ဖမ်းဆီးစစ်ဆေးရာမှ လုယက်မှု ၂၂ မှု ဖော်ထုတ်ရရှိ

**ရန်ကုန် ဇူလိုင် ၂၆**
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၁၆ ရပ်ကွက်ရှိ မြို့ဦးစေတီသို့ စက်ဘီးဖြင့်သွားရောက်သူတစ်ဦးထံမှ နတ်စင်မှတ်တိုင်အနီးတွင် ဇူလိုင် ၁၅ ရက် နံနက်ပိုင်းက စက်ဘီး၏ ရှေ့ခြင်းအတွင်းထည့်ထားသော Samsung Galaxy j2 Prime လက်ကိုင်ဖုန်းနှင့် ငွေကျပ် ၃၀၀၀ ပါ ပိုက်ဆံအိတ်အား လုယူထွက်ပြေးသူများကို ပတ်ဝန်းကျင်နေ ပြည်သူများက ဝိုင်းဝန်းဖမ်းဆီးရာ လုယက်သူတစ်ဦးအား ဖမ်းဆီးရမိပြီး ကျန်နှစ်ဦးမှာ ထွက်ပြေးသွားသည်။

ဖမ်းဆီးရမိသူ စည်သူထွန်း(ခ)စည်သူအား စစ်ဆေးရာ ထွက်ပြေးသွားသူများမှာ သက်ပိုင်ထွေး(ခ)ကိုသက်နှင့် ဝိကြည်(ခ)သရဲလေး(ခ)အရူးလေးတို့ နှစ်ဦးဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းနှိမ်နင်းရေးဌာနစုမှ ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ညနေ ၆ နာရီ ၁၅ မိနစ်ခန့်တွင် ထွက်ပြေးသွားသူ သက်ပိုင်ထွေး(ခ)ကိုသက်၊ ဝိကြည်(ခ) သရဲလေး(ခ)အရူးလေးတို့အား ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၈၇)ရပ်ကွက် အတွင်းမှ ဖမ်းဆီးရမိခဲ့သည်။

စည်သူထွန်း(ခ)စည်သူပါ သုံးဦးတို့အား ထပ်မံစစ်ဆေးရာ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူ ရဲလေး(ခ)ဝင်းမြင့်အား ဇူလိုင် ၁၉ ရက်တွင် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် (၈၇)ရပ်ကွက်အတွင်းမှာပင် ဖမ်းဆီးရမိခဲ့ပြီး အခြား လုယက်မှုများ ကျူးလွန်ထားခြင်း ရှိ၊ မရှိ စစ်ဆေးလျက်ရှိသည်။

စစ်ဆေးချက်အရ ၎င်းတို့သည် ဧပြီ၊ မေ၊ ဇွန်၊ ဇူလိုင်လများအတွင်းက ဆိုင်ကယ်ကိုအသုံးပြု၍ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အတွင်းရှိ လမ်းလျှောက်နေသူနှင့် စက်ဘီးစီးသူများထံမှ လုယက်မှုများလုပ်ဆောင်ခဲ့ကြောင်း ပေါ်ပေါက်ခဲ့သည်။

ယင်းသို့ ပေါ်ပေါက်ချက်များအရ စည်သူထွန်း(ခ)စည်သူပါ လေးဦးတို့အား ဒဂုံမြို့သစ်(ဆိပ်ကမ်း)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့မရဲစခန်းများတွင် အမှုများရေးဖွင့်၍ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**ရဲလေး၊ ဝိကြည်၊ သက်ပိုင်ထွေး၊ စည်သူထွန်းတို့နှင့်အတူ သက်သေခံပစ္စည်းများကို တွေ့ရစဉ်။**

**သတင်းစဉ်**

# မြန်မာ့ရုပ်မြင်သံကြား

**၂၇-၇-၂၀၁၈ (သောကြာနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | Breakfast News |
| ၇း၁၅ | "နိုင်ငံတော်သံဃမဟာနာယက အဖွဲ့၊တွဲဖက်အကျိုးတော်ဆောင်၊ ဓမ္မရောင်ခြည်ကျောင်းတိုက်၊ ပဓာန နာယကဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ၊ ဒွိပိဋကဓရ ဘဒ္ဒန္တအဂ္ဂဓမ္မဟောကြားတော်မူ အပ်သော ဓမ္မစကြာနှင့် ဝါတွင်း သုံးလမြတ်သီလတရားတော်" |
| ၈း၃၅ | "မီးတစ်ပွင့်ရဲ့ရာဇဝင်"(အပိုင်း-၃) |
| ၉း၁၀ | "ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ (အဘိဇမဟာရဋ္ဌဂုရု၊ အဘိဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ) ဥက္ကဋ္ဌ ဆရာတော် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့၊ ဗန်းမော် ကျောင်းတိုက်၊ မဟာအောင်မြေ မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ထံမှ နဝင်္ဂဥပေါသထသီလခံယူ ဆောက်တည်ခြင်း" |
| ၉း၃၅ | မျက်မှောက်ရေးရာအဖြာဖြာ |
| ၁၀း၃၀ | လူမှုစီးပွားမြင်ကွင်းများ |
| ၁၁း၀၀ | MRTV Travelogue |
| ၁၁း၃၀ | အလုပ်သမားရေးရာအစီအစဉ် |
| ၁၂း၃၀ | စုဒ္ဒသမ တိပိဋကဓရ တိပိဋကကောဝိဒ တိပိဋက ကမ္ဘောဇဆရာတော် ဘဒ္ဒန္တဝီရိယာနန္ဒဟောကြားသော "ဘဝမြင့်သွားရခြင်းတရားတော်" |
| ၁၃း၄၅ | မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများကွန်ရက်" (အပိုင်း-၁၉) (ဖိုးသောကြာ၊ မေဘရဏီသော်၊ စိုးပြည့်သဇင်၊ ကျော်ကျော်၊ မြနှင်းရည်လွင်၊ ခင်သဇင်၊ နေယံ၊ ဇေယျ) (ဒါရိုက်တာ-အောင်ဩဘာ) |
| ၁၄း၃၅ | "Weekly MNL Review" (Week-13) |
| ၁၅း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၇၁) |

**ညပိုင်း**

| | |
|---|---|
| ၁၆း၂၀ | "1 On 1 Football skills Challenge Cup ပြိုင်ပွဲအစီအစဉ်" |
| ၁၇း၀၅ | ကျန်းမာရေးမဂ္ဂဇင်း "အရေပြားထူလေးဘက်နာရောဂါအကြောင်း" |
| ၁၇း၃၅ | Weekly Sport Info |
| ၁၈း၂၀ | သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "ကာဗွန်ဒိုင်အောက်ဆိုဒ်"နှင့် "ဇာတိမြေ" |
| ၁၉း၁၅ | သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၏ ဓမ္မစကြာတရားတော် |
| ၂၀း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | လှမ်းလာခဲ့ပါသစ်တောနှင့် သဘာဝဝန်းကျင်ပြတိုက်တည်ရှိရာ -Britain's Got Talent(6) -"တစ်ပါးသီလ-၂" |

**-အစီအစဉ်ပြီး၏။**

# ရေပူစစ်ဆေးရေးစခန်းတွင် တရားမဝင်ကုန်စည်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၆**
ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ဇူလိုင် ၂၅ ရက်တွင် MITSUBISHI CANTER ယာဉ်တစ်စီးနှင့် HYUNDAI PORTER-II LIGHT TRUCK ယာဉ်တစ်စီးတို့ကို စစ်ဆေးရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခားရွေ ၃ ဒသမ ၇၁၉၆ တန်နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်နှစ်စီး စုစုပေါင်းခန့်မှန်း တန်ဖိုးငွေကျပ် ၃၁ ဒသမ ၁၅၈ သန်းခန့်ကို သိမ်းဆည်းရမိခဲ့သည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဇူလိုင် ၂၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၂၄၈ စီး၊ သွင်းကုန် ၉၆၅ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁ စီး၊ သွင်းကုန် ၄၄ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှု ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၅ ရက်တွင် ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁ ဒသမ ၁၅၈ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၂၈၀ သန်းခန့်) စုစုပေါင်း တားဆီးမှု ခြောက်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃ ဒသမ ၄၃၈ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မံစီ၊ စဉ့်ကူး၊ ရွှာငံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၆**
ဗန်းမော်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၄ ရက် ညနေ ၄ နာရီခွဲခန့်က မံစီမြို့နယ် ဟန်ထက်ကျေးရွာနှင့် မံသာကျေးရွာကြား ကားလမ်း၌ ဝင်းဖြိုးသိန်း မောင်းနှင်ပြီး မနှင်းခိုင်ဦး လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀ ကို လည်းကောင်း၊ အလားတူ ညနေ ၅ နာရီက သန်းဦး မောင်းနှင်ပြီး ပြည်သာအောင် လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ ဘိန်းဖြူ ၃၂ ဂရမ် နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ တို့ကိုလည်းကောင်း။

အလားတူ ဇူလိုင် ၂၄ ရက် ညနေ ၆ နာရီခွဲက မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စဉ့်ကူးမြို့နယ် ကျည်တောက်ပေါက် ကျေးရွာ ပိတောက်ချပ်ရပ်ကွက်နေ မခင်စန်းဝင်း၏နေအိမ်ကိုရှာဖွေရာ မခင်စန်းဝင်း၊ သောင်းလှ၊ ဝင်းဗိုလ်နှင့် သိန်းသန်းဝင်းတို့အား တွေ့ရှိရပြီး ဘိန်းစိမ်း ၂၆ ထုပ် (စုစုပေါင်း အလေးချိန် ၂၈ ဒသမ ၇၂၆ ကီလို)တို့ကို လည်းကောင်း။

ထို့အတူ ဇူလိုင် ၂၅ ရက် မွန်းလွဲ ၂ နာရီက မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ရွှာငံမြို့နယ် ကျောက်ကူပြင်ကျေးရွာအနီး ရွှာငံ-ကျောက်ဆည်ကားလမ်း မိုင်တိုင် ၃၉/၁ တွင် မြို့ခိုင်မောင်းနှင်ပြီး လမ်းမောင် လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ ဘိန်းစိမ်း ၁၄ ထုပ်(အလေးချိန် ၁၉ ဒသမ ၆ ကီလို) သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



**သိန်းသန်းဝင်း၊ မခင်စန်းဝင်း၊ သောင်းလှနှင့် ဝင်းဗိုလ်တို့အား သိမ်းဆည်းရမိသည့် ဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။**

# ကျောက်စိမ်းလုပ်ကွက်ကမ်းပါးယံပြိုကျခဲ့သည့် ရေအိုင်အတွင်းမှ ရုပ်အလောင်းခြောက်လောင်း ရှာဖွေတွေ့ရှိ

**ဖားကန့် ဇူလိုင် ၂၆**
ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု မမုံကျေးရွာအနီးရှိ ဧရာရတနာ ကျောက်စိမ်းတူးဖော်ရေး လုပ်ကွက်အဟောင်းမှ ကမ်းပါးယံပြိုကျခဲ့၍ သေဆုံးသူရုပ်အလောင်းများ ပျောက်ဆုံးနေရာမှ ဇူလိုင် ၂၆ ရက် နံနက် ၈ နာရီက ရေအိုင်အတွင်း ရုပ်အလောင်းခြောက်လောင်း ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

ဇူလိုင် ၂၄ ရက်က ဆိပ်မူကျေးရွာအုပ်စု မမုံကျေးရွာအနီးရှိ ဧရာရတနာကျောက်စိမ်း တူးဖော်ရေးလုပ်ကွက်အဟောင်းမှ ကမ်းပါးယံ ပြိုကျခဲ့၍ ပျောက်ဆုံးနေသူ စာရင်း ၂၇ ဦး ရရှိထားရာ ယနေ့နံနက် ၈ နာရီက ကမ်းပါးယံအောက် ရေအိုင်အတွင်းမှ သေဆုံးနေသည့် ရုပ်အလောင်း ခြောက်လောင်းကို ရှာဖွေတွေ့ရှိခဲ့သည်။

ဆိပ်မူရဲကင်းစခန်းမှ ရဲအုပ်အောင်ဇင်ကျော် ဦးစီးတပ်ဖွဲ့ဝင်များ၊ ဆိပ်မူမီးသတ်စခန်းမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဖားပြင်ကျေးရွာနှင့် မမုံ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များက ကျန်ရှိနေသည့် ရုပ်အလောင်းများကို ဆက်လက်ရှာဖွေလျက်ရှိကြောင်း သိရသည်။ **ဝင်းနိုင်(ကချင်မြေ)**



**နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်၌ ဇူလိုင် ၂၆ ရက်က 3N/---- ခြောက်ဘီးယာဉ်တစ်စီး ချင်းတွင်း လမ်းမှ ဧရာဝတီလမ်းမကြီးဘက် မောင်းနှင်လာစဉ် အရှိန်မထိန်းနိုင်ဘဲ ပလက်ဖောင်းကိုကျော်ကာ လယ်ကွက်ထဲ တိမ်းမှောက်နေစဉ်။**

ကျော်လှိုင်သင်း(နေပြည်တော်)

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။*

*(စာတည်းအဖွဲ့)*



# တရားရှင်၊ တရားသေလွှတ်ခြင်းနှင့် ဥပဒေ

မောင်စာဂ

တရားရုံးတစ်ရုံးက ရာဇဝတ်ပြစ်မှုတစ်ခုကို စုံစမ်းခြင်း၊ စစ်ဆေးခြင်းနှင့် ကြားနာခြင်းတို့ ပြုလုပ်ပြီးနောက် တရားရှင်လွှတ်ခြင်း သို့မဟုတ် တရားသေလွှတ်ခြင်း သို့မဟုတ် ပြစ်ဒဏ်စီရင်ချမှတ်ခြင်းတို့ ပြုလုပ်ရသည်။ ပြစ်ဒဏ်စီရင်ချမှတ်ခြင်းနှင့်စပ်လျဉ်းသည့် ဆောင်းပါးတစ်ပုဒ်ရေးသား၍ ၆-၇-၂၀၁၈ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ ယခုတစ်ဖန် တရားရှင်လွှတ်ခြင်း၊ တရားသေလွှတ်ခြင်းနှင့်စပ်လျဉ်း၍ ဥပဒေတွင် မည်သို့ပြဋ္ဌာန်းထားသနည်း။ မည်ကဲ့သို့ ဆင်ခြင်သုံးသပ်မှုပြုကြသနည်း။ အနှစ်ချုပ် မျှဝေပါရစေ။

## တရားရှင်လွှတ်ခြင်း

ထောင်ဒဏ်ခြောက်လထက်ပိုသည့် ပြစ်ဒဏ်စီရင်ထိုက်သော ဝရမ်းမှုတစ်ခုကို တရားရုံးက စစ်ဆေးရာတွင် ရှေးဦးစွာ စွပ်စွဲသူတရားလိုကို စတင်စစ်ဆေးပါသည်။ ပြီးလျှင် တရားလိုကပြသော တရားလိုပြ သက်သေများကို ဆက်လက်စစ်ဆေးပါသည်။ တရားလိုနှင့် တရားလိုပြသက်သေများ၏ အစစ်ခံထွက်ဆိုချက်များအရ စွပ်စွဲခံရသူအပေါ် ပြစ်မှုတစ်စုံတစ်ရာဖြင့် စွဲချက်တင်စစ်ဆေးထိုက်ကြောင်း မပေါ်ပေါက်လျှင် တရားခံကို လွှတ်မိန့်ချမှတ်သည်။ ထိုသို့လွှတ်ခြင်းသည် တရားရှင်လွှတ်ခြင်း ဖြစ်သည်။

## တရားသေလွှတ်ခြင်း

စွပ်စွဲခံရသူတရားခံအပေါ် ပြစ်မှုတစ်စုံတစ်ရာဖြင့် စွဲချက်တင်၍ စစ်ဆေးထိုက်ကြောင်း ပေါ်ပေါက်လျှင် အဆိုပါပြစ်မှုပုဒ်မဖြင့် စွဲချက်တင်ကြောင်း တရားရုံးက အမိန့်ချမှတ်သည်။ ပြီးလျှင် စစ်ဆေးပြီးသော တရားလိုပြသက်သေများအနက် မည်သူ့ကို ပြန်လည်ခေါ်ယူ၍ စစ်ဆေးလိုကြောင်း တရားခံကတင်ပြလျှင် ယင်းသက်သေကို ပြန်ခေါ်သက်သေအဖြစ် စစ်ဆေးသည်။ ထို့နောက် တရားခံကို စစ်ဆေးသည်။ တရားခံပြသက်သေများကို စစ်ဆေးသည်။ နှစ်ဖက်အမှုသည်များ ကြားနာမှုပြုသည်။ တရားခံသည် ပြစ်မှုကျူးလွန်ကြောင်း ပေါ်ပေါက်လျှင် တရားရုံးက ပြစ်ဒဏ်စီရင်သည့်အမိန့်ချမှတ်သည်။ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားမတွေ့ရှိရလျှင် တရားခံကို အပြီးအပြတ် လွှတ်သည့်အမိန့်ချမှတ်သည်။ ထိုသို့ အပြီးအပြတ်လွှတ်သည့်အမိန့်ချမှတ်ခြင်းသည် တရားသေလွှတ်ခြင်း ဖြစ်သည်။

## မည်သည့်အခါ တရားရှင်လွှတ်သနည်း

တရားလိုနှင့် တရားလိုပြသက်သေများ၏ အစစ်ခံထွက်ဆိုချက်များအရ အောက်ပါအခြေအနေများတွင် တရားခံအား စွဲချက်မတင်ဘဲ တရားရှင်လွှတ်ပါသည်-

(က) တရားခံအပေါ် စွပ်စွဲချက်များသည် လုံးဝအခြေအမြစ်မရှိသည့်အခါ၊

(ခ) တရားခံအား ထုချေဖြေရှင်းစေရန် အကြောင်းအချက် မတွေ့ရသည့်အခါ၊

(ဂ) စွဲချက်တင်နိုင်လောက်သော အချက်အလက်များ ပြည့်စုံမှုမရှိသည့်အခါ၊

(ဃ) တရားခံအား စွဲချက်တင်ခဲ့သော် ယင်းစွဲချက်နှင့်စပ်လျဉ်း၍ တရားခံက ထုချေဖြေရှင်း မပြုဘဲနေလျှင် ပြစ်ဒဏ်စီရင်နိုင်သည့် အကြောင်းအချက်မပေါ်ပေါက်သည့်အခါ။

## မည်သည့်အခါ တရားသေလွှတ်သနည်း

တရားလိုနှင့် တရားလိုပြသက်သေများ တရားခံနှင့် တရားခံပြသက်သေများ၏ ထွက်ဆိုအစစ်ခံချက်များအရ အောက်ပါအခြေအနေများတွင် တရားခံအား တရားသေလွှတ်ပါသည်-

(က) တရားခံအပေါ် ပြစ်ဒဏ်စီရင်ထိုက်ကြောင်း တထစ်ချညွှန်ပြသည့် ခိုင်မာသောသက်သေခံချက် အထောက်အထားများ မတွေ့ရှိရသည့်အခါ၊

(ခ) တရားခံသည် ပြစ်မှုကျူးလွန်သူဖြစ်သည်ဟူ၍ ထင်ကြေးဖြင့် အပြစ်ပေးရမည့် အခြေအနေမျိုးဖြစ်နေသည့်အခါ၊

(ဂ) တရားခံသည် အမှန်တကယ် ပြစ်မှုကျူးလွန်သူဖြစ်သည်၊ မဖြစ်သည်ကို ဖြစ်တတ်သောသဘာဝနှင့် နှိုင်းယှဉ်၍ ဖြစ်ပေါ်သင့်သော သံသယဖြစ်နေသည့်အခါ၊

(ဃ)တရားခံသည် အပြစ်ရှိသူဖြစ်သည် သို့မဟုတ် အပြစ်မရှိသူဖြစ်သည်ဟူ၍ ကောက်ချက်နှစ်မျိုးထွက်ပေါ်နေသည့်အခါ၊

(င) တရားခံသည် ပြစ်မှုကျူးလွန်သူဖြစ်သော်လည်း ယင်း၏ ပြုလုပ်မှုသည် ဥပဒေတွင်ပြဋ္ဌာန်းထားသော ကင်းလွတ်ရမြဲအချက်များ သို့မဟုတ် လွတ်ငြိမ်းခွင့်ခြွင်းချက်များတွင် အကျုံးဝင်ကျရောက်နေသည့်အခါ သမ္မန်မှုများတွင် တရားရှင်လွှတ်ခြင်းမရှိပါ၊

ဝရမ်းမှုမဟုတ်သော ပြစ်ဒဏ်တစ်ရပ်နှင့် သက်ဆိုင်သည့် သမ္မန်မှုများကို တရားရုံးက စစ်ဆေးသည့်အခါ ရှေးဦးစွာတရားခံကို အပြစ်ကျူးလွန်ခြင်းရှိ မရှိ မေးမြန်းသည်။ တရားခံက အပြစ်ကျူးလွန်ခဲ့ပါသည်ဟူ၍ ဝန်ခံလျှင် ထိုက်သင့်သည့်ပြစ်ဒဏ်များ စီရင်သည့်အမိန့်ချမှတ်သည်။

တရားခံက ပြစ်မှုကျူးလွန်ရခြင်းမရှိကြောင်းငြင်းဆိုလျှင် တရားရုံးက တရားလိုနှင့် တရားလို ပြသက်သေများကို စစ်ဆေးသည်။ ပြီးလျှင် တရားခံနှင့် တရားခံပြသော သက်သေများကို စစ်ဆေးသည်။ နှစ်ဖက်အမှုသည်များ ကြားနာသည်။ နှစ်ဖက်သက်သေအစစ်ခံထွက်ဆိုချက်များအရ တရားခံ အပြစ်ကျူးလွန်ကြောင်းတွေ့ရှိလျှင် ပြစ်ဒဏ်စီရင်သည်။ အပြစ်ကျူးလွန်ကြောင်း မတွေ့ရှိက တရားသေလွှတ်မိန့်ချမှတ်သည်။ သမ္မန်မှုများကို စစ်ဆေးရာတွင် တရားခံကို တရားရှင်လွှတ်သည့် အမိန့်ချမှတ်ခြင်းမျိုးမရှိပါ။

## တရားရှင်လွှတ်ခြင်း၊ တရားသေလွှတ်ခြင်းတို့၏ အကျိုးသက်ရောက်မှု

တရားရှင်လွှတ်သည်ဆိုရာတွင် တရားလိုဘက် ထွက်ဆိုအစစ်ခံချက်များအရ မခိုင်မာ၍ လွှတ်ခြင်းဖြစ်သည်။ သက်သေခံချက်အထောက်အထားများ ထပ်မံရှာဖွေ၍ အထောက်အထားခိုင်မာလျှင် ထပ်မံတရားစွဲဆိုခွင့်ရှိသည်။

တရားသေလွှတ်သည်ဆိုရာတွင် တရားလိုနှင့် တရားခံနှစ်ဖက်သက်သေထွက်ဆိုအစစ်ခံချက်များအရ တရားခံပြစ်မှုကျူးလွန်ကြောင်း ထင်ရှားပေါ်ပေါက်မှုမရှိသဖြင့် အမှုမှအပြီးအပြတ်လွှတ်ခြင်း ဖြစ်သည်။ ယင်းပြစ်မှုအရ တရားခံအပေါ် နောက်ထပ် ထပ်မံ၍တရားစွဲဆိုခွင့်မရှိတော့ပါ။

တရားရှင်လွှတ်သည့်အမိန့်ကို မကျေနပ်လျှင် အမှုသည် ကာယကံရှင်ကိုယ်တိုင် အဆင့်မြင့်တရားရုံးသို့ ပြင်ဆင်မှု တင်သွင်းလျှောက်ထားခွင့်ရှိသည်။

တရားသေလွှတ်သည့်အမိန့်ကို မကျေနပ်လျှင် အမှုသည် ကာယကံရှင်ကိုယ်တိုင်က အဆင့်မြင့်တရားရုံးသို့ တိုက်ရိုက်အယူခံမှုတင်သွင်း လျှောက်ထားခွင့်မရှိပါ။ အယူခံဝင်လိုလျှင် သက်ဆိုင်ရာဥပဒေရုံးသို့ လျှောက်ထားရသည်။ တရားသေလွှတ်သည့်အမိန့် အယူခံကို တရားလွှတ်တော်ကသာ လက်ခံကြားနာခွင့်ရှိသည်ဖြစ်ရာ ဥပဒေရုံးများက သတ်မှတ်ချက်များနှင့်အညီ စိစစ်တင်ပြပြီး အယူခံဝင်ရောက်သင့်ကြောင်းတွေ့ရှိလျှင် တရားလွှတ်တော်သို့ အယူခံလျှောက်ထားပေးမည်ဖြစ်သည်။

## ဆိုရိုးစကားရှိထားသည်များ

"ရာဇဝတ်မှုခင်းများတွင် အပြစ်ကျူးလွန်သူဆယ်ယောက် လွတ်ချင်လွတ်သွားပါစေ၊ အပြစ်ကျူးလွန်ခြင်းမရှိသူတစ်ယောက်ကို အပြစ်မပေးမိပါစေနှင့်" ဟု ဆိုရိုးစကားရှိသည်။ အပြစ်ကျူးလွန်ခြင်းမရှိသူ တစ်ဦးတစ်ယောက်ကို အပြစ်မပေးမိစေဖို့ လွန်စွာမှ သတိပြုဆင်ခြင်ထိုက်ကြောင်း ပမာပုံဆောင်ပြသည့် ဆိုရိုးစကားသာဖြစ်ပါလိမ့်မည်ထင်သည်။

> ❝ အမှန်တကယ်တော့ အပြစ်ကျူးလွန်ခြင်းမရှိသူတစ်ဦးကို ပြစ်ဒဏ်စီရင်ခြင်း မပြုမိကြစေဖို့ အထူးသတိပြုဆင်ခြင်ထိုက်ကြသလို အပြစ်ကျူးလွန်သူ ၁၀ ဦးကိုလည်း တရားရှင်လွှတ်ခြင်း သို့မဟုတ် တရားသေလွှတ်ခြင်း မဖြစ်ပေါ်စေသင့်ပါ။ အမှန်တကယ် အပြစ်ကျူးလွန်သူဆယ်ဦး အပြစ်မှလွတ်မြောက်သွားခဲ့လျှင် နောက်ထပ်ပြစ်မှုတစ်ရာ ပေါ်လာနိုင်သည်ကိုလည်း အထူးသတိပြုဆင်ခြင်... ❞

အမှန်တကယ်တော့ အပြစ်ကျူးလွန်ခြင်းမရှိသူတစ်ဦးကို ပြစ်ဒဏ်စီရင်ခြင်း မပြုမိကြစေဖို့ အထူးသတိပြုဆင်ခြင်ထိုက်ကြသလို အပြစ်ကျူးလွန်သူဆယ်ဦးကိုလည်း တရားရှင်လွှတ်ခြင်း သို့မဟုတ် တရားသေလွှတ်ခြင်း မဖြစ်ပေါ်စေသင့်ပါ။ အမှန်တကယ် အပြစ်ကျူးလွန်သူ ၁၀ ဦး အပြစ်မှလွတ်မြောက်သွားခဲ့လျှင် နောက်ထပ်ပြစ်မှုတစ်ရာ ပေါ်လာနိုင်သည်ကိုလည်း အထူးသတိပြုဆင်ခြင်အပ်ကြသည်။

ဥပဒေကို အသုံးချ၍ ပြစ်မှုကျူးလွန်လေ့ရှိသူများတွေ့ရတတ်သည်။ ဥပဒေကို လက်တစ်လုံးခြားရှောင်တိမ်းကာ ပြစ်မှုကျူးလွန်တတ်ကြသူများလည်းရှိသည်။ ဥပဒေဖောက်ဖျက်ကျူးလွန်ခြင်းကို အသက်မွေးဝမ်းကျောင်းသဖွယ် ပြုကျင့်ကာ ဆောင်ရွက်နေတတ်သူများလည်းရှိသည်။ ထိုသို့သောသူများကို ဥပဒေဖောက်ဖျက်ကျူးလွန်နေပါလျက် ပြစ်ဒဏ်စီရင်ခြင်းမပြုနိုင်၊ ပြစ်ဒဏ်စီရင်ခြင်းမှ လွတ်မြောက်နေပါလျှင် အများပြည်သူနှင့် နိုင်ငံတော်လုံခြုံစိတ်ချရမှုမရှိ၊ ထိခိုက်နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်နေမည်သာ။ တရားဥပဒေစိုးမိုးရေးပျက်ပြားမှုရှိနေမည်သာ။

## လမ်းညွှန်သဖွယ်လေ့လာသင့်သော စီရင်ထုံးများ

တရားခံပေါ် စွဲချက်တင်ထိုက်၊ မတင်ထိုက်စဉ်းစားဆင်ခြင်ရန်ရှိသော အချက်အလက်တို့သည် တရားခံအား အပြစ်ပေးထိုက် မပေးထိုက်စဉ်းစားသည့်အခါ စဉ်းစားရန်ရှိသော အချက်အလက်မျိုးနှင့် သဘောအားဖြင့် တူညီခြင်းမရှိပါ။ စွဲဆိုသည့်ပြစ်မှုကို တရားခံက ကျူးလွန်သည်ဟု ထင်မြင်ဖွယ်ရာရှိကြောင်း ညွှန်ပြသည့် သက်သေခံချက်များရှိပါက တရားခံအပေါ် စွဲချက်တင်၍ ဖြေရှင်းစေရမည်သာ ဖြစ်သည်။

**(၁၉၈၂ ခုနှစ်၊ မတစ၊ စာ– ၆၇)**

တရားခံတို့အား အပြစ်ပေးလောက်အောင် အခိုင်အလုံအထောက်အထားမရှိဟု ပညာရှိအထူး တရားသူကြီးက ယူဆသော်လည်း ၎င်းတို့အား ညွှန်ပြသည့် သက်သေခံအထောက်အထားများကား ရှိနေပေသည်။ ထို့ကြောင့် ၎င်းတို့အား ထုချေဖြေရှင်းစေခြင်းမပြုဘဲ တရားရှင်လွှတ်လျှင် တစ်ဖက်က နစ်နာသူများအဖို့ ရုံး၏စီရင်ချက်သည် တရားမျှတမှုကင်းမဲ့ခဲ့သည်ဟု ထင်မြင်ယူဆဖွယ်ရာဖြစ်သည်။

**(၁၉၆၆ ခုနှစ်၊ မတစ၊ စာ–၆၁၆)**

တရားခံပြစ်မှုကျူးလွန်ကြောင်းကို သံသယကင်းရှင်းသည်အထိ သက်သေထင်ရှားပြရန် တရားလိုပေါ်တွင် တာဝန်ရှိသည်။ အကယ်၍ တရားလိုဘက်မှ သက်သေထင်ရှားပြရာတွင် တရားခံသည် ပြစ်မှုကျူးလွန်သူတစ်ဦး ဖြစ်မှဖြစ်ပါ့မလားဟူ၍ သံသယပေါ်ပေါက်လာပါက ထိုသံသယ၏အကျိုးကို တရားခံအား ခံစားခွင့်ပေး၍ အမှုမှ အပြီးအပြတ်လွှတ်ရသော အခြေခံသဘောတရား တစ်ရပ်လည်းရှိသည်။

**(အထူးရာဇဝတ်ရုံး အယူခံအဖွဲ့စီရင်ထုံးများ၊ စာ–၉၄)**

"သံသယ၏အကျိုးကို တရားခံအားပေးရမည်" ဟူသည့်အစား ထင်ကြေးဖြင့် အပြစ်မပေးသင့်။ ခိုင်လုံသော အထောက်အထားပြည့်စုံမှသာ အပြစ်ပေးရမည်ဆိုလျှင် တွေးခေါ်ယူဆပုံ ပိုမိုရှင်းလင်းမည်ဟူသော အခြေခံမှုတစ်ရပ်လည်းရှိသည်။ တရားခံတစ်ဦးအပေါ် ပြစ်မှုကျူးလွန်ကြောင်း ကွင်းဆက်မပြတ်ခိုင်လုံသော သက်သေခံချက်အထောက်အထားရှိမှသာ အပြစ်ပေးရန်ဖြစ်သည်။ ထင်ကြေးဖြင့်ဖြစ်စေ၊ အစွဲအလမ်းဖြင့်ဖြစ်စေ အပြစ်ပေးခြင်းမျိုးမပြုရ။

**(အထူးရာဇဝတ်ရုံး အယူခံအဖွဲ့စီရင်ထုံးများ၊ စာ–၃၁၉)**

ယင်းကဲ့သို့ တရားရှင်လွှတ်ခြင်း၊ တရားသေလွှတ်ခြင်းတို့နှင့်စပ်လျဉ်း၍ စဉ်းစားဆင်ခြင်ရန်ရှိသည့်အခါ ၁၉၇၂ ခုနှစ် မတစ၊ စာ-၃၃။ ၁၉၇၇ ခုနှစ် မတစ၊ စာ-၁၂။ ၁၉၇၉ ခုနှစ် မတစ၊ စာ-၁၅၉။ ၁၉၈၀ ခုနှစ် မတစ၊ စာ-၆၄။ ၁၉၈၂ ခုနှစ် မတစ၊ စာ-၃၅။ ၁၉၈၁ ခုနှစ် မတစ၊ စာ-၆၄ စီရင်ထုံးများနှင့် အထူးရာဇဝတ်ရုံး အယူခံအဖွဲ့စီရင်ထုံးများ (၁၉၆၅-၁၉၇၀) စာ-၇၁၊ ၁၃၀၊ ၂၄၀၊ ၂၅၂၊ ၂၉၉၊ ၃၁၂၊ ၃၂၂ စီရင်ထုံးများသည် လမ်းညွှန်သဖွယ် ဖတ်ရှုလေ့လာ ကိုးကားသင့်ကြကြောင်းပါ။

- အပြစ်ကျူးလွန်ခြင်းမရှိသူတစ်ဦးကိုလည်း ပြစ်ဒဏ်စီရင်ခြင်းမပြုမိစေလိုပါ၊
- အပြစ်ကျူးလွန်သူတစ်ဦးကိုလည်း ပြစ်ဒဏ်စီရင်ခြင်းမှ လွတ်မြောက်မသွားစေလိုပါ၊
- ဥပဒေအရာတွင် တန်းတူညီမျှရှိ၍ တရားဥပဒေစိုးမိုးမှုဖြစ်ထွန်းနေပါစေ။

**ကိုးကားချက်** –

**ရာဇဝတ်ကျင့်ထုံးဥပဒေအခန်း (၂၀) နှင့် အခန်း (၂၁)**

**ရှင်းလင်းချက်** –

**မတစ၊ စာ–မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ–**

## ရှင်သာမဏေအပါး ၁၀၀၀ ကျော်အား ဆွမ်းဆန်စိမ်းလောင်းလှူ

**မဟာအောင်မြေ ဇူလိုင် ၂၆**
မန္တလေးမြို့ မဟာအောင်မြေမြို့နယ် စေတနာအလင်းတန်းပရဟိတအသင်းက ကြီးမှူး၍ အများပြည်သူစုပေါင်းကောင်းမှုဖြင့် ရှင်သာမဏေအပါး ၁၀၀၀ ကျော်အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဇူလိုင် ၂၆ ရက် နံနက် ၇ နာရီက မဟာအောင်မြေမြို့နယ် ၇၆ လမ်း၊ ၃၇ လမ်းနှင့် ၃၈ လမ်းကြား၊ စကြာနွယ်စဉ်ရပ်ကွက်ရှိ အလျှုတော်မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အတွင်းရှိ အလှူရှင်များ တက်ရောက်ကြည်ညို၍ ရှင်သာမဏေအပါး ၁၀၀၀ ကျော်အား ဆွမ်းဆန်စိမ်းများ လောင်းလှူကြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီး၊ မဟာအောင်မြေမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီး၊ မဟာမုနိရေတော်ဆရာတော်၊ ပြဟ္မစိုရ်ဆရာတော်အမှူးပြုသော ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်၍ ငါးပါးသီလခံယူကာ ရေစက်သွန်းချ အမျှပေးဝေကြကြောင်းသိရသည်။

**သီဟကိုကို(မန္တလေး)**

## မိုးရေတိုက်စားပြီးပြိုကျသည့် လမ်းအပိုင်းနှင့် လမ်းပခုံးမြေသားများအား ယာယီသွားလာနိုင်ရန် အချိန်တိုအတွင်း ပြင်ဆင်

**မြစ်ကြီးနား ဇူလိုင် ၂၆**
ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်အတွင်း ရွှေဘို-မြစ်ကြီးနားလမ်းအပိုင်းရှိ လွယ်ခေါ်ကျေးရွာအနီး လမ်းအပိုင်းတွင် မိုးရေတိုက်စားကာ လမ်းပခုံးမြေသားပြိုကျပြီး အကျယ် ၁၈ ပေရှိ ကတ္တရာလမ်းအပိုင်းမှ အကျယ်ခြောက်ပေခန့်၊ အရှည် ၂၅ ပေ ခန့်ရှိ ကတ္တရာလမ်းအပိုင်း ပြိုကျပျက်စီးမှုကို ယာယီသွားလာနိုင်ရန် အချိန်တိုအတွင်း ပြုပြင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြစ်ကြီးနားမြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းဦးစီးဌာနမှ ဦးစီးအရာရှိ (မြို့ပြ) ဦးအောင်ဆန်းဦးက မီဒီယာများသို့ ပြောကြားသည်။

အဆိုပါ မိုးရေတိုက်စားကာ လမ်းသားပြိုကျမှုဖြစ်စဉ်နှင့် ပတ်သက်၍ ဦးစီးအရာရှိ (မြို့ပြ) ဦးအောင်ဆန်းဦးက "ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီး မြစ်ကြီးနားမြို့နယ်အပိုင်း ၄၅၁ ဒသမ ၅ ကီလိုမီတာနဲ့ ၄၅၂ ကီလိုမီတာ အကြား ၁၀ ပေအရှည်၊ ပေ ၄၀ အကျယ် ကွန်ကရစ်တံတားဟောင်းဖြစ်ပါတယ်၊ ဖြစ်ပွားချိန်ကတော့ ဇူလိုင် ၂၄ ရက် နံနက် ၁၁ နာရီလောက်မှာ မိုးရွာသွန်းမှုများပြားပြီး ရေစီးသန်၍ တံတားဟောင်းဖြစ်တာကြောင့် အောက်ခံအုတ်ခုံတွေ ရေစီးနဲ့မျောပါကာ လမ်းပခုံး မြေသားတွေကနေတစ်ဆင့် ကတ္တရာလမ်းသားတွေပါ ပဲ့ကျတဲ့အထိ ဖြစ်ပွား လာတယ်လို့ ကြားသိတာနဲ့ တစ်ပြိုင်တည်း ပြည်နယ် အင်ဂျင်နီယာမှူးကြီး ဦးတင်မောင်အုန်းဦးဆောင်တဲ့ တာဝန်ရှိသူတွေ သွားရောက်စစ်ဆေးခဲ့ရာမှာ ဒီတံတားဟာ လွန်ခဲ့တဲ့ ၁၀ နှစ်နဲ့ ၁၅ နှစ်အကြား တည်ဆောက်တဲ့ တံတားဖြစ်တာရယ်၊ ရေစီးအားနဲ့ တိုက်စားတာရယ်ကြောင့် ခုလို ပျက်စီးသွားခဲ့တာပါ၊ မော်တော်ယာဉ်နဲ့ မော်တော်ဆိုင်ကယ်တွေ ယာယီသွားလာနိုင်အောင် အမြန်ဆုံး ပြင်ဆင်ဆောင်ရွက်နေပါတယ်" ဟု ရှင်းလင်းပြောကြားသည်။

မိုးရေတိုက်စားကာ ပျက်စီးသွားသည့် လမ်းအပိုင်းအား မြစ်ကြီးနားမြို့နယ် လမ်းဦးစီးဌာနမှ ဦးစီးအရာရှိ (မြို့ပြ) ဦးအောင်ဆန်းဦးက အနီးကပ်ကြီးကြပ်ကာ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ဆွေလင်းသန့်နှင့် လုပ်သား ၄၀ က မြေကော်စက် ယန္တရားယာဉ်တစ်စီး၊ မော်တော်ယာဉ်ကြီး ခြောက်စီးတို့ဖြင့် နေ့ ည အဆိုင်းများခွဲကာ ပြင်ဆင်ဆောင်ရွက်လျက်ရှိပြီး အဆိုပါနေရာတွင် မကြာမီကာလအတွင်း အရှည် ၁၀ ပေ၊ အကျယ်ပေ ၆၀ ရှိ အဆင့်မြင့် အာရ်စီကွန်ကရစ်တံတား တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဦးလေးကြီး**



## တာချီလိတ်၌ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး လူထုလှုပ်ရှားမှုအသွင်ဖြင့် အပတ်စဉ်ဆောင်ရွက်မည်

**တာချီလိတ် ဇူလိုင် ၂၆**
ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့တွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး လူထုလှုပ်ရှားမှုအသွင်ဖြင့် အပတ်စဉ်ဆောင်ရွက်သွားနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ တာချီလိတ်ခရိုင်အတွင်းမှာ မိုးရာသီအတွင်း အများဆုံးဖြစ်ပွားလေ့ရှိတဲ့ သွေးလွန်တုပ်ကွေး ရောဂါဖြစ်ပွားမှုဟာ သိသိသာသာဖြစ်ပွားနေတဲ့အတွက် ပြည်သူလူထုအတွင်း ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေ ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးဖို့ လိုပါတယ်၊ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းတွေကိုလည်း ဌာနဆိုင်ရာတွေ၊ ကျန်းမာရေးဌာန၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေ၊ လူမှုရေးအသင်းအဖွဲ့တွေနဲ့ ပြည်သူတွေ ပူးပေါင်းပါဝင်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်"ဟု ခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်က အဖွင့်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာရွှေဝင်းက မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကလေးအထူးကု ဆရာဝန်ကြီး ဒေါက်တာကျော်စွာမြင့်က သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသည့် ကလေးလူနာအခြေအနေများ၊ သွေးလွန်တုပ်ကွေးရောဂါလက္ခဏာများ၊ ကြိုတင်ကာကွယ်နိုင်သည့်လုပ်ငန်းများ၊ ခြင်နှိမ်နင်းရေးလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးသည်။

ခရိုင်အတွင်း သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး လူထုလှုပ်ရှားမှုအသွင်ဖြင့် ရပ်ကွက်များအတွင်း ခြင်ကျားနှင့်ပိုးလောက်လမ်း ပေါက်ပွားမှုမရှိရေး ရေပုံး၊ ရေခွက်များအား ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အဘိတ်ဆေးများခတ်ခြင်း၊ သွေးလွန်တုပ်ကွေးဖြစ်ပွားသည့် လူနာနေအိမ်ပတ်ဝန်းကျင် ကိုက် ၁၀၀ အတွင်း ခြင်ဆေးဖျန်းခြင်းစသည့် လုပ်ငန်းများကို ဇူလိုင် ၂၈ ရက်မှစတင်ကာ အပတ်စဉ် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

တာချီလိတ်မြို့နယ်၌ ဇွန် ၁ ရက်မှ ဇူလိုင် ၂၂ ရက်အထိ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုမှာ ခရိုင်ပြည်သူ့ဆေးရုံ၌ ၂၈၇ ဦး၊ မိုင်းဖုန်း(က) ကျေးရွာအုပ်စုရှိ ဝမ်ပုံဆေးရုံ၌ ၁၁ ဦး၊ တာလေဆေးရုံ၌ ၂၀၊ ပါလျှိုး-ကျိုင်းလပ်၌ နှစ်ဦး စုစုပေါင်း ၃၂၀ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## ယစ်မျိုးလိုင်စင်လုပ်ငန်းများ ဥပဒေနှင့်အညီ ဖွင့်လှစ် ရောင်းချစေရေး တွေ့ဆုံဆွေးနွေး

**ဖျာပုံ ဇူလိုင် ၂၆**
ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက မြို့နယ်အတွင်း ယစ်မျိုး လိုင်စင်ယူထားသော လုပ်ငန်းရှင်များအား ယစ်မျိုးဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ အသိပညာပေးဆွေးနွေးပွဲကိုဇူလိုင် ၂၅ ရက် နံနက် ၁၀ နာရီက အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

"လိုင်စင်သာ ယူထားပြီး စည်းမျဉ်း၊ စည်းကမ်းတွေ သေချာမသိ။ လုပ်ထုံးလုပ်နည်းတွေ နားမလည်ကြရင် မလိုလားအပ်တဲ့ပြဿနာတွေ ပေါ်လာနိုင်တယ်။ အဲဒီအတွက် ဒီလုပ်ငန်းနဲ့ပတ်သက်တဲ့ လုပ်ငန်းရှင်တွေအားလုံး ယစ်မျိုးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လိုက်နာရမယ့် စည်းကမ်းလုပ်ထုံးလုပ်နည်းတွေ သိရှိလိုက်နာနိုင်အောင် ခေါ်ယူအသိပေးရခြင်းဖြစ်ပါတယ်" ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးအောင်ထွန်းကပြောသည်။

ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရိန်စိုးက ယစ်မျိုးလိုင်စင်အမျိုးအစား တစ်ခုချင်းအလိုက် လိုက်နာရမည့် စည်းကမ်းချက်များ၊ ယစ်မျိုးဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းတင်ပြရာ တက်ရောက်လာသူများက သိလိုသည်များ မေးမြန်းကြရာ ပြန်လည် ဆွေးနွေးဖြေကြားပေးခဲ့ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

## မူခင်းပညာပေးဟောပြော

**ရန်ကုန် ဇူလိုင် ၂၆**
ဝေဘာဂီနယ်မြေ ရဲစခန်းမှူး ရဲအုပ်နန်းအောင်၊ ဒုရဲအုပ်ကျော်လင်းတို့ အဖွဲ့က သက်ငယ်မုဒိမ်းမှုပပျောက်ရေး၊ လူကုန်ကူးမှုမခံရစေရေး၊ မူးယစ်ဆေးဝါး ပပျောက်ရေး အကြောင်းအရာများကို အသီးသီး ဟောပြောရာ ကျောင်းသား ကျောင်းသူ ၁၅၉ ဦး၊ ပြည်သူ ၂၀၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကိုရဲ**

## သန်လျင်ကျိုက်ခေါက်စေတီတော်၌ ဓာတ်လှေကား၊ စက်လှေကား တည်ဆောက်ရန် ပန္နက်တင်

**ရန်ကုန် ဇူလိုင် ၂၆**
ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်မြတ်ကြီးတွင် အဆင့်မြင့်ဓာတ်လှေကား၊ စက်လှေကားတည်ဆောက်ရေး ပန္နက်တင် အခမ်းအနားကို ဇူလိုင် ၂၆ ရက် နံနက် ၉ နာရီက အရှေ့ဘက်မုခ်ရှိ ခေါလကဇရပ်အနီး၌ ကျင်းပသည်။

တည်ဆောက်မည့် ဓာတ်လှေကားမှာ အရှည်ပေ ၁၅၀၊ အမြင့် ၇၂ ပေရှိပြီး စက်လှေကားမှာ အကျယ် ၁၄ ပေ၊ အရှည် ၃၄ ပေခွဲရှိကြောင်း သိရသည်။

**သက်နိုင် (သန်လျင်)**



ဇူလိုင် ၂၆ ရက်က အုတ်ဖိုမြို့နယ် လသာကုန်းကျေးရွာ အ - ထ - က (ခွဲ)၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ သက်ငယ်မုဒိမ်းမှု၊ မူးယစ်ဆေးဝါးအကြောင်းများဟောပြောရာအခမ်းအနားသို့ အမှတ် (၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးစောသူရအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးကျော်ဇင်ဦး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသိန်းထွေး၊ ဒုမြို့နယ်ပညာရေးမှူးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်းအင်အား ၃၀၀ ခန့် တက်ရောက်ကြစဉ်။ ၅၂၆

### တိုတိုထွာထွာဖတ်စရာ

## ဖရူဆိုမြို့နယ်လူထုဗဟိုပြုစီမံကိန်းသင်တန်းဖွင့်

**ဖရူဆို**
ဖရူဆိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လူထုဗဟိုပြုစီမံကိန်း(စတုတ္ထနှစ်စက်ဝန်း) ဖွင့်လှစ်ခြင်းကို ဇူလိုင် ၂၅ ရက် နံနက်ပိုင်းက ဖရူဆိုမြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံး၌ ကျင်းပရာ မြို့နယ်စီမံကိန်းတာဝန်ခံ ဦးဒေးဖဲက အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းကို လုပ်ငန်းခွင်အတွင်း ပဋိပက္ခအားသတိပြု လုပ်ဆောင်နိုင်ရန်နှင့် အတွေ့အကြုံများ ဖလှယ်ရန်၊ ပဋိပက္ခအခြေအနေကို ကောင်းမွန်နားလည်စွာဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် လူထုဗဟိုပြုစီမံကိန်းမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## စစ်တွေမြို့၌ တောင်သူပညာပေးသင်တန်းဖွင့်

**စစ်တွေ**
ရခိုင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းစွမ်းရည်မြှင့်တင်ရေးနှင့် တောင်သူပညာပေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီက ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စပါးသီးနှံတွင် ပေါင်းမြက်ကာကွယ်နှိမ်နင်းခြင်း၊ အရည်အသွေးပြည့်မီသော စပါးမျိုးစေ့များထုတ်လုပ်ခြင်း၊ ပျိုးသက်နုကောက်ကွက်ကြဲ (SRI) နည်းဖြင့် စပါးစိုက်ပျိုးခြင်းနှင့် ရောဂါများ ကာကွယ်နှိမ်နင်းနည်းနှင့် မျိုးကောင်းမျိုးသန့်များရွေးချယ်ခြင်း ဘာသာရပ်များ သင်ကြားပို့ချရာ သင်တန်းသား ၁၀၀ တက်ရောက်ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်မှုကြည့်ရှု

**ပြည်**
ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အရှည်ပေ ၄၆၆၀၊ အကျယ် ၁၂ ပေ၊ လမ်းဒုနှစ်ပေရှိ တောင်တီး-လယ်ပြင်ကျေးလက်ကုန်ထုတ်လမ်း ဆောင်ရွက်နေမှုကို ဇူလိုင် ၂၄ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ဦးစီးမှူး ဦးမျိုးသိန်း၊ ပြည်ခရိုင်ကျေးလက်ဦးစီးမှူး ဦးသန်းနိုင်ဦးနှင့် မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးတို့ ကွင်းဆင်းကြည့်ရှုခဲ့ပြီး သက်ဆိုင်ရာ ကုမ္ပဏီအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သူရအောင်(ပြည်)**

## မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်

**ရန်ကုန်**
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်သည် ဇူလိုင်လ တတိယပတ်က မှော်ဘီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြစိမ်းရောင် စီမံကိန်းဝင်ကျေးရွာများဖြစ်သော သဲဖြူကျေးရွာနှင့် ထိန်စွန်းကျေးရွာတို့၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မှော်ဘီမြို့နယ်အတွင်း စီမံကိန်းကျေးရွာ ၂၇ ရွာရှိ စီမံကိန်းလုပ်ငန်းများမှ အကျိုးရလဒ်သိရှိနိုင်ရေး လုပ်ငန်းအလိုက် ကွင်းဆင်းစစ်တမ်းကောက် ယူထားရှိရန် မှာကြားခဲ့ကြောင်း သိရသည်။

**နေသစ်ဦး**

# Marina Bay Sands Hotel လေ့လာရေးခရီးစဉ်

အောင်အောင် IR

Marina Bay Sands ဆိုတာ စင်ကာပူနိုင်ငံမှာသာမက ကမ္ဘာမှာပါ ထင်ရှားကျော်ကြားတဲ့ အပန်းဖြေ ဇိမ်ခံဟိုတယ်ကြီး ဖြစ်ပါတယ်။ စင်ကာပူနိုင်ငံရဲ့ အထင်ကရအဆောက်အအုံ (Landmark) များထဲက တစ်ခုလည်းဖြစ်ပြီး စင်ကာပူဆိုတာနဲ့ ရှည်ရှည်မျောမျော သင်္ဘောတစ်စင်းကို မြင့်မားလှတဲ့ အဆောက်အအုံသုံးခုနဲ့ ပင့်မြှောက်တည်ဆောက်ထားတဲ့ အသွင်သဏ္ဍာန်နဲ့ Marina Bay Sands အဆောက်အအုံကြီးကို ပြေးမြင်တတ်ကြပါတယ်။ အချို့ကလည်း အဲဒီအဆောက်အအုံကြီးကို အဆောက်အအုံကြီးမှန်း မသိကြပါဘူး။ ဒါကြောင့် ဒီဆောင်းပါးမှာ Marina Bay Sands ဟိုတယ်ကြီးအကြောင်းကို အကျယ်တဝင့် ရေးပါမယ်။ အဲဒီလိုဟိုတယ်ကြီးအကြောင်း ဆောင်းပါးတစ်ပုဒ် ရေးရအောင်လည်း အကြောင်းကဖန်လာပါတယ်။

စာရေးသူ စင်ကာပူမှာ ရောက်ရှိနေခိုက် စင်ကာပူရဲ့ ထင်ရှားတဲ့နေရာတွေ သွားလည်ပတ်ပြီးရင် အတွေ့အကြုံဆောင်းပါးတွေ ရေးသားလေ့ရှိပါတယ်။ ဒါက စင်ကာပူမှတင် မဟုတ်ပါဘူး။ ပြည်ပနိုင်ငံတွေ ရောက်ရှိတိုင်း ကိုယ်တွေ့ကြုံခဲ့တာတွေကို ခရီးသွားဆောင်းပါးသဘော စာဖတ်သူတွေကို ဗဟုသုတမျှဝေချင်လို့ ရေးသားပါတယ်။ Marina Bay Sands ကို မသွားခင် ဟိုတယ်ရဲ့ဝက်ဘ်ဆိုက်မှာ ဖော်ပြထားတဲ့ အီးမေးလ်က တစ်ဆင့် မိတ်ဆက်ပြီး ကျွန်တော်က မြန်မာနိုင်ငံက စာရေးဆရာဖြစ်တယ်။ သတင်းစာ၊ ဂျာနယ်တွေမှာ ဆောင်းပါးတွေရေးသားနေသူဖြစ်တယ်။ ဆောင်းပါးဘယ်နှပုဒ်၊ စာအုပ်ဘယ်နှအုပ် ရေးသားထုတ်ဝေပြီးပြီ၊ လက်ရှိ စင်ကာပူမှာ ဧည့်သုတေသီသဘောမျိုး ရောက်ရှိနေတယ်။ မင်းတို့ ဟိုတယ်ကြီးအကြောင်း ဆောင်းပါးရေးသားချင်တယ်ဆိုပြီး အီးမေးလ်ပို့လိုက်ပါတယ်။

အဲဒီက တာဝန်ရှိသူတစ်ယောက်က အခြားဝက်ဘ်ဆိုက်လိပ်စာတစ်ခု လှမ်းပို့ပြီး အဲဒီကို ဆက်သွယ်ကြည့်ပါလို့ ဆိုပါတယ်။ ဒါနဲ့ သူပို့တဲ့ဝက်ဘ်ဆိုက်ကိုဝင်ကြည့်တော့ Marina Bay Sands Social Media Collaboration Requests ဆိုပြီး တွေ့ပါတယ်။ ပြီးတော့ Blogger & social media influencer request form ဆိုတာ ဖြည့်ရပါတယ်။ Marina Bay Sands က ကမ္ဘာတစ်လွှား ထင်ရှားကျော်ကြားတဲ့ ဘလော့ဂါတွေ၊ ဆိုရှယ်မီဒီယာမှာ လွှမ်းမိုးမှုရှိသူတွေကို ကြိုဆိုပါတယ်ဆိုပါတယ်။ ဒီတော့ ကိုယ့်ကိုယ်ကိုယ် ပြန်မေးတဲ့မေးခွန်းက ငါက ဘလော့ဂါလား၊ ဆိုရှယ်မီဒီယာမှာ လွှမ်းမိုးမှုရှိသူလားဆိုတာ ဖြစ်ပါတယ်။ ကိုယ်က ပုံနှိပ်မီဒီယာတွေမှာ စာရေးသူဖြစ်ပါတယ်။ ဆိုရှယ်မီဒီယာတွေမှာ ရေးတဲ့သူမဟုတ်ပါဘူး။ နောက်မေးထားတာတစ်ခုက Marina Bay Sands ရဲ့ ဘယ်နေရာတွေကို သွားချင်တာလဲပေါ့။ Marina Bay Sands Hotel နဲ့ Skypark လား၊ ArtScience Museum လား၊ ဒါမှမဟုတ် ဘယ်ကိုလဲပေါ့။ တစ်ခုပဲ ရွေးလို့ရပါတယ်။ ဒါနဲ့ ရှေ့ဆုံးမှာဖော်ပြထားတဲ့ ဟိုတယ်နဲ့ မိုးပျံဥယျာဉ် (Skypark) ဆီ သွားချင်တယ်လို့ ဖြည့်လိုက်တယ်။ နောက်ထပ်မေးပါသေးတယ်။ ဟိုတယ်အခန်းတွေဆီ သွားချင်တာလား၊ အစားအသောက်တွေ လေ့လာချင်သလား စသည်ဖြင့်မေးပါတယ်။

နောက်ဆက်မေးတာတွေက ဘယ်နေရာတွေမှာ မင်းက စာရေးတာလဲပေါ့။ Blog၊ Website မှာလား၊ Instagram မှာလား၊ Twitter မှာလား၊ Facebook မှာလား၊ Youtube မှာလား၊ ဒါမှမဟုတ် အခြားနေရာတွေ (Other) မှာလားပေါ့ဗျာ။

ဒါနဲ့ ကျွန်တော်လည်း ငါ မင်းတို့ကို ပြောပြီးပြီ။ သတင်းစာ၊ ဂျာနယ်တွေ (printed media) မှာ အောင်အောင် IR နာမည်နဲ့ စာရေးနေသူ ဖြစ်တယ်။ ငါ့ကိုယ်ရေးအကျဉ်းလည်း ပို့ထားတယ်။ ဆောင်းပါးတွေစုပြီး ထုတ်ထားတဲ့စာအုပ်ကြည့်ချင်ရင်တော့ ငါယူလာခဲ့လို့ရတယ်။ ရည်ရွယ်ချက်က မင်းတို့ဟိုတယ်ကြီးအကြောင်းကို မြန်မာပြည်သူတွေ၊ ငါ့ရဲ့စာဖတ်သူတွေနဲ့ မိတ်ဆက်ပေးဖို့ ဖြစ်တယ်။ မြန်မာနိုင်ငံမှာ လူဦးရေ သန်း ၅၀ ကျော်တယ်။ ဂျာနယ်တွေ၊ သတင်းစာတွေက တစ်နိုင်ငံလုံးဆီရောက်တယ်။ မင်းတို့အတွက်လည်း ငါ့လိုစာရေးဆရာနဲ့ တွေ့ဆုံဖိတ်ခေါ်ခွင့်ရတာ အခွင့်အလမ်းတစ်ရပ်ဖြစ်တယ်။ ဒါဟာ နိုင်ငံတကာဆက်ဆံရေး၊ ပြည်သူ့ဆက်ဆံရေး လမ်းကြောင်းတစ်ခုလည်းဖြစ်တယ်၊ ဖေ့စ်ဘွတ်မှာရေးတာ၊ ဆိုရှယ်မီဒီယာတွေမှာရေးတာ



ကြာရင်ပျောက်သွားတယ်။ ငါက စာရွက်တွေပေါ်မှာရေးတာဖြစ်ပြီး တစ်နှစ်ပြီးရင် ရေးခဲ့တဲ့ ဆောင်းပါးတွေစုပြီး စာအုပ်တစ်အုပ်ထုတ်တယ်။ အဲဒီစာအုပ်တွေကို ပြည်တွင်းမှာသာမက နိုင်ငံတကာက စာကြည့်တိုက်တွေကို လှူတယ်။ အခုလည်း ငါ့စာအုပ်တွေ စင်ကာပူစာကြည့်တိုက်တွေမှာ လှူထားတယ်။ ဒါကြောင့် ငါရေးတဲ့ဆောင်းပါးတွေက ရာသက်ပန်ပဲ။ ပျောက်ပျက်မသွားဘူး စသဖြင့် အလုံးအကြီးကြီးတွေနဲ့ လှမ်းပစ်တာပေါ့ဗျာ။ နောက်ဆုံး ဟိုတယ်ဘက်က မင်းဘယ်ရက်အားလဲဆိုပြီး ရက်ထပ်ညှိ၊ နောက်ဆုံး သူတို့ပေးတဲ့ရက်ကိုယူပြီး ရုံးချိန်အတွင်းဖြစ်နေလို့ ရုံးကနေနေ့တစ်ဝက်ခွင့်တင်ပြီး Marina Bay Sands ဆီ သွားခဲ့ပါတော့တယ်။

## Marina Bay Sands

Marina Bay Sands ဆိုတာ စင်ကာပူနိုင်ငံ မာရီနာပင်လယ်အော်ကို မျက်နှာမူတည်ဆောက်ထားတဲ့ ဧက ၁၅ ဒသမ ၅ အကျယ်ရှိတဲ့ ပြုပြင်ယူထားတဲ့ လူလုပ်မြေသားပေါ်မှာ ဟိုတယ်တွေ၊ ကာစီနိုလောင်းကစားရုံတွေ၊ ကဇာတ်ရုံကြီးတွေ၊ ညီလာခံခန်းမဆောင်ကြီးတွေ၊ ပန်းဥယျာဉ်ကြီးတွေ၊ ဖျော်ဖြေပွဲတွေ၊ တန်ဖိုးကြီး ညစာအခမ်းအနားတွေ ပေါင်းစပ်ပါဝင်တဲ့ အပန်းဖြေဟိုတယ်အဆောက်အအုံကြီး ဖြစ်ပါတယ်။ မြေအပါအဝင်အဆောက်အအုံကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၅ ဒသမ ၆ ဘီလီယံခန့်ကျသင့်ပြီး ဒီကနေ့အထိ ကမ္ဘာ့ကုန်ကျစရိတ်အကြီးမားဆုံး ကာစီနိုပါရှိတဲ့ ဟိုတယ်ကြီးအဖြစ် မှတ်တမ်းဝင်ပါတယ်။ ဟိုတယ်ကြီးကို ၂၀၀၇ ခုနှစ်မှာ စတင်ဆောက်လုပ်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်မှာ ဖွင့်လှစ်ခဲ့ပါတယ်။ လက်ရှိမှာ ဟိုတယ်ကြီးနဲ့ ဆက်စပ်အဆောက်အအုံတွေမှာ ဝန်ထမ်းပေါင်း ၉၇၀၀ လုပ်ကိုင်ဆောင်ရွက်နေပါတယ်။ ဟိုတယ်ကြီးမှာ အထပ် ၅၇ ထပ်စီပါဝင်တဲ့ အဆောက်အအုံ သုံးလုံးပါရှိပြီး အခန်းစုစုပေါင်း ၂၅၆၁ ခန်း ရှိပါတယ်။ စီတန်းဆောက်လုပ်ထားတဲ့ မြင့်မားတဲ့ အဆောက်အအုံသုံးခုကို သူတို့ရဲ့ အပေါ်ဆုံးမှာ Sands Skypark လို့ခေါ်တဲ့ မိုးပျံဥယျာဉ် (ခေါင်မိုးတွဲ) နဲ့ ဆက်စပ်ထားပါတယ်။ လူအချို့ အဝေးကနေ အလွယ်မြင်နေတဲ့ အဆောက်အအုံပေါ်က သင်္ဘောပုံသဏ္ဍာန်ကို Sands Skypark လို့ ခေါ်ပါတယ်။ Skypark ဟာ ၅၇ ထပ်အမြင့်မှာ တည်ရှိပြီး ၁၂၀၀၀ စတုရန်းကီလိုမီတာ (၁၂၉၁၆၆ စတုရန်းပေ) ကျယ်ဝန်းပါတယ်။

SkyPark မှာ တည်ရှိတဲ့ မြေပြင်ကနေ ၁၉၁ မီတာ (၆၂၇ ပေ) အမြင့်မှာ ဖန်တီးပြုလုပ်ထားတဲ့ ရေသားနဲ့ မိုးကောင်းကင် တစ်ဆက်တည်းသဖွယ် ထင်မှတ်မှားအောင် ဖန်တီးပြုလုပ်ထားတဲ့ အရှည် ၁၄၆ မီတာ (၄၇၉ ပေ)ရှည်လျားတဲ့ ရေကူးကန်ကြီး (Infinity Pool) ဟာ ကမ္ဘာမှာ အဆောက်အအုံခေါင်မိုးမှာ ဆောက်ထားတဲ့ အရှည်အလျားဆုံးနဲ့ အမြင့်မားဆုံး ရေကူးကန်ကြီးအဖြစ် မှတ်တမ်းဝင်ပါတယ်။ အဲဒီရေကူးကန်ကြီးကို စတီးလ်ပေါင်ချိန် ၄၂၂၀၀၀ နဲ့ ပြုလုပ်ထားတာဖြစ်ပြီး ရေဂါလန်ပေါင်း ၃၇၆၅၀၀ ဝင်ဆံ့တယ်လို့ သိရပါတယ်။ Sands Skypark မှာ အဲဒီ ရေကူးကန်ကြီးအပြင် ကမ္ဘာ့ထိပ်တန်းဟင်းလျာတွေတည်ခင်းဧည့်ခံတဲ့ CÉ LA VI နဲ့ Spago လို့ခေါ်တဲ့ ညကလပ်နဲ့ စားသောက်ဆိုင် နှစ်ဆိုင်လည်း ရှိပါတယ်။ ဒါ့အပြင် ပန်းဥယျာဉ်တွေ၊ သစ်ပင်ပန်းမန်တွေ၊ စင်ကာပူတစ်မြို့လုံးကို စီးမြင်နေရတဲ့ အများပြည်သူ ရှုခင်းကြည့်ဆောင် (Sands Skypark Observatory Deck) လည်း တည်ရှိပါတယ်။ စင်ကာပူနိုင်ငံရောက်ပြီး ဒီ Marina Bay Sands ဟိုတယ်ကြီး အပေါ်ဆုံးထပ် ရှုခင်းကြည့်ဆောင်ကနေမှ စင်ကာပူမြို့ကြီးကို မကြည့်ခဲ့ဘူးဆိုရင် ဒါ စင်ကာပူကိုရောက်တယ်လို့ မဆိုနိုင်ဘူးလို့ ဆိုပါတယ်။ ရှုခင်းကြည့်ဆောင်ကို အဆောက်အအုံအမှတ် ၃ (hotel tower 3) ကတစ်ဆင့် ဝင်ရပြီး ဝင်ကြေးက လူကြီး စင်ကာပူဒေါ်လာ ၂၃ ဖြစ်ပြီး ကလေးက စင်ကာပူဒေါ်လာ ၁၇ ဖြစ်ပါတယ်။ ဟိုတယ်မှာ တည်းခိုနေထိုင်တဲ့သူတွေကတော့ အခမဲ့ဖြစ်ပါတယ်။

Marina Bay Sands ရဲ့ မြေညီထပ် ဈေးဝယ်ဧရိယာဆိုရင် စတုရန်းပေပေါင်း ၁,၀၀၀,၀၀၀ အထိ ကျယ်ဝန်းပြီး ကမ္ဘာကျော်တံဆိပ်အများစုကိုရနိုင်တဲ့ စတိုးဆိုင်ပေါင်း ၃၀၀ ကျော်ခန့်ရှိပါတယ်။ ဈေးဆိုင်တွေရှိတဲ့ အဆောက်အအုံအတွင်း မြေညီထပ်မှာ လှေ၊ သမ္ဗန်တွေ ကူးခတ်နိုင်အောင် ကျယ်ဝန်းတဲ့ လူလုပ်တူးမြောင်းတစ်ခုရှိပြီး ဧည့်သည်တွေ၊ ဆိုင်ရှင်တွေ စီးနင်းနိုင်ပါတယ်။ ဒါ့အပြင် ကမ္ဘာ့အကြီးမားဆုံး ဖက်ရှင်စတိုးဆိုင်နဲ့ ကမ္ဘာ့အကောင်းဆုံး နိုက်ကလပ်တွေ ဖွင့်ထားတဲ့ ရေပြင်ပေါ်မှာပေါ်နေတဲ့ ဖန်သားအဆောက်အအုံနှစ်ခု၊ ကမ္ဘာ့ပထမဆုံး Art Science Museum၊ စားပွဲ ငါးရာပါပြီး လောင်းကစားစက် ၁၆၀၀ တပ်ဆင်ထားတဲ့ ကမ္ဘာ့အကြီးမားဆုံး atrium casino လည်း ပါရှိပါတယ်။ Art Science Museum ဟာ Marina Bay Sands ဟိုတယ်အပြင်ဘက်မှာရှိပြီး ကြာပန်းပုံသဏ္ဍာန် အဆောက်အအုံ ဖြစ်ပါတယ်။ အတွင်းမှာ ပြခန်း ၂၁ ခန်း ရှိပြီး ၅၀၀၀ စတုရန်းကီလိုမီတာ (၅၃၈၂၀ စတုရန်းပေ) ကျယ်ဝန်းပါတယ်။ ပြတိုက်အတွင်း နိုင်ငံတကာပြတိုက်ကြီးများ၊ အနုပညာပြပွဲများ လက်ခံကျင်းပတယ်လို့သိရပါတယ်။ ပြတိုက်ဝင်ကြေးက လူကြီးစင်ကာပူဒေါ်လာ ၁၉ ကနေ စင်ကာပူဒေါ်လာ ၄၀ အထိ ကိုယ်ကြည့်မယ့် ပြခန်းများအပေါ် မူတည်ပြီး ကျသင့်ပါတယ်။

Marina Bay Sands ဟိုတယ်ပိုင်ရှင်က အမေရိကန်နိုင်ငံ နီဗားဒါးပြည်နယ် (Nevada) အခြေစိုက် Las Vegas Sands ကုမ္ပဏီဖြစ်ပြီး Las Vegas Sands ကုမ္ပဏီရဲ့ တည်ထောင်သူနဲ့ ဥက္ကဋ္ဌဖြစ်သူကတော့ အသက် ၈၅ နှစ်အရွယ် အမေရိကန်သန်းကြွယ်သူဌေးကြီး Sheldon Adelson ပဲ ဖြစ်ပါတယ်။ Las Vegas Sands ကုမ္ပဏီဟာ အမေရိကန်နိုင်ငံမှာသာမက စင်ကာပူ၊ မကာအိုတို့မှာလည်း ဟိုတယ်တွေ၊ ကာစီနိုတွေ ပိုင်ဆိုင်ပါတယ်။ ဇွန်လ ၂၀၁၈ Forbes မဂ္ဂဇင်းကြီးက သူဌေးကြီး Sheldon Adelson ကို ကမ္ဘာ့ ၁၆ ဦးမြောက် အချမ်းသာဆုံးပုဂ္ဂိုလ်အဖြစ် သတ်မှတ်ထားပါတယ်။

## ကိုယ်တွေ့ Marina Bay Sands

ချိန်းဆိုထားတဲ့အတိုင်း အလုပ်ကနေ ခွင့်နေ့တစ်ဝက်ယူပြီး Marina Bay Sands ဟိုတယ်ကို သွားခဲ့ပါတယ်။ Bayfront MRT ဘူတာရုံမှာဆင်း၊ နောက် ချိန်းဆိုထားတဲ့ ဟိုတယ်အဆောက်အအုံ အမှတ် ၁ (hotel tower 1) ရဲ့ ဧည့်ခန်းဆောင် (Lobby) မှာ ဟိုတယ်၊ ပြည်သူ့ဆက်ဆံရေးဌာန လက်ထောက်မန်နေဂျာ မစ္စဂလက်ဒီဆင်မ် (Ms. Gladys Sim)၊ အလုပ်သင် စင်ကာပူမိန်းကလေးတစ်ယောက်နဲ့ တွေ့ဆုံပြီး ဟိုတယ်အလည်အပတ်ခရီးစဉ် (the property tour) ကို သူတို့နှစ်ဦးနဲ့ စတင်လိုက်ပါတယ်။ ပထမဆုံး အဆောက်အအုံအမှတ် ၁၊ အထပ် ၅၄ ထပ်မှာရှိတဲ့ တန်ဖိုးကြီးဧည့်ခန်းပါ အခန်းတစ်ခန်း (Suite) ကို လိုက်ပြပါတယ်။ ဟိုတယ်က လူအမြဲပြည့်နေလို့ ရိုးရိုးအခန်းတွေပြဖို့ အလွတ်မရှိဘူးလို့ ဆိုပါတယ်။ နန်းတော်အဆောင်တစ်ခုပမာ ခမ်းနားလှတဲ့ အခန်းထဲမှာ အိပ်ခန်း၊ ကျယ်ဝန်းလှတဲ့ သီးသန့်ဧည့်ခန်း၊ မီးဖိုခန်း၊ ရေချိုးခန်း၊ အိမ်သာ၊ အားကစားလေ့ကျင့်ရာနေရာ၊ အနှိပ်ခံအခန်း စသည်ဖြင့်ပါရှိပါတယ်။

အခန်း ပြတင်းပေါက်ကနေ စင်ကာပူမြို့ကြီးရဲ့ အလှအပတွေကို ရင်သပ်ရှုမောဖွယ် မြင်တွေ့ရပါတယ်။ အဲဒီနောက် ၅၇ ထပ်မှာရှိတဲ့ Marina Bay Sands ဟိုတယ်ကြီးရဲ့ ကမ္ဘာကျော် မိုးပျံရေကူးကန်ကြီး (Infinity Pool) ဆီကို သွားကြပါတယ်။ မျက်စိတဆုံး ကျယ်ပြောလှတဲ့ ရေကန်ကြီးမှာ ရေကူးသူတွေ၊ နေပူစာလှုံနေသူတွေနဲ့ စည်ကားနေပြီး တကယ့်ကမ်းခြေတစ်ခုကို ရောက်သွားသလို ခံစားရပါတယ်။ ရေကူးကန်ရေပြင်ကို မိုးကောင်းကင်နဲ့ တစ်ဆက်တည်းသဖွယ်၊ စင်ကာပူမြို့ကြီးနဲ့ တစ်ဆက်တည်းဖြစ်အောင် ဖန်တီးပြုလုပ်ထားတဲ့အတွက် ရေကူးကန်ထဲက လူတွေဟာ တိုက်အောက်ကို မျောပါကျသွားမယ့်သဏ္ဍာန် အသည်းယားစရာ မြင်တွေ့ရပါတယ်။ အတူလိုက်ပါလာတဲ့ ဟိုတယ်ဝန်ထမ်းတွေကတော့ အောက်မှာ တစ်ထပ်ခံထားတယ်၊ လုံခြုံတယ်၊ ပြုတ်မကျဘူးဆိုပြီး ရှင်းပြနေပါတယ်။ အဲဒီရေကူးကန်ကြီးကို ဟိုတယ်မှာ တည်းခိုသူတွေသာ အသုံးပြုနိုင်ပြီး အပြင်ဧည့်သည်တွေ ဝင်ခွင့်မပြုပါဘူး။ အပြင်ဧည့်သည်တွေဟာ အဆောက်အအုံ အမှတ် ၃ ရဲ့ ၅၇ ထပ်မှာရှိတဲ့ ရှုခင်းကြည့်ဆောင် (Sands Skypark Observatory Deck) ကိုပဲ ဝင်ကြေး (လူကြီးတစ်ဦးလျှင် စင်ကာပူဒေါ်လာ ၂၃)ပေးပြီး တက်ခွင့်ရှိပါတယ်။

စာရေးသူကတော့ မီဒီယာသမားတစ်ဦးအနေနဲ့ အလည်အပတ်သွားခဲ့တာမို့လို့ ဘာဝင်ကြေးမှ မပေးရသလို အပြင်လူတွေ ဝင်ရောက်ခွင့်မရှိတဲ့ ဒီရေကူးကန်ဘက်ကို ဝင်ရောက်လေ့လာခွင့် ရခဲ့ပါတယ်။ ရေကူးကန်ကမှတစ်ဆင့် ရှုခင်းကြည့်ဆောင်ဘက်ဆီ ဆက်သွားကြပြီး စင်ကာပူမြို့ကြီးနဲ့ ပင်လယ်အော်ကြီးကို ၅၇ ထပ်အမြင့်မှ လှည့်ပတ်ကြည့်ရှုရင်း အမှတ်တရ ဓာတ်ပုံများ၊ ဗီဒီယိုများ ရိုက်ယူခဲ့ပါတယ်။ ဟိုတယ်လေ့လာချိန် တစ်နာရီသာသာခန့်အတွင်းမှာ စာရေးသူနဲ့အတူ လိုက်ပါလာတဲ့ ဝန်ထမ်း အမျိုးသမီးနှစ်ယောက်ကို ဟိုတယ်ကြီးအကြောင်း သိလိုတာတွေ မေးမြန်းပါတယ်။ အဖြေအများစုကို ဟိုတယ်ဝက်ဘ်ဆိုက်ထဲမှာ စာရေးသူလေ့လာထားပြီးမို့ အထူးအထွေတော့ ကွဲပြားမှု မရှိပါဘူး။ ဒီဟိုတယ်ကြီးကို မြန်မာနိုင်ငံက မီဒီယာတွေကော လေ့လာရေးလာဖူးကြသလားလို့မေးတော့ နိုင်ငံတကာက မီဒီယာအဖွဲ့တွေတော့ လာလေ့ရှိတယ်၊ မြန်မာနိုင်ငံကတော့ ဒါပထမဆုံးအကြိမ်ထင်တယ်လို့ ဖြေပါတယ်။ စာရေးသူလည်း ဟိုတယ်ဝန်ထမ်းတွေကို အင်တာနက်ကတစ်ဆင့် လေ့လာထားသလောက် ဟိုတယ်ပိုင်ရှင် သူဌေးကြီး Sheldon Adelson အကြောင်းပြောရင်း နင်တို့သူဌေးမွေးနေ့ ရှေ့လ (ဩဂုတ်လ) နော်လို့ပြောတော့ သူတို့က ဟုတ်တယ်ဆိုပြီး အံ့အားသင့်ကြပါတယ်။ နောက်တစ်ခါ ပြီးခဲ့တဲ့ဇွန်လက ဟိုတယ်ကို လာရောက်လေ့လာတဲ့ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် (Kim Jong-un)အကြောင်းမေးတော့ သူတို့က ကင်ဂျုံအန်လာသွားတယ်။ ရှုခင်းကြည့်ဆောင် (Sands Skypark Observatory Deck) ကနေပဲ စင်ကာပူကို ကြည့်သွားတယ်။ ရေကူးကန် (Infinity Pool) ဘက်ဆီ မသွားဘူးလို့ ပြောတော့ စာရေးသူက ဟိုတယ်ဝန်ထမ်းတွေကို ဒါဆို ငါက ရေကူးကန်အထိရောက်တယ်ဆိုတော့ မြောက်ကိုရီးယားခေါင်းဆောင်ထက် ပိုအရေးပါတာပေါ့လို့ဆိုတော့ ရယ်လိုက်ကြတာလေ။ အဲဒီနောက် အောက်ထပ် ပြန်ဆင်းလာပြီး ဟိုတယ်အပြင်ဘက်က ကြာပန်း ပုံသဏ္ဍာန် Art Science Museum ထဲ ခဏဝင်လေ့လာပြီး လိုက်ပါပို့ဆောင် ရှင်းလင်းပြောကြားပေးတဲ့ ဟိုတယ်ဝန်ထမ်းများကို ကျေးဇူးတင်စကားဆိုရင်း Marina Bay Sands ဟိုတယ် လေ့လာရေး ခရီးစဉ်ကို အဆုံးသတ်လိုက်ပါတယ်။ ။

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း အမှိုက်ခွဲခြားသန့်စင်စက် စမ်းသပ်လည်ပတ်နေမှုကို ကြည့်ရှု

**ပဲခူး ဇူလိုင် ၂၆**
ပဲခူးမြို့ နန်းတော်ရာရပ်ကွက်၊ ဟသ်ာကုန်းရပ်ကွက်နှင့် ကတွင်းခြံကျေးရွာအကြားရှိ ဖဲဖောင်တော်ကွင်း သုသာန်ဟောင်းနေရာ၌ တည်ဆောက်ခဲ့သော အမှိုက်ခွဲခြားသန့်စင်စက် စမ်းသပ်လည်ပတ်နေမှုကို ဇူလိုင် ၂၅ ရက် မွန်းလွဲ ၂ နာရီက ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးဇော်နိုင်က ပဲခူးမြို့တွင် အမှိုက်ခွဲခြားသန့်စင်စက်ရုံ တည်ဆောက်ရခြင်း ရည်ရွယ်ချက်နှင့် စမ်းသပ်လည်ပတ်မှု လုပ်ငန်းစဉ် အဆင့်ဆင့်ကို ရှင်းလင်းတင်ပြခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဝင်းသိန်းက လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး၊ အလုပ်သမားများ၏ ကျန်းမာရေး၊ အနံ့ဆိုး၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး၊ အမှိုက်များ ခွဲခြားသန့်စင်မှုနှင့် ပတ်သက်၍ လျှပ်စစ်ဓာတ်အားခ၊ အလုပ်သမားကုန်ကျစရိတ်နှင့် ပြန်လည်ထွက်ရှိလာသော ရောင်းချနိုင်သည့် ကုန်ကြမ်းပစ္စည်းတန်ဖိုးစသည်တို့ကို ပြန်လည်ချိန်ဆရန်နှင့် ပြည်သူများအား အမှိုက်အမျိုးအစား ခွဲခြားပစ်နိုင်ရန်အတွက် အသိပညာပေး စည်းရုံးဆောင်ရွက်ရန် မှာကြားခဲ့ပြီး စက်ရုံအတွင်း စက်စမ်းသပ်လည်ပတ်နေမှုကို လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့သည်။

ပဲခူးမြို့၏ အမှိုက်ထွက်ရှိနှုန်းမှာ တစ်ရက်လျှင် အမှိုက်တန် ၆၀ မှ ၈၀ အထိထွက်ရှိနေပြီး ယခုတည်ဆောက် လည်ပတ်မည့် အမှိုက်ခွဲခြားသန့်စင်စက်သည် တစ်ရက်လျှင်တန် ၂၀ လည်ပတ်နိုင်ကာ အမှိုက်များကို ခွဲခြားသန့်စင်၍ ဈေးကွက်တွင် ပြန်လည်အသုံးပြုခြင်းဖြင့် အမှိုက်များစုပုံမှု လျော့နည်းသွားရန်၊ မြို့သန့်ရှင်းသာယာလှပစေရန်၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရန်၊ အမှိုက်မှ သဘာဝဓာတ်မြေဩဇာ၊ စက်မှုကုန်ကြမ်း ထုတ်လုပ်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် ရည်ရွယ် တည်ဆောက်ခြင်းဖြစ်ပြီး လူ့စွမ်းအားနှင့်အတူ အမှိုက်များကို ခွဲခြားစစ်ချပြီး မြေဩဇာထုတ်လုပ်ရရှိနိုင်သော အမှိုက်များအား သဘာဝမြေဩဇာအဖြစ်ထုတ်လုပ်ကာ သံ၊ သတ္တု၊ ဖိုက်ဘာ၊ ပုလင်း၊ ဘီယာဘူးခွံ စသည့် ပြန်လည်အသုံးပြုနိုင်သည့် အမှိုက်များကို အလုပ်သမားစရိတ်ရရှိစေရန် ဈေးကွက်သို့ပြန်လည် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။



အဆိုပါ အမှိုက်ခွဲခြားသန့်စင်စက် စမ်းသပ်လည်ပတ်မှုကို တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌ၊ တရားသူကြီးချုပ်၊ စာရင်းစစ်ချုပ်၊ ဥပဒေချုပ်၊ ဝန်ကြီးများ၊ အစိုးရအဖွဲ့ အတွင်းရေးမှူး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ စည်ပင်ကော်မတီဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

## ဘီးလင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် ကျော်လွန်၍ကားလမ်း ရေကျော်မှုဖြစ်ပွား

**ဘီးလင်း ဇူလိုင် ၂၆**
သထုံခရိုင် ဘီးလင်းမြို့နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းကာ ဘီးလင်းမြစ်ရေသည် စိုးရိမ်ရေမှတ်-၁၀၂၂ ထက် ၁၄ စင်တီမီတာကျော်လွန် မြင့်တက်လာမှုကြောင့် ဇူလိုင် ၂၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်-မော်လမြိုင် အဝေးပြေးကားလမ်း မိုင်တိုင်အမှတ်-(၁၂၆/၄) နှင့် (၁၂၆/၆) အကြား၊ မိုင်တိုင်အမှတ် (၁၂၉/၀) နှင့် (၁၂၉/၂) ကြားတို့တွင် ရေအနက် တစ်ပေခွဲခန့် လမ်းရေကျော်မှု ဖြစ်ပွားခဲ့သည်။

အဆိုပါ အဝေးပြေးကားလမ်း ရေကျော်မှုကြောင့် ယာဉ်များသွားလာမှု အန္တရာယ်မဖြစ်ပေါ်စေရေး မြို့နယ် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ၊ ရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့တို့က ကြီးကြပ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## တိုတိုထွာထွာဖတ်စရာ

### ခင်ဦးမြို့နယ်တွင် ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေ လွှဲပြောင်းပေးအပ်

**ခင်ဦး**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၂၃ ရက် ညနေ ၃ နာရီက ကျင်းပသည်။

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးညီညီဦးက ထနောင်းကိုင်းကြီးကျေးရွာ၊ ကုလားလူးကျေးရွာ၊ ဝက်သဲကျေးရွာများမှ ကျေးရွာကော်မတီဝင်များအား တစ်ရွာလျှင် ငွေကျပ်သိန်း ၁၀၀ စုစုပေါင်းငွေကျပ်သိန်း ၃၀၀ ကို တာဝန်ရှိသူအသီးသီးတို့က လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ချစ်စံ(ခင်ဦး)**

### ထန်းတပင်တွင် ကျန်းမာရေးအသိပညာပေးဆွေးနွေး

**ထန်းတပင်**
လူမှုဖူလုံရေးအဖွဲ့ အလုပ်သမားဆေးရုံ (ထန်းတပင်) မှ ကွင်းဆင်းဆေးကုသခြင်းနှင့် ကျန်းမာရေးအသိပညာပေးဆွေးနွေးခြင်းကို ဇူလိုင် ၂၀ ရက်တွင် Cheung Hing Myanmar Co., Ltd အမှတ် (၂၀၄/၂၀၅)၊ ငမိုးရိပ်လမ်း၊ ဝါးတရာစက်မှုဇုန် ရွှေပြည်သာမြို့နယ်၌ ပြုလုပ်သည်။

အလုပ်သမားဆေးရုံ (ထန်းတပင်) မှ ဒုတိယဆေးရုံအုပ် ဒေါက်တာရာဇာဌေးက ရာသီတုပ်ကွေးရောဂါအကြောင်း ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခဲ့ပြီး စုစုပေါင်း အထွေထွေရောဂါလူနာ ၁၈၅ ဦးအား ဆေးကုသပေးခဲ့ကြောင်း သိရသည်။

**မောင်ဇော်**

### အခြေခံအပ်ချုပ်စက်သင်တန်း ပွင့်တန်ဆာမြို့၌ဖွင့်

**ညောင်လေးပင်**
ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော အခြေခံအပ်ချုပ်စက်သင်တန်း (၁/၂၀၁၈) ဖွင့်ပွဲကို ဇူလိုင် ၂၃ ရက် နံနက်ပိုင်းက ပွင့်တန်ဆာမြို့ ပင်းတလဲဘုန်းတော်ကြီးကျောင်းရှိ ရွှေဇာမြေလူမှုကူညီရေးအသင်းခန်းမ၌ ကျင်းပသည်၊

သင်တန်းသို့ ညောင်လေးပင်မြို့နယ်အတွင်းရှိ ကျေးရွာပေါင်းကိုးရွာမှ သင်တန်းသူ ၃၀ တက်ရောက်ခဲ့ကြပြီး အခြေခံစက်ချုပ်ပညာဘာသာရပ်များကို တစ်လကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

### ရွှေခရုကာကွယ်နှိမ်နင်းနည်း ကျိုက်လတ်၌ပညာပေး

**ကျိုက်လတ်**
သီးနှံဖျက်ရွှေခရုအန္တရာယ် ကာကွယ်နှိမ်နင်းနည်းနှင့် GAP စိုက်ပျိုးနည်းစနစ် တောင်သူပညာပေး လက်တွေ့ကွင်းဆင်းဆွေးနွေးပွဲ အခမ်းအနားကို ဇူလိုင် ၂၅ ရက်က ကျိုက်လတ်မြို့နယ် ဘုံလုံချောင်းကျေးရွာအုပ်စုရှိ တောင်သူဦးမျိုးမင်းထွန်း၏လယ်ကွက်တွင် ကျင်းပသည်။

ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ကြူကြူဆွေတင်နှင့် ခရိုင်မြေအသုံးချရေးတာဝန်ခံ ဒေါ်ခင်စန်းယုတို့က ရွှေခရုများကောက်ယူဖျက်ဆီးမှုနှင့် ကာကွယ်မှုအခြေအနေများ၊ သီးနှံမူဝါဒနှင့် ညီညွတ်စွာဆောင်ရွက်နိုင်မှုအခြေအနေများ၊ မြေဆီလွှာအာဟာရချို့တဲ့မှုကာကွယ်ရေးနှင့် မြေအသုံးချမှုနည်းစနစ်မှန်ကန်၍ အချိုးအစားမျှတစွာသုံးစွဲတတ်မှု အခြေအနေများ၊ အဆင့်မြင့်စိုက်ပျိုးရေးနည်းပညာဖြစ်သည့် GAP စိုက်နည်းစနစ်များ ကျယ်ကျယ်ပြန့်ပြန့်ဖွံ့ဖြိုးမှုအခြေအနေများကို ရှင်းလင်းဆွေးနွေး၍ တောင်သူများ၏သိလိုသည့်မေးမြန်းမှုများအပေါ် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးတင်မောင်ဦးက ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

**သပြေထွန်း**

## ကုန်အမှတ်တံဆိပ်နှင့်စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေစကားဝိုင်းဆွေးနွေး

**ရန်ကုန် ဇူလိုင် ၂၆**
မြန်မာနိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်နှင့် အသိဉာဏ်ပစ္စည်းဆိုင်ရာလုပ်ငန်းရှင်များအသင်းတို့က ပထမဦးဆုံးအကြိမ် ပူးပေါင်းစီစဉ်သည့် SMEs ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အသိဉာဏ်ပစ္စည်းမူပိုင်အခွင့်အရေး Forum “Trademark Law and Industrial Design Law-(ကုန်အမှတ်တံဆိပ်နှင့် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ) စကားဝိုင်းကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI ၌ ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီက ဆွေးနွေးခဲ့ကြသည်။

**ခိုးယူတုပ၍မရနိုင်**

နိုင်ငံအတွင်းရှိ SMEs ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်သူများအနေဖြင့် မူပိုင်ခွင့်ဥပဒေများအပေါ် ကြိုတင်၍ ဗဟုသုတရှိထားစေရန်အတွက် ဆွေးနွေးရခြင်းဖြစ်ကြောင်း၊ ကုန်အမှတ်တံဆိပ် ဥပဒေထွက်ပေါ်လာပါက လက်ရှိကျင့်သုံးနေသော မှတ်ပုံတင်ထားသည့် လုပ်ငန်းစဉ်နှင့် မတူတော့ဘဲ ဥပဒေအရပိုင်ဆိုင်ခြင်းဆိုသည့်အရာမှာ လွန်စွာကွဲလွဲသွားမည်ဖြစ်ကြောင်း၊ မိမိပိုင်ဆိုင်သည့် ကုန်အမှတ်တံဆိပ်ကို မိမိပိုင်သည်ဟုကြေညာခြင်းနှင့် တာဝန်ရှိသူများမှ စစ်ဆေးပြီး မှန်ကန်မှုအတွက် ပိုင်ဆိုင်ကြောင်း အသိအမှတ်ပြုလိုက်ခြင်းမှာ မတူညီတော့ဘဲ လွန်စွာကွာခြားသွားမည်ဖြစ်ကြောင်း၊ စက်မှုဒီဇိုင်းဆိုလျှင်လည်း မိမိကိုယ်ပိုင်တီထွင်ထားသည့် စက်မှုဒီဇိုင်းကို မှတ်ပုံတင်ထားသောကြောင့် အခြားသူတစ်ဦးဦးက အတုအပပြုလုပ်ပြီး မိမိအားတရားစွဲဆိုမှု ပြုလုပ်ပါက မိမိအနေဖြင့် ခိုင်မာသော သက်သေအထောက်အထား ရှိနေသည့်အတွက် အတုအပပြုလုပ်သူအတွက် အကျိုးမရှိနိုင်ကြောင်း၊ ကုန်အမှတ်တံဆိပ်ဥပဒေနှင့် စက်မှုဒီဇိုင်းမူပိုင်ခွင့် ဥပဒေထွက်ပေါ်လာပါက ကိုယ်ပိုင်အသိဉာဏ်ဖြင့် တီထွင်ပြုလုပ်ထားကြသော လုပ်ငန်းရှင်များ၏ကုန်အမှတ်တံဆိပ်များနှင့် စက်မှုပစ္စည်းများကို အခြားမည်သူ တစ်ဦးတစ်ယောက်ကမျှ ခိုးယူတုပ၍မရနိုင်ကြောင်း သိရသည်။

အသိဉာဏ်ပစ္စည်း ဆိုင်ရာလုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းက “ခုဆို နိုင်ငံတော်ကနေ ကုမ္ပဏီအက်ဥပဒေမဟုတ်တော့ဘဲ ကုမ္ပဏီဥပဒေကို ပြဋ္ဌာန်းလိုက်ပြီဆိုတော့ အလွန်ပြောင်းလဲသွားပါပြီ၊ အရင်တုန်းက ကုမ္ပဏီတစ်ခုကို လူသုံးဦး၊ လေးဦးနဲ့ တည်ထောင်လုပ်ကိုင်ရပြီး အခုပြဋ္ဌာန်းလိုက်တဲ့ ဥပဒေမှာတော့ လူတစ်ဦးနဲ့တင် တည်ထောင်လုပ်ကိုင်လို့ရအောင် ပြဋ္ဌာန်းပေးထားပါတယ်။ ကုမ္ပဏီတွေကို ပြန်ပြီး မှတ်ပုံတင်ခိုင်းထားပါတယ်၊ ခေတ်ရေစီးကြောင်းအရ ဥပဒေပြောင်းပြီဆိုရင် ပြောင်းတဲ့ဥပဒေနဲ့ အံဝင်ခွင်ကျဖြစ်အောင် လုပ်ကို လုပ်ရမှာဖြစ်ပါတယ်၊ ပြည်သူတွေအနေနဲ့လည်း မြန်မာနိုင်ငံရဲ့ ပြောင်းလဲနေတဲ့ အခြေအနေတွေကို မျက်ခြည်မပြတ်လိုက်ပါပြီး တတ်အောင်ကြိုးစားဖို့လိုအပ်ပါတယ်၊ ပြီးတော့ လုပ်ငန်းရှင်တွေအနေနဲ့လည်း အတွေ့အကြုံတွေလိုအပ်နေတာမို့ ဒီလိုဆွေးနွေးစကားဝိုင်းကို ပြုလုပ်ရတာပါ၊ နောင်ထွက်ပေါ်လာတော့မယ့် ဥပဒေနဲ့ ပတ်သက်ပြီး ဆောင်ရန်၊ ရှောင်ရန်တွေကို ကြိုတင် ပြင်ဆင်နိုင်ကြစေဖို့အတွက် ကျွန်တော်တို့မှာရှိတဲ့ အတွေ့အကြုံတွေကို ဆွေးနွေးပေးတာပါ၊ ကျွန်တော်တို့ အသင်းအနေနဲ့ကတော့ အစိုးရနဲ့ ပြည်သူကြားမှာ ပေါင်းကူးတံတားအနေနဲ့ တည်ရှိပြီး လိုအပ်တာတွေအတွက် တာဝန်ရှိသူတွေကို အမြဲတင်ပြသွားမှာပါ” ဟု ပြောသည်။

**စုပေါင်းဆွေးနွေး**

အသိဉာဏ်ပစ္စည်းဆိုင်ရာ လုပ်ငန်းရှင်များအသင်း (IPPAM) အနေဖြင့် SMEs ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အသိဉာဏ်ပစ္စည်းမူပိုင်အခွင့်အရေး Forum စကားဝိုင်းများကို ပုသိမ်၊ မော်လမြိုင်၊ မကွေး၊ မန္တလေး၊ အင်းလေး၊ ရှမ်းနှင့် မုံရွာမြို့တို့၌ ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်းသိရပြီး အဆိုပါ SMEs ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အသိဉာဏ်ပစ္စည်းမူပိုင်အခွင့်အရေး Forum "Trademark Law and Industrial Design Law" (ကုန်အမှတ်တံဆိပ်နှင့် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ) စကားဝိုင်း၌ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ UMFCCI မှ ဒုဥက္ကဋ္ဌ ဒေါက်တာမျိုးသက်နှင့် တာဝန်ရှိသူများ၊ အသိဉာဏ်ပစ္စည်း ဆိုင်ရာလုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်း၊ ဒုဥက္ကဋ္ဌ ဦးသိန်းအောင်၊အလုပ်အမှုဆောင်များ၊ တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များနှင့် တက်ရောက်လာကြသော ဥပဒေပညာရှင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များက စုပေါင်းဆွေးနွေးခဲ့ကြကြောင်းသိရသည်။

**ပွင့်သစ္စာ**



မင်္ဂလာတောင်ညွန့်မြို့နယ် တောင်လုံးပြန်ရပ်ကွက် ရတနာလမ်း၌ ဇူလိုင်လ တတိယပတ်က ရတနာလမ်းနှင့် ဆုတောင်းပြည့်ကျောင်းတိုက်ကြားရှိ ကာရံထားသော အုတ်နံရံ ပေ ၆၀ ခန့်မှာ မိုးရွာသွန်းပြီး လေတိုက်မှုကြောင့် ပြိုကျပျက်စီးသွားကြောင်း သိရသည်။ (၁၁၈)

# ကျောက်ကြီးမြို့နယ်တွင် စစ်တောင်းမြစ်ရေလျှံ၍ အရေးပေါ်တာဖို့ခြင်းလုပ်ငန်း ဆောင်ရွက်

**ကျောက်ကြီး ဇူလိုင် ၂၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် နတ်သံကွင်းဒေသ တံခွန်တိုင်ကြီးကျေးရွာရှိ စစ်တောင်းမြစ်ရေလျှံမှုကြောင့် ရေတွင်းကုန်းကြီးကျေးရွာရှိတာမှာ စိတ်ချရသည့် အခြေအနေ မရှိသည့်အတွက် ယနေ့နံနက်ပိုင်းတွင် အရေးပေါ်တာဖို့ခြင်းလုပ်ငန်း ဆောင်ရွက်နေကြကြောင်း သိရသည်။



အဆိုပါ စစ်တောင်းမြစ်ဘေးရှိ တာသည် နတ်သံကွင်းဒေသမှ ရေတွင်းကုန်းကျေးရွာအထိ တစ်မိုင်ခန့်အနီးတွင် ပေ ၃၀၀ ခန့် ရေကျော်လျက်ရှိပြီး တာမကျိုးစေရေးအတွက် ကျောက်ကြီးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဆောင်သော အဖွဲ့များ၊ နယ်မြေခံတပ်ရင်းများ၊ လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်းကာ အရေးပေါ်တာဖို့ခြင်းလုပ်ငန်း ဆောင်ရွက်ကြရခြင်းဖြစ်သည်။

ကျောက်ကြီးမြို့နယ်ရှိ စစ်တောင်းမြစ်ရေသည် စိုးရိမ်ရေမှတ် ၉၃၀ စင်တီမီတာရှိပြီး ယခုအခါ စိုးရိမ်ရေမှတ်ထက် နှစ်ပေခန့် ကျော်လွန်နေပြီဖြစ်ကာ အဆိုပါ တာကျိုးသွားပါက ကျောက်ကြီးမြို့နယ် ရေကြီးရေလျှံမှု ဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

**ကိုသားကြီး(ပြန်/ဆက်)**

# ရွှေကျင်မြို့နယ်၌ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်

**ရွှေကျင် ဇူလိုင် ၂၆**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် အဖွဲ့ဝင်များသည် ယနေ့နံနက် ၉ နာရီက ရွှေကျင်မြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ရွှေတောင်ဦးစေတီတော် ငါးထပ်ကြီးဘုရားတန်ဆောင်း၌ ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားခဲ့သည်။ ဆက်လက်၍ တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းအောင်က ဘေးအန္တရာယ်ဖြစ်ပွားမှုအခြေအနေနှင့် ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်ပြီး အားပေးစကား ပြောကြားသည်။ ရွှေကျင်မြို့နယ်တွင် ရေဘေးသင့်ပြည်သူ ၂၉၇၃ ဦး အတွက် တစ်ပတ်စာ ထောက်ပံ့ငွေကျပ် ၆၂၄၃၃၀၀ အား ဝန်ကြီးချုပ်က ပေးအပ်ခဲ့ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများ၊ တိုင်းဒေသကြီး ဌာနအသီးသီးမှ တာဝန်ရှိသူများက သဘာဝဘေးသင့်ခဲ့ကြသူများအတွက် ထောက်ပံ့ငွေနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# ကျောက်ကြီးမြို့နယ် ရေဘေးသင့်ပြည်သူများအား လှူဒါန်း

**ကျောက်ကြီး ဇူလိုင် ၂၆**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ကျောက်ကြီးချောင်းရေမြင့်တက်ကာ မြို့ပေါ်ရပ်ကွက် လေးရပ်ကွက်နှင့် ကျေးရွာအုပ်စု ခြောက်အုပ်စုရှိ နေအိမ်များ ရေနစ်မြုပ်လျက်ရှိပြီး ရေဘေးသင့်အိမ်ထောင်စု ၂၄၆ စု လူဦးရေ ၁၂၀၇ ဦးတို့အား မြို့တွင်းကျောင်းတိုက် မိုးကုတ်ဓမ္မရိပ်သာ၊ ရွှေမင်းဝံကသစ်ပိုင် ဓမ္မရိပ်သာ၊ မြို့ဦးဘုန်းတော်ကြီးကျောင်းတို့တွင် ရေဘေးကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ထားရှိကာ လွှတ်တော်ကိုယ်စားလှယ်များ၊ အုပ်ချုပ်ရေးအဖွဲ့များ၊ နယ်မြေခံတပ်ရင်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့များက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြပြီး ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ရေဘေးသင့်ပြည်သူများအား မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌက ဆန်ခြောက်ပြည်အိတ် ၁၀၀၊ ဆီဘူး ၁၀၀၊ ငါးသေတ္တာဘူး ၁၀၀၊ ခေါက်ဆွဲခြောက် ငါးထုပ်ပါ အထုပ် ၁၀၀၊ ရေသန့်ကတ် ၁၀၀ လှူဒါန်းခဲ့ပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် စေတနာရှင်ပြည်သူများက ဆန် ၁၃ အိတ်၊ ခေါက်ဆွဲခြောက် နှစ်ဖာကို လှူဒါန်းခဲ့သည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ငွေကျပ် ၁၃၀၆၂၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# အမ်းမြို့နယ်အတွင်း ရန်ကုန်-စစ်တွေကားလမ်းအချို့ ရေကျော် ခရီးသွားပြည်သူများအား ဒေသခံများ ကူညီဆောင်ရွက်ပေး

**အမ်း ဇူလိုင် ၂၆**

ရခိုင်ပြည်နယ် အမ်းမြို့နယ်၌ ဇူလိုင် ၂၄ ရက်မှ ၂၆ ရက် နံနက်ပိုင်းအထိ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် အမ်းမြို့နယ်အတွင်း ရန်ကုန်-စစ်တွေကားလမ်း မြေနိမ့်နေရာများ၌ ရေကျော်နစ်မြုပ်ခြင်း ဆက်လက်ဖြစ်ပွားလျက်ရှိရာ ခရီးသွား မော်တော်ယာဉ်များအနေဖြင့် ရေကျချိန်ကို စောင့်ဆိုင်းလျက်ရှိကြောင်း သိရသည်။



အမ်းမြောက်အုပ်စု အင်ကုန်းကျေးရွာအနီး မိုင်တိုင်အမှတ်(၂/၃)မိုင်၊ မိုင်တိုင်အမှတ်(၃)မိုင်၊ မိုင်တိုင်အမှတ်(၁၇/၂)နှင့် (၁၇/၅)ကြား၊ အမ်း-တပ်တောင်ကားလမ်းအပိုင်း မိုင်တိုင်အမှတ်(၁၀၃/၄)တို့တွင် ရေကျော်မှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေကျော်သည့်နေရာများတွင် ခရီးသွားပြည်သူများ သွားလာရေးအဆင်ပြေစေရန် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တပ်ရင်းမှ တပ်ဖွဲ့ဝင်များက ဖိုက်ဘာစက်လှေများဖြင့် လည်းကောင်း၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့က ဝါးဖောင်များဖြင့်လည်းကောင်း ပို့ဆောင်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြေပြိုခြင်း၊ သစ်ပင်ပြိုလဲခြင်းများ ဖြစ်ပွား

**ဘောဂလိ ဇူလိုင် ၂၆**

ယခုရက်ပိုင်းအတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် တောင်ငူ-ဘောဂလိ-မော်ချီးကားလမ်းပေါ်ရှိ ဘောဂလိ သစ်စေ့တောင်ရွာကြား၊ ပလက်ဝ ပြောင်သို့ရွာကြားနှင့် ရေသိုးကြီးရေသိုးလေးကြားတို့တွင် သစ်ပင်များပြိုလဲခြင်း၊ မြေပြိုခြင်းများကြောင့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်ခြင်း မရှိကြောင်း သိရသည်။

အဆိုပါ လမ်းပိတ်ဆို့မှုတို့အား လမ်းဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ နယ်မြေခံတပ်မှ တပ်မတော်သားများ ပူးပေါင်း၍ စက်ယန္တရားတစ်စီး၊ ချိန်းဆော၊ ပေါက်တူးပေါက်ပြားများဖြင့် ဖယ်ရှားရှင်းလင်းလျက် ရှိကြောင်း သိရသည်။ **ဘောဂလိ(ပြန်/ဆက်)**

# ဘဟားမားမှာ မွေးနေ့ကျင်းပခဲ့တဲ့ ဂျနီဖာလိုပက်ဇ်



ပေါ့ပ်တေးသံရှင် ဂျနီဖာလိုပက်ဇ်ဟာ လတ်တလောမှာတော့ အသက် ၄၉ နှစ်ပြည့်ခဲ့ပြီဖြစ်ပါတယ်။ မွေးနေ့ပါတီပွဲကိုတော့ ဘဟားမားမှာ ချစ်သူ အဲလက်ဇ်ရိုဒရီဂွက်ဇ်နဲ့အတူဆင်နွှဲခဲ့ပါတယ်။ သူတို့နှစ်ဦးဟာ သားသမီးတွေကိုပါ အတူခေါ်သွားလေ့ရှိပြီး လတ်တလောကျင်းပခဲ့တဲ့ မွေးနေ့ပွဲမှာလည်း ကလေးတွေပါ ပါဝင်နေတာကိုလည်း တွေ့ခဲ့ရကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဘေ့စ်ဘောကစားသမားတစ်ဦးဖြစ်သူ အဲလက်ဇ်ရိုဒရီဂွက်ဇ်က ချစ်သူနဲ့အတူ မွေးနေ့ပွဲ ဆင်နွှဲခဲ့တဲ့အပြင် မွေးနေ့အထိမ်းအမှတ်အဖြစ် သူ့ရဲ့ လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ဂျနီဖာလိုပက်ဇ်အတွက် ဆုတောင်းစကားတွေကိုလည်း ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။ အားကစားကြယ်ပွင့်က မွေးနေ့မှာ ပျော်စရာတွေကို ဖန်တီးပေးသွားမှာဖြစ်ကြောင်း ထည့်သွင်းရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

သတင်းရင်းမြစ်တစ်ဦးရဲ့ ထုတ်ဖော်ပြောကြားချက်အရ ပေါ့ပ်ကြယ်ပွင့်တို့မိသားစုတွေဟာ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က ကမ်းခြေကို ရောက်ရှိလာခဲ့ကြတာဖြစ်ကြောင်း သိရပါတယ်။ ဂျနီဖာလိုပက်ဇ်ရဲ့သားသမီးတွေနဲ့ အဲလက်ဇ်ရိုဒရီဂွက်ဇ်ရဲ့ကလေးတွေပါ အတူလိုက်ပါလာခဲ့ကြပါတယ်။ ကလေးတွေဟာလည်း အလွန်ရင်းနှီးကြပြီး အတူလက်တွဲကာ လမ်းလျှောက်ခဲ့ရတာကို တွေ့ခဲ့ရကြောင်း သတင်းရင်းမြစ်ရဲ့ ပြောကြားချက်အရ သိရပါတယ်။

ဂျနီဖာလိုပက်ဇ်မှာ ယခင်ခင်ပွန်းဟောင်း မာ့ခ်အန်ထော်နီနဲ့ ရရှိခဲ့တဲ့ အမြွှာရင်သွေးလေးတွေဖြစ်ကြတဲ့ မက်ဇ်နဲ့ အမ်မီတို့ရှိကြပြီး အဲလက်ဇ်ရိုဒရီဂွက်ဇ်မှာတော့ ယခင်အိမ်ထောင်နဲ့ ရရှိခဲ့တဲ့ အသက် ၁၀ နှစ်အရွယ်သမီးလေး အယ်လာနဲ့ ၁၃ နှစ်အရွယ်သမီးဖြစ်သူ နာတာရှာတို့ ရှိပါတယ်။

# ဆေးလွန်မှုကြောင့် ဆေးရုံရောက်ခဲ့ရတဲ့ ဒေမီလက်ဗားတိုး

ဒစ်စနေရဲ့ ကလေးသရုပ်ဆောင်တစ်ဦးအဖြစ် အနုပညာနယ်ပယ်ကို စတင်ဝင်ရောက်လာခဲ့ပြီး ပေါ့ပ်ကြယ်ပွင့်တစ်ဦးအဖြစ် အောင်မြင်မှုတွေရလာခဲ့တဲ့ ဒေမီလက်ဗားတိုးဟာ လတ်တလောမှာတော့ မူးယစ်ဆေး အလွန်အကျွံသုံးစွဲမိတာကြောင့် လော့စ်အန်ဂျလိစ်ဆေးရုံကို တက်ရောက်ခဲ့ရကြောင်း သိရပါတယ်။ လက်ရှိမှာတော့ ပြန်လည်သတိရလာခဲ့ပြီဖြစ်ကြောင်းလည်း ကော့စမိုပိုလီတန်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဇူလိုင် ၂၄ ရက်မှာ နေ့လယ်ပိုင်းမှာ ဆေးလွန်ခဲ့တဲ့ ဒေမီလက်ဗားတိုးကို နေအိမ်တိုက်ခန်းကနေ လော့စ်အန်ဂျလိစ်ဆေးရုံကို ခေါ်ဆောင်ခဲ့တာ ဖြစ်ပါတယ်။ ဆေးရုံကိုရောက်ရှိပြီးနောက် လတ်တလောမှာတော့ ပြန်လည်သတိရလာပြီဖြစ်တယ်လို့လည်း သိရပါတယ်။

ဒေမီလက်ဗားတိုးအတွက် အနုပညာရှင်တွေနဲ့ ပရိသတ်တွေက အမြန်ပြန်လည်ကျန်းမာလာစေကြောင်း ဆုတောင်းစကားတွေကို လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ ဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။ ပေါ့ပ်ကြယ်ပွင့် ဆယ်လီနာဂိုမက်ဇ်၊ ချစ်သူဟောင်း ဂျိုဂျိုးနက်စ်တို့ကလည်း ဒေမီအတွက် ဆုတောင်းပေးခဲ့ကြပါတယ်။

ဒေမီလက်ဗားတိုးဟာ ယခင်ကလည်း အရက်နဲ့ ဆေးစွဲတဲ့ပြဿနာတွေနဲ့ ပတ်သက်ပြီး ထုတ်ဖော်ပြောကြားခဲ့ဖူးပါတယ်။ ဒါ့အပြင် စိတ်ဓာတ်ကျတဲ့ အကြောင်းတွေကိုလည်း ဖွင့်ဟခဲ့ဖူးသူဖြစ်တယ်လို့ သိရပါတယ်။

အေးပြည့် စုစည်းသည်

## ကြော်ငြာ

**မျှော်ဝိုင်းသဘင်** ရွှေတောင်ပြူး ဒိန္နသီရှင်(20-8-2018)

ရွှေတောင်ပြူးမန္တလေးပြင်ဦးလွင်စစ်ကိုင်း(၃)ညအိပ်(၄)ရက်(45000)
ရွှေတောင်ပြူးမန္တလေးပြင်ဦးလွင်စစ်ကိုင်းမုံရွာပခုက္ကူ(သီဟိုဠ်ရှင်)၊
ပုဂံညောင်ဦး(ဗွယ်တော်လေးဘွေ)မကွေးတောင်ကလပ်(၆)ညအိပ်(၇)ရက်(80000)
ရွှေတောင်ပြူးမန္တလေးပြင်ဦးလွင်စစ်ကိုင်းတောင်ကြီးအင်းလေးပင်းတယ၊
ထမ်ဆမ်းမှော်ကဗ္ဗာညီနဲ့သခင်မတောင်ရှာင်(၆)ညအိပ်(၇)ရက်(80000)
Ph:09425334456,09250233599,0949323965

# လိပ်ပြာ

**သက်န်းပိတ်လိပ်** အမျိုးမျိုး ဖြန့်ချိရေး

မြန်မာနိုင်ငံရာသီဥတုနှင့် အထူးသင့်လျော်သော
ယခုနှစ် ဝါဆို ၊ ကထိန် ရာသီအထူးအနေဖြင့်

- လိပ်ပြာ **Sentosa Silk Cotton** သက်န်းပိတ်လိပ်များ
- လိပ်ပြာ **Super AAA** ခြင်စေတိုက် **Cotton** သက်န်းပိတ်လိပ်များ
- **C 120 Switzerland Cotton** ပေါင်းသား သက်န်းပိတ်လိပ်များ ၊
- **C 108** ဒါးကြီးပေါင်းသား ချည်သားစစ်စစ် သက်န်းပိတ်လိပ်များ ၊
- လိပ်ပြာ အင်နီနီးရှား စပန့် သက်န်းပိတ်လိပ်များ ၊
- လိပ်ပြာ **Super Martin / Royal Martin** သက်န်းပိတ်လိပ်များကို မြန်မာနိုင်ငံတစ်ဝှမ်းရှိ သက်န်းတိုက်ကြီးများအား ဖြန့်ချိလျက်ရှိပါသည်။

ဖုန်း- 09 - 510 5503 ၊ 09 - 430 28918

ဝယ်ယူအားပေးကြသော သက်န်းတိုက်ကြီးများနှင့် ရဟန်းရှင်လူ ပြည်သူအပေါင်းအား အထူး ကျေးဇူးတင်ရှိပါသည်။

# ဆွမ်းအုပ် ®

အမှတ်တံဆိပ်

- HIGH CLASS 100% COTTON ချည်သားစစ်စစ် သက်န်းပိတ်လိပ်များ
- ဆွမ်းအုပ် စပန့် သက်န်းပိတ်လိပ်များ
- ဆွမ်းအုပ် မာတင် သက်န်းပိတ်လိပ်များကို ဖြန့်ချိပေးနေပါပြီ။

Ph: 09 - 430 28 918

# ထိပ်တန်း

အိမ်ပြောင်း / အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း / နယ်ဝေး
09-254256969
09-971322259

# GW

0973226006
0973133528
0973077569
အိမ်ပြောင်းအိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ် အိမ်ပြောင်း ကားငှားနိုင်သည်။
အမှတ် ၇၅၊ မြေညီထပ်၊ မင်္ဂလာလမ်း
09401505559 စမ်းချောင်း

# မင်္ဂလာပါ

အိမ်ပြောင်းအိမ်ရွှေ့လုပ်ငန်း
မြို့တွင်း / နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
**Box** ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

# သီဟလင်း

အိမ်ပြောင်း / အိမ်ရွှေ့လုပ်ငန်း
(10',14',16',18',22')ကားများဖြင့်လုပ်သားအပြီးအစီး
မြို့တွင်း / နယ်ဝေး
ဝန်ဆောင်မှုပေးသည်။
01-570307
09-5112729
09-5126394

### မုံရွာမြို့၊ ရွှေသိမ်တော်ကြီးကျောင်းတိုက်၊ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ

မုံရွာမြို့၊ အေးသာယာရပ်၊ ရွှေသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်၌ ဝါဆိုသံဃာရှင်သူမြတ်တို့အား ၁၃၈၀ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော်(၁)ရက်၊ ဇူလိုင်လ(၂၈)ရက်၊ စနေနေ့ ညနေ (၆)နာရီတွင် မုံရွာ-မန္တလေး-နေပြည်တော်-ပဲခူး-ရန်ကုန်မြို့တို့မှ သာသနာ့ဒါယကာ အသင်းသူ၊ အသင်းသားအပေါင်းတို့က စုပေါင်း၍ သံဃာတစ်ပါးလျှင် ဂျပန် ဘိုမ မာတင် ဒွိစုံ(၁)စုံ၊ ရွှေခြူးဖိနပ်(၁)ရန်၊ နဝကမ္မဝတ္ထုငွေ(၁၀၀၀၀ဝိ/-)ကျပ်တို့ဖြင့် ဆက်ကပ်လှူဒါန်းကြပါမည်။

ဖုန်း-၀၉-၅၅၅၁၀၂၂၄၄၊ ၀၉-၅၅၅၁၀၃၃၄၄

### ရှင်ပြုံးသူဇာ အကျိုးဆောင် (မြောက်ဒဂုံရုံးခွဲ)

| | | | |
|---|---|---|---|
| မင်းရဲကျော်စွာလမ်းမ | 40 × 60 | မြေ | 1700 သိန်း |
| ၄၂ ရပ်ကွက် | 40 × 60 | RC 2 ထပ် | 1600 သိန်း |
| ၄၃ ရပ်ကွက် | 40 × 60 | မြေ | 800 သိန်း |
| ၃၆ ရပ်ကွက် | 40 × 60 | မြေ | 650 သိန်း |
| ၃၂ ရပ်ကွက် | 20 × 60 | 2BN | 490 သိန်း |
| ၃၆ ရပ်ကွက် | 20 × 60 | ပျဉ်ထောင် | 420 သိန်း |

မြောက်ဒဂုံနှင့် ပတ်သက်၍ ရောင်းဝယ်ငှားရမ်းလိုပါက ကျွန်တော့်ကို ဖုန်းဆက်ပါ။

ကိုဇေယျာ 09-43123123,09-443123123

### အောင်ဇေယျ ဧည့်ရိပ်မွန်

အောင်ရတနာဆေးရုံ၊ တပ်မတော်မှတ်တမ်းရုံ၊ Super One, ILBC, မိုးကောင်းဘုရား၊ ကျိုက္ကဆံဘုရားတို့အနီး ဝန်ဆောင်မှုနှင့် သန့်ရှင်းမှုကောင်း၊ လုံခြုံစိတ်ချရသော Car Parking ရှိ၊ ဆက်သွယ်သွားလာရေးလွယ်ကူကောင်းမွန်သည်၊ အသစ်စက်စက် ဧည့်ရိပ်မွန်၊
**No.81,** အောင်ဇေယျလမ်း၊ ရန်ကင်း၊ ဗိုလ်ရထားသံလမ်းဘေး။

Ph 09-9689 133 03
09-9689 133 63

Wifi Free

အခန်းအထူးဈေးနှုန်း
ခေတ္တတည်းခို-12000/14000
W/D -28000/29000 (နံနက်စာပါ)

Facebook (အောင်ဇေယျ ဧည့်ရိပ်မွန်)တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# San brotherhood

စမ္မ ဝုဒ္ဓိ သံဃ

**Air-Con,** ရေခဲသေတ္တာ၊ အဝတ်လျှော်စက်များကို မြဲမြံ တပ်ဆင် ရောင်းဝယ် လဲလှယ် Servicing လုပ်ခြင်းများကို အာမခံဖြင့် အိမ်အရောက် ဝန်ဆောင်မှု ပေးနေပါသည်၊

တပ်ဆင်ပြီးဈေးနှုန်း Copper Pipe 10Ft
1HP 300,000Ks
၁။ နာမည်ကြီး Brand
၂။ စိတ်ချရသည့်အာမခံ
၃။ အထူးအာမခံ (Compressor)

"အနီးဆုံးဆိုင်ခွဲသို့ဆက်သွယ်ရန်"

ဇဝန (သယ်န်းကျွန်း) 09-5148138,09-424222217
သမိုင်း(မရမ်းကုန်း) 01-709373, 09-73116475
နဝဒေး (လှိုင်သာယာ) 01-704467, 09-73217035
FMI City(လှိုင်သာယာ) 01-3681854,09-5084831
နီဗွာန်လမ်း (ကြည့်မြင်တိုင်)01-703684,09-43130068
ဒညင်းကုန်း (ရွှေပြည်သာ) 09-5012419,09-73126244
သုဓမ္မာလမ်း(မ/ဥက္ကလာ)09-5190383,09-73251535
အင်းဝအိမ်ရာ (တ/ဒဂုံ) 01-709114, 09-5019316
ရွှေဂုံတိုင်မီးပွိုင့် (ဗဟန်း)09-43083868,01-703241
ကျောက်မြောင်း(တာမွေ)09-73004800,09-73066836
ဆင်မင်းဈေးအနီး(အလုံ)01-704101,09-5002738
Capital အနီး (ဒေါပုံ) 09-5053114,01-708842
ဘုရင့်နောင်လမ်းမ (လှိုင်)09-5024365,09-424222218

### နည်းပညာသစ်၊ မြင်ကွင်းသစ် အရှေ့တိုင်းမျက်မှန်

အရှေ့တိုင်းမျက်မှန်ဆိုင် ကမာရွတ်ဆိုင်ခွဲအား
တိုက် (၂)၊ အောင်မြေသာစည်အိမ်ရာ၊ **"ဆင်ရေတွင်းမှတ်တိုင်"**
**ရန်ကုန်-အင်းစိန်လမ်းမကြီး** ပေါ်တွင် ဖွင့်လှစ်ထားပါသည်။

:09-962617900, 09-979897092, 09-979897059






ဘုရားဖူးခရီးစုံလင်ဖို့ နံ့ဒိ နှင့်သွားကြစို့
ဒေါ်အေးအေးမော် ဦးစီးသော နံ့ဒိ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

နီလာ အပြည်ပြည်ဆိုင်ရာ ခရီးသွားလာရေး ကုမ္ပဏီမှ မန်နေဂျင်း ဒါရိုက်တာ ဒေါ်အေးအေးမော် ကိုယ်တိုင်ဦးစီးပြီး နံ့ဒိ ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့ နာမည်အသစ်ဖြင့် ပြန်လည် ဖွင့်လှစ်လိုက်ပြီး ဘုရားဖူး မိတ်ဟောင်း၊ မိတ်သစ်များကို သတင်းကောင်း ပါးအပ်ပါသည်။

"ရက် (၆၀) အတွင်း စရံငွေပေးသွင်းသူများသာ"
* (၈) ရက် ၉ သိန်း ၅ သောင်း Hotel (၂) ည {(၄) ဌာန+နီပေါ}
* (၁၂) ရက် ၁၀ သိန်း ၅ သောင်း Hotel (၄) ည {(၄) ဌာန+သင်္ကဿနဂိုရ်+နီပေါ}
* (၁၅) ရက် ၁၁ သိန်း ၅ သောင်း Hotel (၆) ည {(၈) ဌာန+အာဂရာ၊ ဒေလီ+နီပေါ}
* (ခရီးစဉ်အားလုံး စရိတ်ငြိမ်း ညမောင်းခရီးစဉ် လုံးဝမပါ။)
အမှတ် (၃၀၆)၊ အောင်မေတ္တာလမ်း၊ ယမုံနာ (၁) ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။
ရန်ကုန်မြို့ (Ph)- 09 443997994, 09 443997995, 09 443998890, 09 443998891
မန္တလေးမြို့ (Ph)- 09 261111669, 09 791111669 (မန္တလေးမြို့တွင်အိမ်တိုင်ရာရောက်ဝန်ဆောင်မှုအခမဲ့)
Email: info@nandi-international.com, Facebook: nandi international aye yae maw

ကိုသန့်ဇင်
CAR RENTAL
ကားမျိုးစုံငှားနိုင်ပါသည်။
09 - 5059821
09 - 43117680

ကိုကျော်နိုင် CAR RENTAL
ALPHARD, HIACE(အဲစတတ်), SALOON ကား အမျိုးမျိုးကို မြို့တွင်း၊ မြို့ပြင် စိတ်ချမ်းမြေ့စွာ ခရီးသွားနိုင်ရန်၊ ချိုသာသောဈေးနှုန်းဖြင့် ငှားရမ်းနိုင်ပါသည်။
09 253 582 510, 09 515 8803
www.facebook.com/kyawpanda, email:knw@pandaaircon.com









## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးကြင်မောင်

### အသက် (၉၀)

သူငယ်ချင်းဒေါက်တာညီဝင်းစိုး-ဒေါက်တာအေးအေးမိုးတို့၏ ဖခင်ကြီး ဦးကြင်မောင် အသက် (၉၀) တိုင်းဌာနမှူး-ငြိမ်း၊ သစ်တောဦးစီးဌာန၊ ပဲခူးမြို့သည် ၂၅-၇-၂၀၁၈ ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၃-၁၉၉၃ M.B,B.S ဆေး ၂ သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်သန်းရီ

### အသက် (၇၃) နှစ်

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ဝန်ကြီးဦးဇော်မင်း-ဒေါ်စုစုမွန်တို့၏မိခင်၊ ၁၉၉၀ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်ဦးညွန့်လှိုင်၏ဇနီး ဒေါ်သန်းရီ အသက် (၇၃) နှစ်သည် ၂၆-၇-၂၀၁၈ (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**
**မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးတင်လှိုင်မှီ(Wilfred)

**ဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း)၊ မြန်မာ့လေကြောင်း**

### အသက် (၇၃) နှစ်

ဦးတင်လှိုင်မှီ(Wilfred) (ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း၊ မြန်မာ့လေကြောင်း)သည် ၂၄-၇-၂၀၁၈ (အင်္ဂါနေ့)တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အရာရှိချုပ်နှင့်ဝန်ထမ်းများ**
**မြန်မာအမျိုးသားလေကြောင်း**

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ခင်စန်းမြင့် (လက်ပံတန်း)

### အသက် (၇၃) နှစ်

ဦးထွန်းကြည်(ညွှန်ကြားရေးမှူး-ငြိမ်း၊ အောင်ဆန်း-၇၊ တရားရုံးချုပ်၊ ရန်ကုန်)၏ ချစ်လှစွာသောဇနီး ဒေါ်ခင်စန်းမြင့်သည် ၂၂-၇-၂၀၁၈ (တနင်္ဂနွေနေ့) ည ၁၀း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**
**တရားရုံးများမှ (ဝန်ထမ်း/ငြိမ်း) လူမှုကူညီရေးအဖွဲ့**

## (၁)နှစ်ပြည့်အောက်မေ့ကြေကွဲအမျှပေးဝေခြင်း

ဒေါ်အိအိမင်းကျော် (၂၇-၇-၂၀၁၇)
ဒေါ်မိမိမင်းကျော် (၂၃-၄-၂၀၁၇)

ဒေါ်အိအိမင်းကျော်အတွက် အထူးလွမ်းမြှေတမ်းတ လှူဒါန်းအမျှပေးဝေခြင်း (ရေဝေးရန်ကုန်ဘာသာများအားလုံး) (၂၇-၇-၂၀၁၈)

အောက်မေ့၊ လွမ်းဆွတ်၊ တမ်းတ၊ မေ့မရ ရာသက်ပန်လှူဒါန်းမှုတွေနဲ့ မိဘ၊ ဘိုးဘိုး၊ ဘွားဘွား မိသားစုပေါ် ချစ်တတ်တဲ့သမီး၊

ဦးဇော်မင်းကျော် (ရန်ကုန်)-ဒေါ်နော်မေရီ (ရန်ကုန်)၊ ဒေါ်သီရိဇော်၊ ဒေါ်လဲ့လဲ့မင်းကျော်၊ ဒေါ်နှင်းနုမင်းကျော်၊ ဦးစိုင်ကြည်မင်းကျော်၊ ဦးဖိုးသား ၂၇-၇-၂၀၁၈။

## ဝမ်းနည်းကြေကွဲခြင်း

### ဦးကိုကိုဇော်(ပ/၃၉၂၅)

### အသက် (၅၀)

သုံးခွမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်(ပ/၃၉၂၅)သည် ၂၅-၇-၂၀၁၈ရက် ည ၁၁း၁၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ထွေ/အုပ် အပတ်စဉ်(၁၅)မှသူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးကိုကိုဇော်(ပ/၃၉၂၅)

**မြို့နယ်အုပ်ချုပ်ရေးမှူး၊ သုံးခွမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

### အသက် (၅၀)

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ သုံးခွမြို့နယ်နေ ဒေါ်ပပမင်း၏ချစ်လှစွာသောခင်ပွန်း ဦးကိုကိုဇော်(မြို့နယ်အုပ်ချုပ်ရေးမှူး၊ သုံးခွမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)သည် ၂၅-၇-၂၀၁၈ ရက် ည ၁၁း၁၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဦးနှောက်နှင့် အာရုံကြောဌာန၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးနှင့်ဇနီး**
**အရာထမ်း/အမှုထမ်းနှင့်ဝန်ထမ်း မိသားစုများ**
**ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးဆွေယု (TARATIP Co)

### အသက် (၉၀)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းလမ်းမ၊ အမှတ်(၈၇)နေ (ဦးဖိုးကွန်း-ဒေါ်အေး)တို့၏သား၊ (ဒေါ်စမ်းရည်)၏ခင်ပွန်း၊ ဦးဇော်သောင်းယု (CHOON BOK WOOD S'PORE)-ဒေါ်ခင်မာချို၊ ဦးချစ်ချစ်(S'PORE)-ဒေါ်မော်စမ်းယု(S'PORE)၊ ဦးကျော်ကောင်းယု၊ ဦးကျော်လင်း (ညွှန်မှူး-ငြိမ်း၊ ထွေ/အုပ်)-ဒေါ်မွန်နှောင်းယုတို့၏ဖခင်၊ မချစ်စမ်းယု(S'PORE)၊ မတင့်လျှမ်းယု(S'PORE)၊ မချစ်ပန်းနု(S'PORE)၊ မောင်လင်းဝင်းထွဋ်၊ မချိုဇော်ရတနာ၊ မလင်းပိုပိုတာ၊ မောင်ကောင်းဆင့်စံတို့၏ချစ်လှစွာသောအဘိုး ဦးဆွေယုသည် ၂၆-၇-၂၀၁၈ ရက် နံနက် ၆း၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၇-၂၀၁၈ ရက် မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်သန်းရီ (ဟိဏ်းကျော်ပွဲရုံ) (၇၃)နှစ်

ရန်ကုန်မြို့နေ (ဦးသင်းယုံ-ဒေါ်ကြင်သန်း)တို့၏တတိယသမီး၊ မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့၊ ကန်ကြီးရပ်၊ လမ်းမတော်လမ်းနေ [ဦးထွန်းလှိုင်(စက်ရှင်တရားသူကြီး)-ဒေါ်ခင်မိ]တို့၏ သမီးချွေးမ၊ တိုက်(၁၄/B)၊ အခန်း(၉)၊ တတိယထပ်၊ ကလောအိမ်ရာ၊ မကြီးကြီးလမ်း၊ စမ်းချောင်းမြို့နယ်နေ ဦးညွန့်လှိုင်(၁၉၉၀) ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်(NLD) ၏ ချစ်လှစွာသောဇနီး၊ ဒေါ်ကြင်မြိုင်(နယ်စပ်ကုန်သွယ်ရေး-ငြိမ်း)၏ညီမ၊ ဒေါ်မြမြစိန် (Dagon Int Co.,Ltd)၏အစ်မ၊ ဦးဇော်မင်း(ဝန်ကြီး-မကွေးတိုင်း စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန)-ဒေါ်စုစုမွန်၊ ဦးမင်းဟန်(AYA Bank)-ဒေါ်စန်းထွေး၊ ဒေါ်ခင်ခင်အေး၊ ဒေါ်ဝင်းဝင်းသန့်၊ ဒေါ်ထက်ထက်အောင် (Dana Facility)တို့၏မွေးသမိခင်ကျေးဇူးရှင်၊ မြေးငါးယောက်တို့၏အဘွားသည် ၂၆-၇-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၁၀း၄၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၇-၂၀၁၈ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက်၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဆရာဦးမောင်မောင်သိုက် (Victor Maung Maung)

**ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း)၊ အမျိုးသားမှတ်တမ်းများ**
**မော်ကွန်းတိုက်ဦးစီးဌာန(YNAD)**
**Advisor, SMART Group of Companies**

### အသက် (၈၀)

ဒေါ်ခင်ကြည်စိုး (ညွှန်ကြားရေးမှူး-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်းသည် ၂၅-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၆း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Myanmar Electrical & Instrumentaion Co.,Ltd မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဆရာဦးမောင်မောင်သိုက် (Victor Maung Maung)

**ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း)၊ အမျိုးသားမှတ်တမ်းများ**
**မော်ကွန်းတိုက်ဦးစီးဌာန(YNAD)**
**Advisor, SMART Group of Companies**

### အသက် (၈၀)

ဒေါ်ခင်ကြည်စိုး (ညွှန်ကြားရေးမှူး-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်းသည် ၂၅-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၆း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**SMART Energy Resources မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဆရာဦးမောင်မောင်သိုက် (Victor Maung Maung)

**ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း)၊ အမျိုးသားမှတ်တမ်းများ**
**မော်ကွန်းတိုက်ဦးစီးဌာန(YNAD)**
**Advisor, SMART Group of Companies**

### အသက် (၈၀)

ဒေါ်ခင်ကြည်စိုး (ညွှန်ကြားရေးမှူး-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်းသည် ၂၅-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၆း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Holy Dragon Co.,Ltd မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

### ဗိုလ်မှူးကြီးချစ်ခင် (ငြိမ်း)

**ရေ-၁၁၂၂၊ စစ်တက္ကသိုလ်အမှတ်စဉ်(၇)**

### အသက် (၇၆) နှစ်

သူငယ်ချင်း ဗိုလ်မှူးစိုးချစ်ခင် (ငြိမ်း)၏ဖခင် ဗိုလ်မှူးကြီး ချစ်ခင်(ငြိမ်း) အသက် (၇၆) နှစ်သည် ၂၅-၇-၂၀၁၈ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၃၁) မှ**
**သူငယ်ချင်းများနှင့်မိသားစုများ**

## အနိစ္စ

**ဒေးဒရဲမြို့နယ်အသင်း**
**သက်ကြီးကန်တော့ခံ**

### ဒေါ်အုန်းရီ(အသင်းဝင်-၈၃၂)

### အသက် (၈၉) နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သရက်ဂိုသာလမ်းနေ [ဦးဖေသွင် (B.P.I၊ အရာရှိ)]၏ဇနီး၊ [ဦးကျော်အောင်သွင်(ဂျာမန် ဧည့်လမ်းညွှန်၊ ဒေးဒရဲအသင်းဝင်-၁၇၀၃)အပါအဝင် ညီအစ်ကိုမောင်နှမ ခြောက်ယောက်တို့၏မိခင်၊ မြေးလေးယောက်၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၄-၇-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ် ပြီးစီးပါကြောင်း အသင်းဝင်များအား အသိပေးအပ်ပါသည်။

**ဒေးဒရဲ အသင်း-ရန်ကုန်၊**
**အမှုဆောင်အဖွဲ့**

### ဒေါ်အေးချို အသက်(၈၀)

**အထပြ(ငြိမ်း)၊ အထက-၂ ဒဂုံ (မြို့မကျောင်း)**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ အင်းစိန်လမ်း (ဇေယျာသီရိလမ်း)၊ အမှတ်(၂၇-ဘီ)နေ (ဦးလှမောင်-ဒေါ်အေးကြည်) တို့၏ သမီး၊ (ဦးစိန်တင်-ဒေါ်တင်တင်)တို့၏သမီးချွေးမ၊ [ဦးခင်တိုး(သဘော်အင်ဂျင်နီယာ-ငြိမ်း)]၏ဇနီး၊ ဦးထင်အောင်-ဒေါ်တင်တင်အေး၊ ဒေါ်ငွေငွေဝင်း၊ (ဦးဇော်ဝင်း)-ဒေါ်အေးအေးခိုင်တို့၏အစ်မ၊ ဦးမောင်မောင်ကျော်ဇေယျ၊ ဦးသက်ထူးမောင်(ဆောက်လုပ်ရေး-ကန်ထရိုက်တာ)-ဒေါ်နီလာအေးတို့၏ မွေးသမိခင်၊ မောင်ဘုန်းထွဋ်ခေါင် (M-L-A, International School)၏ ချစ်လှစွာသောအဘွား ဒေါ်အေးချိုသည် ၂၆-၇-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၆ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၈-၇-၂၀၁၈ (စနေနေ့) မွန်းတည့်၁၂နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဦးမောင်အေး(ခ)ဦးမြင့်ဆွေ

### အသက် (၅၉) နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်၊ ဇီးကုန်းကျေးရွာနေ ဦးသံချောင်း-ဒေါ်သန်းရင်တို့၏သား၊ ဒေါ်ဝင်းတင်၊ ဦးစိန်သန်းတို့၏ ညီ/မောင်၊ ကိုအောင်မြင့်၊ ဦးအောင်မြိုင်-ပုမလေး၊ ဦးစန်းမြင့်-ဒေါ်ဝင်းနိုင်၊ ဦးကုလား-ဒေါ်လှလှမိုးတို့၏အစ်ကို၊ မောင်မျိုးဇော်ထွန်း၊ မခင်စန္ဒာအောင် (ခ) ပုတု၊ မဇင်ဝါမြင့်၊ မောင်ပြည့်စုံ(ခ) ကိုပြည်တို့၏ဖခင်၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ ဦးထွန်းစိန်ကုန်းလမ်း၊ အမှတ်(ဃ/၂၁၁၈)နေ ဒေါ်မြင့်မြင့်ကြည်၏ချစ်လှစွာသောခင်ပွန်းသည် ၂၅-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ည ၉း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၁၈(သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီး သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃၁-၇-၂၀၁၈ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အမှတ်(ဃ/၂၁၁၈)၊ ဦးထွန်းစိန်ကုန်းလမ်း၊ တောင်သူကုန်းရပ်ကွက် နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ရဟန်းမယ်တော်**

### ဒေါ်အေးမေ(စစ်တွေ)(၉၂)နှစ်

**ရခိုင်သဟာယအသင်း၊ ရခိုင်အမျိုးသမီးအသင်း သက်ကြီးကန်တော့ခံပုဂ္ဂိုလ်**

စစ်တွေမြို့၊ လမ်းမတော်မြောက် ရပ်ကွက်နေ (ဦးဦးကျော်-ဒေါ်မကသဲဖြူ)တို့၏သမီးထွေး၊ [ဦးသာနု (ရာဖြတ်အရာရှိ-ငြိမ်း၊ အကောက်ခွန်)]၏ဇနီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ ပွဲစားတန်းလမ်း၊ အမှတ်(၁၂)၊ ၂-ဘီနေ ဒေါ်နုနုခင်(ညွှန်ကြားရေးမှူး-ငြိမ်း၊စက်မှု-၁)၊ ဒေါ်သိန်းသိန်းခင်(ပါမောက္ခ-ငြိမ်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်)-ဦးမြင့်အောင်(တရားလွှတ်တော်ရှေ့နေ)၊ ဦးသာထွန်းမောင်(အင်/ယာမှူးကြီး-ငြိမ်း၊ ခဲမဖြူသတ္တုစင်စက်ရုံ)-(ဒေါ်အေးသိန်းမေ)၊ [ဦးကျော်ဝင်း (ခ) ညီညီ (P.I.L Co)]-ဒေါ်သိန်းသိန်းစု၊ [ဦးအောင်သိန်း (ခ) ညီပုချေ (UNITEAM Co)]တို့၏မိခင်၊ ကိုဝင်းမြင့်ထွန်း(SKY NET)၊ကိုငြိမ်းချမ်းကိုကို (FOREVER GROUP)၊ မအေးချမ်းခိုင်(ပ-နှစ်၊ ဥပဒေအရှေ့ပိုင်းတက္ကသိုလ်)တို့၏အဘောင်ရှင်၊ အရှင်ကုမာရ၏ ရဟန်းမယ်တော်သည် ၂၅-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ည ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၁၈ (သောကြာနေ့) ညနေ ၄ နာရီ တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃၁-၇-၂၀၁၈ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွ ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်ခင်လှ

### အသက် (၉၂)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ကိုင်းတန်းလမ်း၊ အမှတ်(၅၁)နေ (ဦးရှိန်-ဒေါ်ပို)တို့၏သမီး၊ (ဦးတာရဲ-ဒေါ်ဌေး)တို့၏သမီးချွေးမ၊ (ဦးမြညွန့်)၏ ချစ်လှစွာသောဇနီး၊ ဒေါ်ခင်ဌေးညွန့်(SAT-ငြိမ်း၊ အထက-၂ လသာ)၊ ဒေါ်သောင်း ညွန့်ရီ(အလက-၁၊ လမ်းမတော်)၊ ဦးဝင်းညွန့်-ဒေါ်ဆွေဆွေသန်း၊ ဦးလှညွန့်-ဒေါ်ရီရီမြင့်၊ ဦးမျိုးညွန့်-ဒေါ်သဥ္ဇာလင်းတို့၏ချစ်လှစွာသောမိခင်၊ မခိုင်တင်စိုး၊ မသဲဝါလင်း၊ မောင်အောင်ကျော်ကျော်ထက်၊ မောင်ဝေယံမင်းခန့်၊ မောင်သီဟ တို့၏ ချစ်လှစွာသောအဘွားသည် ၂၆-၇-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၂း၀၅ နာရီတွင် ဗဟိုရ်စည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၇-၂၀၁၈ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီး သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါ မည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်သန်းသန်း (မင်းလှမြို့) (၈၁)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ အမှတ်(၁၅၀)၊ အနော်ရထာလမ်း၊ (၄၇)လမ်းထိပ်နေ (ဦးလှတင်-ဒေါ်အေးကြည်)တို့၏သမီး၊ ဦးစိန်လင်း(နတ်မောက်)(စိန်ဘရားသားဥပဒေအကျိုးဆောင်)၏ချစ်လှစွာသောဇနီး၊ ဒေါက်တာဥမ္မာလင်း(လက်ထောက်ညွှန်ကြားရေးမှူး၊ အမျိုးသားမော်ကွန်းတိုက်)၊ ကိုမိုးကျော်လင်း (ခ) လူလေး-မဆွေဆွေဝင်း(စိန်မိတ္တူ)၊ ကိုမျိုးထက်လင်း-မဝါဝါ(General Manager, Silk Road to Asia Travel & Tour Co.,Ltd)တို့၏ကျေးဇူးရှင်မွေးသမိခင်၊ မောင်ခန့်ပြည့်လင်း၏ချစ်လှစွာသောအဘွား ဒေါ်သန်းသန်းသည် ၂၅-၇-၂၀၁၈ ရက် နံနက် ၈း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ မိခင်ကြီး၏ဆန္ဒအရ ယင်းနေ့ ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၃၁-၇-၂၀၁၈ (အင်္ဂါနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အမှတ်(၁၅၀)၊ အနော်ရထာလမ်း၊ (၄၇)လမ်းထိပ်၊ ပထမထပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဦးမောင်မောင်သိုက် (Victor Maung Maung)

**ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း)၊ အမျိုးသားမှတ်တမ်းများ**
**မော်ကွန်းတိုက်ဦးစီးဌာန(YNAD)**
**လက်ထောက်ကထိက(ငြိမ်း)၊ မော်လမြိုင်တက္ကသိုလ်**
**Advisor, SMART Group of Companies**
**ကန်တော့ခံသက်ကြီးစာပေပညာရှင်**

### အသက် (၈၀)

အမှတ်(၃၁၄)၊ သုံးလွှာ(ဝဲ)၊ ကမ်းနားလမ်းနေ (ဦးမောင်မောင်-ဒေါ်စိန်ပု) မြောင်းမြတို့၏သား၊ ဦးကျော်သိန်း-ဒေါ်တင်ညွန့်တို့၏သားသမက်၊ ဒေါ်ခင်ကြည်စိုး (ညွှန်ကြားရေးမှူး-ငြိမ်း၊ NAD Plenitude Papers and Packaging Co.,Ltd)၏ ခင်ပွန်း၊ ဦးကျော်စိုး(ဆ. သ. ရ-ငြိမ်း)- ဒေါ်တင်တင်ရွှေ(ဆ. သ. ရ)၊ ဦးလှစိုး(ပတခ-ငြိမ်း)-ဒေါ်စန်းစန်းဝင်း(DICA-ငြိမ်း)၊ (ဦးသန်းအေး)-ဒေါ်ခင်မြင့်စိုး(မွေးကုဦးစီး-ငြိမ်း)၊ (ဦးစိုးမင်း)-ဒေါ်သိင်္ဂီတို့၏အစ်ကို၊ မောင်အောင်ခန့်(2nd Mate)၏ဘကြီးသည် ၂၅-၇-၂၀၁၈ ရက် ညနေ ၆း၃၀ နာရီတွင် ရန်ကုန်အရှေ့ပိုင်း ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၁၈ (သောကြာနေ့) ညနေ ၄း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၁-၇-၂၀၁၈ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးခင်မောင်မြင့်

### လ/ထညွှန်မှူး-ငြိမ်း၊ ဆည်မြောင်း

### အသက် (၇၃) နှစ်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၃၄ × ၃၅ လမ်းကြား၊ ၇၀ ×၇၁ လမ်းကြား၊ မန်းမန္တလာအိမ်ရာ၊ အမှတ်(က-၅)နေ ဒေါ်မြင့်မြင့်သန်း(ဆည်မြောင်း-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမြတ်ကို(ကျောင်းအုပ်ကြီး၊ GTIအင်းစိန်)-ဒေါ်မိုးမိုးမြင့်၊ ဦးဇေဇေ (Maintaincnce Manager, PMI)-ဒေါက်တာလွင်လွင်နိုင်၊ ဦးငြိမ်းချမ်း (Century International Auto)၊ မောင်ညီညီလွင်တို့၏ ချစ်လှစွာသောဖခင်၊ မမြတ်ဝင့်ထည်၊ မမေပြည့်စုံတို့၏ချစ်လှစွာသောအဘိုးသည် ၂၅-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၃း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၇-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ကြာနီကန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီအစည်းအဝေး တက်ရောက်




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇူလိုင် ၂၆**

စာရင်းအင်း အချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီ အစည်းအဝေး (၁/၂၀၁၈) ကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီဝင်များ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ ဦးဝင်းခိုင်၊ ဦးခင်မောင်ချို၊ ဒေါက်တာသန်းမြင့်နှင့် ဦးစိုးဝင်း၊ ဒုတိယဝန်ကြီး ဦးသာဦး၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ

**စာမျက်နှာ ၅ ကော်လံ ၁ သို့** ☆

## မြစ်ရေကြီးမှု အခြေအနေ

**နေပြည်တော် ဇူလိုင် ၂၆**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် သုံးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ပေဝက်ခန့်ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် လေးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**စာမျက်နှာ ၉ ကော်လံ ၅ သို့** ○

## ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများ တောင်ပြိုလက်ဝဲမြို့၌ သတင်းရယူ

**မောင်တော ဇူလိုင် ၂၆**

ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများပါဝင်သော သတင်းအဖွဲ့သည် ယနေ့နံနက်ပိုင်းက မောင်တောခရိုင် တောင်ပြိုလက်ဝဲမြို့ နှစ်နိုင်ငံ နယ်စပ်တံတားသို့ မော်တော်ယာဉ်ဖြင့် သွားရောက်ကာ တာဝန်ရှိသူများအား ဒေသအခြေအနေနှင့်ပတ်သက်၍ မေးမြန်းသတင်းရယူကြသည်။

ယင်းမှတစ်ဆင့် တောင်ပြိုလက်ဝဲ ကြိုဆိုလက်ခံရေးစခန်းသို့ သွားရောက်ကာ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အဆင့်ဆင့် စီစဉ်ဆောင်ရွက်ထားမှုကို ကြည့်ရှုလေ့လာကြသည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့** ❖

## အာရှအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးအသင်း အုပ်စုများမဲခွဲ မြန်မာအသင်း ဆော်ဒီ၊ အီရန်၊ မြောက်ကိုရီးယားတို့နှင့် ယှဉ်ပြိုင်ရမည်

**ရန်ကုန် ဇူလိုင် ၂၆**

အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် (၁၈) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ၏ အမျိုးသားဘောလုံးအသင်းများ အုပ်စုမဲခွဲရာတွင် ကျန်ရစ်ခဲ့သည့် ယူအေအီးနှင့် ပါလက်စတိုင်းအသင်းအား ပြန်လည်ထည့်သွင်းရေးဆွဲခဲ့သည်။ မြန်မာအသင်းသည် အုပ်စုပြန်ခွဲသော်လည်း ယခင်အတိုင်း ဆော်ဒီ၊ အီရန်၊ မြောက်ကိုရီးယားတို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ဇူလိုင် ၅ ရက်က ပြုလုပ်သည့် အုပ်စုမဲခွဲရာတွင် ယူအေအီးနှင့် ပါလက်စတိုင်းအသင်း ကျန်ရစ်ခဲ့သောကြောင့် ကန့်ကွက်မှုများပြုလုပ်ခဲ့ပြီး ယင်းနှစ်သင်းကို မဲနှိုက်၍ကျသည့်အုပ်စုတွင် ထည့်သွင်းခဲ့ခြင်းဖြစ်သည်။ ယခင်က အုပ်စုအားလုံး ပြန်လည်မဲခွဲမည်ဟု ထုတ်ပြန်ခဲ့သော်လည်း နောက်ဆုံးတွင် ယူအေအီးနှင့် ပါလက်စတိုင်းနှစ်သင်းကိုသာ မဲနှိုက်ခဲ့ခြင်းဖြစ်ပြီး ပါလက်စတိုင်းအသင်းက အုပ်စု(က)၊ ယူအေအီးအသင်းက အုပ်စု(င)တွင် ပါဝင်ခဲ့သည်။ အာရှအားကစားပြိုင်ပွဲတွင် အုပ်စု(က)တွင် အင်ဒိုနီးရှား၊ ဟောင်ကောင်၊ လာအို၊ တရုတ် (တိုင်ပေ)၊ ပါလက်စတိုင်း၊ အုပ်စု(ခ)တွင် ထိုင်း၊ ဥဇဘက်ကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ ကာတာ၊ အုပ်စု(ဂ)တွင် အီရတ်၊ တရုတ်၊ တီမော၊ ဆီးရီးယား၊ အုပ်စု(ဃ)တွင် ဂျပန်၊ ဗီယက်နမ်၊ ပါကစ္စတန်၊ နီပေါ၊ အုပ်စု(င)တွင် တောင်ကိုရီးယား၊ ကာဂျစ္စတန်၊ မလေးရှား၊ဘာရိန်း၊ ယူအေအီး၊ အုပ်စု(စ)တွင် မြောက်ကိုရီးယား၊ ဆော်ဒီအာရေဗျ၊ အီရန်နှင့် မြန်မာအသင်းတို့ ပါဝင်နေသည်။ ပြိုင်ပွဲကျင်းပရေးကော်မတီသည် အုပ်စုများသာထုတ်ပြန်ထားပြီး ပွဲစဉ်များကို လက်ရှိအချိန်ထိ ထုတ်ပြန်ခြင်းမရှိသေးပေ။ ပြိုင်ပွဲကို ဩဂုတ် ၁၄ ရက်မှ စက်တင်ဘာ ၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**



၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့် မြန်မာအသင်း။

ASIA ROYAL CLINIC
အာရှတော်ဝင်ဆေးခန်း
အာရှတော်ဝင်ဆေးရုံကြီးမှ ပြန်လည်သန်စွမ်းရေးကုသမှုဆေးခန်း (Rehabilitation Clinic) အား
အမှတ် (၂၅) (အေ)၊ ရှင်စောပုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့တွင်
နေ့စဉ် နံနက် (၈)နာရီ မှ ည (၈)နာရီအထိ အသစ်ဖွင့်လှစ်၍ဝန်ဆောင်မှုများပေးလျက်ရှိကြောင်းကို
သတင်းကောင်းပါးအပ်ပါသည်။
asiaroyal@asiaroyalhospital.com, www.asiaroyalhospital.com
(+951) 2304999, (+951) 538055 Ext: (73554), (73555)
(+959) 443993331
Like us on Facebook Page



ပြန်လည်သန်စွမ်းရေးကုသမှု
(Rehabilitation)